# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် | ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (ဝ၆၄)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်စတင်ကြောင်း စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် စတင်ကြောင်းကြေညာခြင်း အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂

**ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီက ဦးဆောင်ကျင်းပသည့် ရန်ကုန်တက္ကသိုလ် ရာပြည့် အထိမ်းအမှတ်စတင်ကြောင်း ကြေညာခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင်အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။**

> “ ရန်ကုန်တက္ကသိုလ်ရဲ့ ပညာအရည်အချင်းမြှင့်တင်ရေးမှာ ဒီလို ပညာအမြော်အမြင်ရှိတဲ့ နိုင်ငံသားကောင်းတွေ၊ လူသားကောင်းတွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ဖို့ ရည်မှန်းချက်ထားရှိရမှာ ဖြစ်ပါတယ် ”

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာ ဖေမြင့်၊ ဦးမင်းသူ၊ ဒေါက်တာ အောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာ သန်းမြင့်၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာ မြင့်ထွေး၊ ဒေါက်တာ ဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းမော်ထွန်းနှင့် ဦးကျော်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ

*စာမျက်နှာ ၃ ကော်လံ ၁* ❇




# အတားအဆီးများ ဖယ်ရှား အခွင့်အရေးများ ဖော်ဆောင်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် မသန်စွမ်းသူဦးရေ တစ်ဘီလီယံ (သန်းတစ်ထောင်)ကျော်ရှိသည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင်မူ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း ( လူဦးရေ ၂ ဒသမ ၃ သန်းကျော်)သည် မသန်စွမ်းသူများ ဖြစ်ကြသည်ဟု ဆိုသည်။

မသန်စွမ်းသူဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ်တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည်ဟူ၍ ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့အပြင် မသန်စွမ်းမှုဆိုသည်မှာ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လှုပ်ရှားနိုင်မှု မရှိခြင်းကိုဆိုသည်ဟူ၍ ဖွင့်ဆိုထားသည်။

နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကျင်းပလျက်ရှိရာ ယခုနှစ်၏ ဆောင်ပုဒ်မှာ " The Future is Accessible " – "အတားအဆီးကင်းရေးမျှော်မှန်းလို့၊ မသန်စွမ်းလူ့အခွင့်အရေးဖော်ဆောင်စို့" ဟူ၍ဖြစ်သည်။ မသန်စွမ်းသူတစ်ယောက်အနေဖြင့် နေ့စဉ်ဘဝ ရှင်သန်လှုပ်ရှားရသည့်အခါတွင် အခက်အခဲအတားအဆီးများစွာတို့နှင့် ရင်ဆိုင်ကြရသည်။ ဥပမာ– ဘီးတပ်ကုလားထိုင်ဖြင့် သွားလာနေရသည့် မသန်စွမ်းသူတစ်ဦး ပညာသင်ယူရန်အတွက် အိမ်မှ ကျောင်းသို့သွားရသည့် ခရီးတစ်ခုကို စဉ်းစားပုံဖော်ကြည့်လျှင်ပင် နားလည်နိုင်သည်။ ဘီးတပ်ကုလားထိုင်ဖြင့် လူသွားစင်္ကြံ (ပလက် ဖောင်းများ)ပေါ်တွင် အဆင်ပြေပြေ၊ ချောချောမွေ့မွေ့သွားလာနိုင်ရန်၊ ဘတ်စ်ကား၊ မီးရထား စသည့် ယာဉ်ရထားများပေါ်သို့ လွယ်လွယ်ကူကူတက်ဆင်းနိုင်ရန်၊ ကျောင်းအဆောက်အအုံ၏ မည်သည့်အထပ်၊ မည်သည့်နေရာသို့ဖြစ်စေ အခြားသူ၏ အကူအညီမပါဘဲ သွားလာနိုင်ရန်လိုအပ်သကဲ့သို့ မသန်စွမ်းသူများ ထိုကဲ့သို့သွားလာနိုင်ရန် အများပြည်သူအသုံးပြုသည့် လမ်းတံတား၊ အဆောက်အအုံ၊လူသွားစင်္ကြံ ၊ ယာဉ်ရထား စသည်တို့တွင် မည်သို့သော မသန်စွမ်းသူများဖြစ်စေ လွယ်လွယ်ကူကူအသုံးပြုနိုင်ရန် စတင်ပုံစံထုတ် တည်ဆောက်စဉ်ကပင် ထည့်သွင်းစဉ်းစားတည်ဆောက်ကြရမှာ ဖြစ်သည်။

မသန်စွမ်းသူများ ရင်ဆိုင်ကြရသည့် နောက်ထပ်အတားအဆီးတစ်ခုမှာ လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းတို့၏ မသန်စွမ်းသူများအပေါ် ရှုမြင်မှုနှင့် သဘောထားတို့ဖြစ်သည်။ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ဉာဏ်ရည်ပိုင်း စသည်ဖြင့် ချို့ယွင်းအားနည်းနေသည့် မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံခြင်း၊ နှိမ်ချဆက်ဆံခြင်းတို့က မသန်စွမ်းသူများ၏ ပညာသင်ယူမှုအပေါ်တွင်လည်းကောင်း၊ အလုပ်အကိုင်ရှာဖွေရာတွင်လည်းကောင်း များစွာသက်ရောက်မှုရှိသည်။ အမှန်တကယ်အားဖြင့်မူ မသန်စွမ်းသူတို့အား ၎င်းတို့ တစ်ဦးချင်းစီနှင့် ကိုက်ညီမည့် ပညာသင်ကြားမှုပုံစံများဖြင့် လေ့ကျင့်သင်ကြားပေးခြင်း၊ မသန်စွမ်းတစ်ဦးချင်းစီ၏ အလုပ်လုပ်ကိုင်နိုင်မှုနှင့် ကျွမ်းကျင်မှုတို့နှင့် လျော်ညီသည့် အလုပ်အကိုင်များတွင် လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းအတွက် တစ်တပ်တစ်အား အထောက်အကူပြုသူများဖြစ်လာနိုင်ပြီး ၎င်းတို့အား ပြုစုရသည့် ဝန်ထုပ်ဝန်ပိုးများ လျော့ကျစေမည်ဖြစ်သည့်အပြင် မသန်စွမ်းသူများအဖို့လည်း မိမိကိုယ်ကိုယ် ယုံကြည်မှုများ ပိုမိုဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို ၂၀၁၁ ခုနှစ်က လက်မှတ်ရေးထိုးအတည်ပြုခဲ့သကဲ့သို့ ၂၀၁၅ ခုနှစ်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြဋ္ဌာန်း၍ မိမိနိုင်ငံသူ နိုင်ငံသား မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ အပြည့်အဝရရှိရေး၊ လူမှုဘဝလုံခြုံစိတ်ချရပြီး ဖွံ့ဖြိုးတိုးတက်စေရေး၊ ခွဲခြားဆက်ဆံမှုများ၊ နိုင်ထက်စီးနင်းအကြမ်းဖက်မှု၊ ခေါင်းပုံဖြတ်ခံရမှုတို့မှ ကာကွယ်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မသန်စွမ်းသူများ၏ ပညာသင်ကြားရေး၊ ကျန်းမာရေး၊ လွယ်ကူစွာသွားလာနိုင်ရေး၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်တို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ မသန်စွမ်းသူများ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စသည်တို့တွင်လည်း အခက်အခဲအတားအဆီးများကို ဖယ်ရှားကာ ဥပဒေနှင့်အညီ ဖော်ဆောင်ပေးခြင်းဖြင့် မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးများ အပြည့်အဝခံစားရရှိနိုင်ကြပါစေကြောင်း။ ။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (–၂)ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၆ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် မင်းတပ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မိုး/ဇလ

## ရာဇဝတ်အထူးအယူခံမှု (၄)မှုနှင့် တရားမအထူးအယူခံမှု(၁)မှု စီရင်ချက်ချမှတ်၊ တရားမအထူး အယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲက ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူး အယူခံမှု(၄)မှုနှင့် တရားမအထူး အယူခံမှု(၁)မှုကို စီရင်ချက် ချမှတ်သည်။ ထို့ပြင် တရားမအထူး အယူခံမှု (၅)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး(၆၃/၂၀၁၉) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး(၆၃/၂၀၁၉)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။(အပေါ်ပုံ)

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပြည်သူ့လွှတ်တော်၊တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)မှ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)မှ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-6) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်နေသော အလုပ်သမားများအတွက် တရားဝင်ရွှေ့ပြောင်း အလုပ်သမားများအဖြစ် သွားရောက်ရာတွင် ကြန့်ကြာနိုင်သောအဆင့်များအား လျှော့ချပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်ပလုပ်ငန်းခွင်များတွင် အလုပ်သမားများ၏ အမှုပြဿနာများ၊ လုပ်ငန်းခွင်အဆင်မပြေမှုများအား ဖြေရှင်းပေးနိုင်ရန် အကူအညီများ ပေးနိုင်ရေးကိစ္စများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

သတင်းစဉ်

## မြန်မာ – ဗီယက်နမ် ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

ဗီယက်နမ် ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနတို့အကြား ၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာကို တိုးမြှင့်အကောင်အထည်ဖော်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှကြီးမှူး၍ မြန်မာ–ဗီယက်နမ် ပညာရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။(ဝဲပုံ)




ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ ကျောင်းသူ ကျောင်းသားများနှင့် ပညာတော်သင်များအတွက် ဗီယက်နမ်နိုင်ငံမှထောက်ပံ့ပေးမည့် စီးပွားရေးလုပ်ငန်းများ၊ ဗီယက်နမ်တက္ကသိုလ်များမှ ပေးအပ်မည့် ပညာတော်သင် အစီအစဉ်များ၊ အခြားနိုင်ငံတကာ တက္ကသိုလ်များနှင့် တွဲဖက်ထောက်ပံ့ပေးသော သင်တန်းအစီအစဉ်များအပြင် ဗီယက်နမ်နိုင်ငံ၏ ပညာရေးစနစ်နှင့် နှစ်နိုင်ငံအကြား ပညာရေးပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်စတင်ကြောင်း ကြေညာခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

❊ *ရွှေဖုံးမှ*

ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားကျောင်းသူဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက "မြကျွန်းညိုညိုတက္ကသိုလ်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရာပြည့် အထိမ်းအမှတ်စတင်ကြောင်း စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ်နှစ် (၁၀၀)ပြည့်၊ ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင် "ဒီနေ့ဟာ ကျွန်မတို့ တက္ကသိုလ်အတွက် သာမက ကျွန်မတို့နိုင်ငံအတွက် အရေးပါတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာ့ပညာရေးလောကအတွက် အရေးပါတဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်ကာလမှာ ရာပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို အခုလို တက်ရောက်ပြီးတော့ အမှာစကား ပြောခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**စည်ကားသိုက်မြိုက်ခမ်းနားစွာ**

မြန်မာ့ပညာရေးသမိုင်းမှာ အစဉ်အလာကြီးမားလှတဲ့ ရန်ကုန်တက္ကသိုလ်ဟာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ စတင်ပေါ်ပေါက်ခဲ့ပြီး လာမယ့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ်ပေါင်း ၁၀၀ ပြည့်မြောက်တဲ့ ရာပြည့်သဘင်ကို ဆင်ယင်ကျင်းပနိုင်တော့မှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲသဘင်ကို ရာပြည့်ကာလဖြစ်တဲ့ ဒီနေ့ကစပြီး စည်ကားသိုက်မြိုက်ခမ်းနားထည်ဝါစွာနဲ့ တစ်ဆင့်ပြီး တစ်ဆင့် အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားကြမှာ ဖြစ်ပါတယ်။ ဒီလို ကြုံတောင့်ကြုံခဲဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲသဘင်အခမ်းအနားကြီးကို ဆင်ယင်ကျင်းပခွင့်ရတာဟာ ကျွန်မတို့ အားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာ အခွင့်ထူးကြီးပဲ ဖြစ်ပါတယ်။

သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဟာ နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်တစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်အသီးသီးရဲ့ မိခင်ကြီးလို့လည်း ဆိုလို့ရပါတယ်။ မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာခဲ့တဲ့ တက္ကသိုလ်အသီးသီးဟာ ရန်ကုန်တက္ကသိုလ်က တစ်ဆင့် ပေါက်ဖွားလာခဲ့တဲ့ တက္ကသိုလ်တွေ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကို စတင်တည်ထောင်စဉ်ကတည်းက အင်္ဂလန်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်ကြီးတွေရဲ့ စနစ်အတိုင်း စနစ်တကျ ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်ပြီး ပညာရပ်နယ်ပယ်မှာ တစ်ချိန်က အရှေ့တောင်အာရှမှာ အကောင်းဆုံး တက္ကသိုလ်တွေထဲမှာ တစ်ခုဖြစ်ခဲ့ပါတယ်။ တက္ကသိုလ်ရဲ့ ဥပမိရပ်ဟာ အင်းလျားကန်နောက်ခံ၊ ဘွဲ့နှင်းသဘင်အဆောက်အအုံ၊ သစ်ပုပ်ပင်၊ အဓိပတိလမ်း၊ ကျယ်ဝန်းတဲ့ တက္ကသိုလ်နယ်မြေတွေကြောင့် အရှေ့တောင်အာရှမှာ အလှပဆုံး တက္ကသိုလ်တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

**ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး**

ရန်ကုန်တက္ကသိုလ် ရာပြည့်ကာလမှာ ကျွန်မတို့ ဦးစားပေးဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေကတော့ ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးပဲ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ပြန်လည်မွမ်းမံတာတွေ၊ အဆင့်မြှင့်တင်တာတွေကို စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် လုပ်ငန်းကော်မတီတွေ၊ လုပ်ငန်းအဖွဲ့တွေ ဖွဲ့စည်းပြီး မဟာစီမံကိန်း (Master Plan) တစ်ခု ရေးဆွဲအကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ ဦးစီးကော်မတီ (Steering Committee) ဖွဲ့စည်းပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်။ လုပ်ငန်းအလိုက် ပညာအရည်အသွေးမြှင့်တင်ရေးကော်မတီ (Software Committee)၊ ရုပ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းရေးကော်မတီ (Hardware Committee) တွေကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

**ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိ တက္ကသိုလ်**

မဟာစီမံကိန်းအရ ရန်ကုန်တက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံ၊ စီမံခန့်ခွဲမှုကိစ္စတွေ၊ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကာလအခြေအနေနဲ့ ဆီလျော်ညီညွတ်မှုရှိအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်အရ ရန်ကုန်တက္ကသိုလ်ကို ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရတက္ကသိုလ် (Autonomous University) ဖြစ်စေဖို့ လိုအပ်တဲ့အချက်တွေကို ဖြည့်ဆည်းပေးလျက်ရှိပြီး မကြာခင်ကာလမှာ ရန်ကုန်တက္ကသိုလ်ဟာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိတဲ့ တက္ကသိုလ်ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

**နိုင်ငံတကာတက္ကသိုလ်များနဲ့ ပူးပေါင်း**

ရန်ကုန်တက္ကသိုလ်ရဲ့ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအဖြစ်နဲ့ မဟာဌာန စနစ် (Faculty System) ကိုထူထောင်ဖို့၊ သင်ရိုးညွှန်းတမ်းတွေကို ပြန်လည်ဆန်းစစ်ပြီး မွမ်းမံပြင်ဆင်ဖို့၊ လိုအပ်ချက်နဲ့အညီ ပြန်လည် ရေးဆွဲဖို့ စတဲ့လုပ်ငန်းတွေကို စီမံဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ဒါ့အပြင် အရည်အသွေး ပိုမိုမြင့်မား တိုးတက်လာစေဖို့၊ နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေဖို့၊ နိုင်ငံတကာတက္ကသိုလ်များနဲ့

*စာမျက်နှာ ၄ သို့*

**မဟာစီမံကိန်းအရ ရန်ကုန်တက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံ၊ စီမံခန့်ခွဲမှုကိစ္စတွေ၊ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကာလအခြေအနေနဲ့ ဆီလျော်ညီညွတ်မှုရှိအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိ။ ၂၀၁၅ ခုနှစ် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်အရ ရန်ကုန်တက္ကသိုလ်ကို ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရတက္ကသိုလ် (Autonomous University) ဖြစ်စေဖို့ လိုအပ်တဲ့အချက်တွေကို ဖြည့်ဆည်းပေးလျက်ရှိပြီး မကြာခင်ကာလမှာ ရန်ကုန်တက္ကသိုလ်ဟာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရှိတဲ့ တက္ကသိုလ်ဖြစ်လာတော့မှာဖြစ်**



ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်စတင်ကြောင်း ကြေညာခြင်းအခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက "မြကျွန်းညိုညို တက္ကသိုလ်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အကျိုးတူ ပူးပေါင်းဆောင်ရွက်ရာမှာ ထိထိရောက်ရောက် ဖြစ်စေဖို့၊ ကျောင်းသားများ ရွှေ့ပြောင်းပညာသင်ယူရေး (Student Mobility) ကိစ္စတွေမှာ လွယ်ကူချောမွေ့ အဆင်ပြေအောင် သင်ရိုးညွှန်းတမ်းတွေ၊ မူဝါဒတွေကို ပြုပြင်ပြောင်းလဲသွားမယ်လို့လည်း သိရပါတယ်။

**အီလက်ထရွန်နစ် စာကြည့်တိုက်**

အတွင်းပညာ အရည်အသွေး အာမခံမှုစနစ် (Internal Quality Assurance System) ကို ထူထောင်ရေး စီမံကိန်းတွေ၊ နိုင်ငံ့အကျိုးပြုအသုံးချ သုတေသနလုပ်ငန်းတွေ (Applied Research Activities)၊ အခြားနိုင်ငံတကာတက္ကသိုလ်များနဲ့ ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေ (Internationalization) ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ခေတ်ရဲ့လိုအပ်ချက်နဲ့အညီ အီလက်ထရွန်နစ် စာကြည့်တိုက် (e-Library) အဖြစ် ပြုစုပျိုးထောင်မယ့် အစီအစဉ်တွေကိုလည်း တွေ့ရပါလိမ့်မယ်။

ရပ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ရေးလုပ်ငန်းတွေအဖြစ် ကျန်းမာရေးနဲ့ပြည့်စုံပြီး သန့်ရှင်းသာယာလုံခြုံနွေးထွေးတဲ့ တက္ကသိုလ်ရပ်ဝန်းကျင်ကောင်းဖြစ်စေဖို့၊ တက္ကသိုလ်ဝန်းကျင်မှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့၊ အဓိပတိလမ်းတစ်လျှောက် သာယာလှပဖို့နဲ့ စိမ်းလန်းစိုပြည်ဖို့တို့ကို ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားဟောင်းကြီးတွေ၊ မိဘပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ ရန်ကုန်တက္ကသိုလ်ရဲ့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်အောင်၊ သမိုင်းဝင် အဆောက်အအုံတွေကို မထိခိုက်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင် ပြုပြင်ပြောင်းလဲရေးမှာ ရန်ကုန်တက္ကသိုလ် အစဉ်အလာနဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေကို မထိခိုက်စေဖို့ အထူးသတိပြုရမှာ ဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ရေးလုပ်ငန်းတွေမှာ သန့်ရှင်းတဲ့ ရေပေးဝေရေးစနစ်ဖြစ်စေဖို့၊ ရေစီးရေလာကောင်းစေဖို့၊ ရေဆိုးမိလ္လာစွန့်ပစ်စနစ် ကောင်းမွန်စေဖို့၊ လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျလုံခြုံမှုရှိစေဖို့ ဆောင်ရွက်မယ့်အစီအစဉ်တွေလည်း ပါရှိပါတယ်။

သင်ယူမှုသင်ကြားမှုကဏ္ဍအနေနဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွားလိုအပ်ချက်၊ ပညာရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့ သင်ရိုးညွှန်းတမ်းတွေဖြစ်အောင် လက်ရှိအသုံးပြုနေတဲ့ သင်ရိုးညွှန်းတမ်းတွေကို ပြန်လည်ဆန်းစစ်တာတွေ၊ အသစ်ပြန်လည်ရေးဆွဲတာတွေ၊ ပြုပြင်မွမ်းမံတာတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းတွေဟာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ၊ ကျောင်းပြောင်းသင်ယူမှုတွေကိုလည်း အထောက်အကူဖြစ်နိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ လူသားကောင်းများ မွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်မှာ ဖြစ်ပါတယ်။ ကျောင်းရွှေ့ပြောင်းသင်ယူနိုင်ပြီး တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရာမှာ လွယ်ကူအဆင်ပြေစေဖို့အတွက် ခရက်ဒစ် အမှတ်လွှဲပြောင်းတဲ့စနစ် (Credit Transfer System)ကိုလည်း အမြန်ဆုံး တည်ဆောက်ရမှာ ဖြစ်ပါတယ်။

**ပညာအမြော်အမြင်ရှိဖို့လို**

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်ရေးမှာ အဓိကအကျဆုံးလုပ်ငန်းကတော့ ပညာအရည်အချင်းမြှင့်တင်ရေးပဲ ဖြစ်ပါတယ်။ တက္ကသိုလ်ဆိုတာဟာ ပညာပေးတဲ့အဆင့်မြင့်ဌာနတစ်ခု ဖြစ်ပါတယ်။ ပညာပေးရာမှာ ပြီးပြည့်စုံတဲ့ လူသားကောင်းတစ်ယောက်ဖြစ်ဖို့ ရည်ရွယ်ရပါတယ်။ ဒီနေရာမှာ ပညာနဲ့ပတ်သက်ပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနိုင်မှာ ဖြစ်ပေမယ့် ကျွန်မအနေနဲ့ ပညာဆိုတာ လူသားတွေကို ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲစေခဲ့တဲ့ အမြော်အမြင်ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ပညာသင်ယူတယ်ဆိုတာ ဘဝမှာ ကိုယ်ကြုံတွေ့ရမယ့် အခြေအနေတွေကို မျှော်မှန်းပြီး ဘယ်လိုအခြေအနေတွေ ဖြစ်ပေါ်လာရင် ဘယ်လိုရင်ဆိုင်ကျော်လွှားမလဲဆိုတာကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီလိုဆုံးဖြတ်နိုင်ဖို့အတွက် ပညာအမြော်အမြင်ရှိဖို့ လိုပါတယ်။ စာတွေတတ်ပေမယ့် အမြော်အမြင်မရှိရင် ဘဝကို မှန်ကန်စွာရင်ဆိုင်နိုင်မှာ မဟုတ်ပါဘူး၊ စာတော်ပြီး အမြော်အမြင်ရှိမှသာလျှင် နိုင်ငံကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်၊ အကျိုးပြုမယ့်လူသားတွေကို အကျိုးပြုနိုင်မယ့်သူတွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ ပညာအရည်အချင်းမြှင့်တင်ရေးမှာ ဒီလို ပညာအမြော်အမြင်ရှိတဲ့ နိုင်ငံသားကောင်းတွေ၊ လူသားကောင်းတွေ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ဖို့ ရည်မှန်းချက်ထားရှိရမှာ ဖြစ်ပါတယ်။

**ထူးချွန်တဲ့လူငယ်တွေလက်ဆင့်ကမ်း**

ပညာရပ်နယ်ပယ်မှာ ဘယ်ဘာသာရပ်က ဘယ်ဘာသာရပ်ထက် ပိုပြီးတန်ဖိုးရှိတယ်ဆိုတာကို ယတိပြတ်ပြောလို့ မရပါဘူး။ ဘာသာရပ်တိုင်းဟာ သူ့နေရာနဲ့သူ တန်ဖိုးရှိတာပဲ ဖြစ်ပါတယ်။ ပညာအရည်အချင်း မြှင့်တင်ရေးမှာ ဘာသာရပ်တိုင်းကို ဖွံ့ဖြိုးတိုးတက်ဖို့ အားပေးမှသာ ပညာရပ်နယ်ပယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဘာသာရပ်တွေရဲ့ တန်ဖိုးရှိမှု မရှိမှုဟာ သုံးစွဲပုံပေါ်မှာ အင်မတန်မှမူတည်ပါတယ်။ ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် သုံးစွဲရင် တန်ဖိုးရှိပြီးတော့ မမှန်မကန် သုံးစွဲရင် အန္တရာယ်ဖြစ်လာမယ်ဆိုတာကို ကျွန်မတို့အားလုံး သိပြီးသားလို့ မျှော်လင့်ပါတယ်။ ရန်ကုန်တက္ကသိုလ်နဲ့တကွ တက္ကသိုလ် အသီးသီးမှာရှိတဲ့ ပညာရပ်တိုင်းကို ဟန်ချက်ညီညီနဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ အားပေးလုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ဘာသာရပ်အသီးသီးက ကျောင်းသူ ကျောင်းသားတွေကို ထူးချွန်ထက်မြက်လာအောင် ပြုစုပျိုးထောင်နိုင်မှ နိုင်ငံတော်ကဏ္ဍအသီးသီးရဲ့ တာဝန်တွေကို ထူးချွန်ထက်မြက်တဲ့ ဒီလူငယ်တွေက လက်ဆင့်ကမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်လာအောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ မဖြစ်သေးပါဘူး။ ဖွံ့ဖြိုးဆဲပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ လူငယ်တွေအပေါ်မှာ တာဝန်တွေ အများကြီးရှိသလို နိုင်ငံရဲ့အကျိုးထမ်းဆောင်ပုံအခွင့်အရေးတွေလည်း အများကြီးရမှာမို့လို့ ဝမ်းသာစေချင်ပါတယ်၊ ဂုဏ်ယူစေချင်ပါတယ်။

**လုပ်ငန်းကော်မတီ ၁၇ ခု ဖွဲ့စည်း**

မကြာခင်မှာ ကျရောက်တော့မယ့် ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်သဘင်ကြီးဟာ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ဆက်နွှယ်သူတွေအတွက် သာမက မြန်မာတစ်မျိုးသားအားလုံးအတွက် ဂုဏ်ယူစရာအချိန်အခါ ဖြစ်ပါတယ်။ ဒီ ရာပြည့်သဘင် အခမ်းအနားကြီးကို အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် လုပ်ငန်းကော်မတီ ၁၇ ခုကိုဖွဲ့စည်းထားပြီး ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

ဒီကနေ့ စတင်ဖွင့်လှစ်လိုက်တဲ့ ရာပြည့်အကြိုကာလကစပြီး နှစ်(၁၀၀)မြောက် ပြည့်တဲ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ ဒီလုပ်ငန်းကော်မတီတွေရဲ့ လုပ်ငန်းစဉ်တွေကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားကြပါ၊ ဒီလို ဆောင်ရွက်ရာမှာ လုပ်ငန်းစဉ်တွေကို မျိုးဆက်သစ်ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားဟောင်းကြီးတွေ၊ မိဘပြည်သူတွေကို ပွင့်လင်းမြင်သာစွာတင်ပြပြီး အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်လာအောင် ကြိုးပမ်းသွားကြပါ၊

*စာမျက်နှာ ၅ သို့*



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် ပါဝင်အားဖြည့်လှူဒါန်းသည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် ပါဝင်အားဖြည့်လှူဒါန်းသည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် ပါဝင်အားဖြည့်လှူဒါန်းသည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် ပါဝင်အားဖြည့်လှူဒါန်းသည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် ပါဝင်အားဖြည့်လှူဒါန်းသည့် အလှူရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်သဘင်အခမ်းအနားကြီးကို မြန်မာ့ပညာရေး အောင်ပွဲအဖြစ် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးလည်း ဆောင်ရွက်ပေးနိုင်ကြပါစေလို့လည်း မေတ္တာပို့သအပ်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် သမိုင်းကြောင်းဗီဒီယိုကို ပြသပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**အမှာစကားပြောကြား**

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမှာစကား ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် ကျင်းပ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီးများ ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီးများ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ် ဖွင့်လှစ်ခြင်းအခမ်းအနား တက်ရောက်ကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ခြင်းနှင့် ရန်ကုန်တက္ကသိုလ်မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုစကား ပြောကြားသည်။

**ဂုဏ်ပြုလက်မှတ်ပေးအပ်**

ယင်းနောက် ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် ပါဝင်အားဖြည့်လှူဒါန်းကြသည့် အလှူရှင်များအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်တင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ကြသည်။

**အမှတ်တရစကားပြောကြား**

ထို့နောက် ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းများဖြစ်သည့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာတင်အောင်အေး၊ ရုပ်ရှင်အနုပညာဖန်တီးသူ ဒါရိုက်တာဦးကြည်စိုးထွန်း၊ သဘင်ပညာရှင် စာရေးဆရာ ချစ်ဦးညို၊ ဂီတပညာရှင် ဒေါ်နွဲ့ယဉ်ဝင်း၊ စာပေပညာရှင် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ အားကစားထူးချွန်သူ ဦးနန္ဒကျော်စွာတို့က အမှတ်တရ စကားများ ပြောကြားကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်-ငြိမ်း) ဒေါက်တာအောင်သူက အခြေခံသိပ္ပံ ပညာထူးချွန်ဆုရ ကျောင်းသားဟောင်းများကိုယ်စား ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ် ဖြစ်ပေါ်လာမှုနှင့် လှူဒါန်းမှု ဖြစ်ပေါ်လာခဲ့ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် ကံ့ကော်ဥယျာဉ် အလှူရှင်များက လှူဒါန်းငွေနှင့် လှူဒါန်းမှုမှတ်တမ်းများအား ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းထံ ပေးအပ်သည်။

**ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ်ဖွင့်**

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဝင်း အမရဆောင်ရှေ့ မြက်ခင်းပြင်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူနှင့် ဦးကျော်တင်တို့ တက်ရောက်ကြသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်



ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ်ကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် အလှူရှင်များဖြစ်ကြသည့် ဒေါက်တာဇော်ဝင်းနှင့် ဦးစိုင်းမျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ်ကို ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းနှင့် အလှူရှင်များဖြစ်ကြသည့် ဒေါက်တာဇော်ဝင်းနှင့် ဦးစိုင်းမျိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများက ကမ္ဘည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းကာ ကံ့ကော်တောနှင့် ကံ့ကော်ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ တစ်နှစ်တာပတ်လုံး ကျင်းပသွားမည်ဖြစ်သည်။

**စည်ကားစွာကျင်းပမည်**

ယခု ရက်သတ္တပတ်တွင် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း၊ စာကြည့်တိုက်ရှေ့နှင့် သစ်ပုပ်ပင်တစ်ဝိုက်တွင် ရာပြည့်အကြိုအထိမ်းအမှတ် စာအုပ်ပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကိုလည်းကောင်း၊ အပန်းဖြေရိပ်သာတွင် ရန်ကုန်တက္ကသိုလ်၏ ဖြစ်တည်မှုသမိုင်းပုံရိပ်များကို ပြသထားသည့် ရာပြည့် အမှတ်သညာပွဲတော်ကိုလည်းကောင်း၊ တက္ကသိုလ်နှင့် ဆက်နွှယ်သော ရုပ်ရှင်ဇာတ်ကားများ၊ စကားဝိုင်းဆွေးနွေးပွဲများဖြင့် နံနက် ၁၀နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံတကာအဆင့်မီတက္ကသိုလ်**

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အခမ်းအနားကို မြန်မာနိုင်ငံ၏ ဂုဏ်ဆောင်တက္ကသိုလ်အဖြစ် ထိန်းသိမ်းမြှင့်တင်ရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူပြုစေရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် လိုက်လျောညီထွေဖြစ်သည့် အရည်အသွေးရှိသောတက္ကသိုလ်ပညာရေးကို ဖော်ဆောင်ရေး၊ ပညာအခြေပြုလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရေး၊ နိုင်ငံ့ကောင်းကျိုး၊ ကမ္ဘာ့ကောင်းကျိုးကိုဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်အဖြစ် ဦးတည်အကောင်အထည်ဖော်ရေး စသည့် ဦးတည်ချက်များဖြင့် ဆောင်ရွက်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးနှင့် သုတေသနအဆောက်အဦ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးနှင့် သုတေသနအဆောက်အဦဖွင့်ပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂

**ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးနှင့် သုတေသနအဆောက်အဦ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁)ဝင်းအတွင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာမြင့်ထွေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးနှင့် သုတေသနအဆောက်အဦကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာမြင့်ထွေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆေးပညာကျွမ်းကျင်မှုပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနအဆောက်အဦဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးလက်တွေ့ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစဉ်။

ဓာတ်ပုံ-သက်အောင်

### ထူးခြားတဲ့ အောင်မြင်မှုစတင်တဲ့နေ့

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင် "ဒီကနေ့ဟာ ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးနှင့် သုတေသနဌာနကြီးကို ဖွင့်လှစ်နိုင်ခဲ့တဲ့နေ့ဖြစ်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဆေးတက္ကသိုလ်များနဲ့ ဆေးနီးနွယ်တက္ကသိုလ်များရဲ့ သင်ကြားလေ့ကျင့်မှုသမိုင်းမှာ ထူးခြားတဲ့ အောင်မြင်မှုတစ်ခုကို စတင်တဲ့နေ့ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ အဓိကပါဝင်ဆောင်ရွက်နေကြတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ ဆေးဘက်ဆိုင်ရာပညာရှင်တွေ၊

*စာမျက်နှာ ၇ သို့*

**○ နိုင်ငံတော်ရဲ့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတွေမှာ အဓိက ပါဝင်ဆောင်ရွက်နေကြတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ ဆေးဘက်ဆိုင်ရာ ပညာရှင်တွေ၊ ကျန်းမာရေး ဝန်ထမ်းတွေအတွက် နိုင်ငံတကာအဆင့်မီ ဆေးပညာ ကျွမ်းကျင်မှု လက်တွေ့သင်ကြား လေ့ကျင့်မှုတွေ၊ သုတေသနလုပ်ငန်းတွေ စနစ်တကျ ပိုမိုတိုးတက် လုပ်ဆောင်နိုင်တော့မှာဖြစ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **စည်ပင်သာယာလုပ်ငန်းများဆောင်ရွက်ရာတွင် မလွတ်ကင်းသော ထရန်စဖော်မာများ၊ လျှပ်စစ်မီးတိုင်များ အချိန်မီရွှေ့ပြောင်းနိုင်ရန်အတွက် မည်သူကတာဝန်ယူဆောင်ရွက်မည်၊ မည်သည့်ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ကို မူဝါဒ၊ လုပ်ထုံးလုပ်နည်းတစ်ရပ် တိတိကျကျ ချမှတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မူလရှိပြီး လမ်းတံတား၊ လျှပ်စစ်ဓာတ်အားလိုင်း၊ ဆက်သွယ်ရေးတိုင်များအတွက် တိုးချဲ့တည်ဆောက်လိုသည့် ဌာနမှ ပြောင်းရွှေ့တည်ဆောက်ပေးရမည့်ဌာနအတွက် ကုန်ကျစရိတ်ကို တာဝန်ယူဆောင်ရွက်ပေးသွားရန် မူချမှတ်ထားရှိပြီးဖြစ်ပါကြောင်း၊ ယခင်ကာလများ၌ ထိုသို့ညှိနှိုင်းမှု အားနည်းခဲ့ခြင်းများကြောင့် ဥပမာတစ်ရပ်အနေဖြင့် စည်ပင်သာယာမှ လမ်းတိုးချဲ့ရာတွင် မိမိတို့၏ လျှပ်စစ်ဓာတ်တိုင်များ လမ်းပေါ်ရောက်ရှိကျန်နေခဲ့ပြီး နောက်ပိုင်းကာလများတွင် ဌာနဘတ်ဂျက်တောင်းခံ၍ ရွှေ့ပြောင်းပေးခဲ့ရမှုများရှိခဲ့ပါကြောင်းနှင့် နောင်တွင် အလားတူကိစ္စရပ်များကဲ့သို့ မဖြစ်ပေါ်စေရေးအတွက် ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်၏ **မိုင်းခတ်မြို့နယ် မိုင်းနုံးကျေးရွာအုပ်စုရှိ (ခမ်းနွံ့)ရေသွယ်မြောင်း ပေ ၁၁၅၀ နှင့် ဝမ်ခုတ်ကျေးရွာအုပ်စုရှိ (ဖိုင်တင်း) ပေ ၁၀၃၀ ရေသွယ်မြောင်းတို့ကို စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ကျောက်စီနံရံထိန်း ရေသွယ်မြောင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မိုင်းနုံးကျေးရွာအုပ်စုရှိ ခမ်းနွံ့ရေလွှဲဆည်အား ၂၀၁၇-၂၀၁၈ခုနှစ်က ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်ပေးခဲ့ပါကြောင်း၊ ဝမ်ခုတ်ကျေးရွာအုပ်စုရှိ ဖိုင်တင်းရေလွှဲဆည်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ အခိုင်အမာပြုပြင်တည်ဆောက်ပေးခဲ့ပါကြောင်း။

*စာမျက်နှာ ၁၀ သို့*



ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း



လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး

*စာမျက်နှာ ၆ မှ*

ကျန်းမာရေးဝန်ထမ်းတွေအတွက် နိုင်ငံတကာအဆင့်မီ ဆေးပညာကျွမ်းကျင်မှု လက်တွေ့သင်ကြား လေ့ကျင့်မှုတွေ၊ သုတေသနလုပ်ငန်းတွေ စနစ်တကျ ပိုမိုတိုးတက်လုပ်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။

ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာနကြီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ စတင်ဆောက်လုပ်ခဲ့ပြီး ၂ နှစ်နီးပါးအကြာမှာ တည်ဆောက်ပြီးစီးခဲ့တယ်လို့ သိရပါတယ်။

ယခုအခါမှာ အဆောက်အဦ တည်ဆောက်ပြီးစီးလို့၊ ပစ္စည်းကိရိယာများလည်း ဖြည့်တင်းပေးပြီးဖြစ်လို့ စတင်အကောင်အထည်ဖော် အသုံးပြုတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်က အဆောက်အဦအတွက် ခွင့်ပြုရန်ပုံငွေကျပ် သန်းကိုးထောင့်ရှစ်ရာကျော်၊ နိုင်ငံတကာနဲ့ ပြည်တွင်း၊ ပြည်ပအလှူရှင်များက လှူဒါန်းငွေနဲ့ ပစ္စည်းတန်ဖိုးငွေကျပ် သန်း နှစ်ထောင့်သုံးရာကျော် စုစုပေါင်းငွေကျပ် သန်းပေါင်း တစ်သောင်း နှစ်ထောင်ကျော် သုံးစွဲခဲ့တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ ဆေးပညာသင်ကြားမှုသမိုင်းမှာ အရင်ကမပေါ်ပေါက်ဖူးသေးတဲ့ ဒီလိုလေ့ကျင့်သင်ကြားရေး သုတေသနဌာနကြီးကို ပထမဆုံးအဖြစ် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ပရိဝုဏ်မှာ ထူထောင်နိုင်ခဲ့ခြင်းကို ဂုဏ်ယူပါတယ်။ ဒီဌာနကြီးဟာ မြန်မာနိုင်ငံမှာရှိတဲ့ ဆေးတက္ကသိုလ်နဲ့ ဆေးပညာနီးနွယ် တက္ကသိုလ် ၁၆ ခု၊ သူနာပြုနဲ့ သားဖွား သင်တန်းကျောင်း ၅၀ အတွက် အသုံးပြုဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။ မန္တလေးမှာလည်း အထက်မြန်မာပြည်အတွက် ဆောက်လုပ်မယ်လို့ သိရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီကိစ္စကိုလည်း ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက စိတ်အားထက်သန်စွာနဲ့ အကောင်အထည်ဖော်ဖို့ ကြိုးစားနေပါတယ်။

## တိုးတက်လာတဲ့နည်းပညာတွေ လေ့လာပြီး လက်တွေ့အသုံးချ

တကယ်တော့ ကျွန်မတို့နိုင်ငံရဲ့ ဆေးပညာသင်ကြား လေ့ကျင့်ရေးဟာ နိုင်ငံတကာအဆင့်မီအောင်တော့ ဆက်ပြီးကြိုးစားဖို့ လိုနေပါသေးတယ်။ ကျွန်မတို့ဟာ လုပ်ငန်းတစ်ခုမှာ နောက်ကျကျန်ရစ်ခဲ့ရင် ဘယ်လိုလိုက်မလဲ၊ ဘယ်နည်းလမ်းတွေနဲ့ လုပ်ကြမလဲ၊ နိုင်ငံတကာမှာ ဘယ်လိုလုပ်နေကြသလဲ ဆိုတာ လေ့လာရမှာ ဖြစ်ပါတယ်။ ဒီခေတ်ကြီးမှာ နည်းပညာတိုးတက်မှုတွေ မြန်ဆန်သလို ဆေးပညာရပ်ပိုင်းမှာလည်း အဆက်မပြတ် တိုးတက်နေပါတယ်။ ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ ကုသမှု အထောက်အကူပြုပညာရှင်တွေရဲ့ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေးဟာ လူနာတွေရဲ့ အသက်ရှင်သန်မှု၊ ရောဂါသက်သာပျောက်ကင်းမှု၊ ပြန်လည်ကျန်းမာသန်စွမ်းမှုတို့နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ အရည်အသွေးနဲ့ ကျွမ်းကျင်မှုမြှင့်တင်ရေး၊ တိုးတက်လာတဲ့ နည်းပညာတွေကို လေ့လာပြီး လက်တွေ့အသုံးချနိုင်ရေးဟာ စဉ်ဆက်မပြတ် လေ့လာနေရမယ့်ကိစ္စဖြစ်ပါတယ်။

နောက်အလေးထားရမယ့်ကိစ္စတစ်ခုကတော့ တက္ကသိုလ်တွေရဲ့ သုတေသနလုပ်ငန်းတွေပါ။ သုတေသနလုပ်ငန်းတွေဟာ တက္ကသိုလ်တွေရဲ့ ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကနေရာက ပါဝင်ပါတယ်။ သုတေသနလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ခြင်းဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေပါတယ်။

ကျွန်မဒီနေရာမှာ ပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံရဲ့ တက္ကသိုလ်တွေဟာ ကမ္ဘာ့တက္ကသိုလ်တွေနဲ့စာရင် အဆင့်မြင့်လာတယ်ဆိုပေမယ့် အာဆီယံနိုင်ငံက တက္ကသိုလ်တွေနဲ့စာရင် ကျွန်မတို့ အဆင့်ကနိမ့်သွားတယ်ဆိုတာ တွေ့ရပါတယ်။ ကျွန်မဒီကိစ္စကို မေးပါတယ်။ ကမ္ဘာ့တက္ကသိုလ်တွေနဲ့စာရင် အဆင့်မြင့်လာပြီး အာဆီယံတက္ကသိုလ်တွေနဲ့စာရင် ဘာကြောင့်အဆင့်နိမ့်သွားလဲဆိုတော့ တခြားအာဆီယံတက္ကသိုလ်တွေက တိုးတက်မှုက ပိုမြန်လို့ပါ။ ဘယ်ဘက်မှာပိုမြန်လဲဆိုရင် သုတေသနဘက်မှာ အဓိကပါ။ အဲ့ဒီဟာတွေက ကျွန်မတို့အတွက် အင်အားဖြည့်ဆည်းရမယ့်ကိစ္စတွေဖြစ်တယ်ဆိုတာ နားလည်ထားဖို့လိုပါတယ်။

ဆေးတက္ကသိုလ်အပါအဝင် ကျွန်မတို့နိုင်ငံရဲ့ တက္ကသိုလ်တွေဟာ သုတေသနလုပ်ငန်းပိုင်းနဲ့ ပတ်သက်ရင်နိုင်ငံတကာမှာ ပြောင်းလဲတိုးတက်နေတဲ့ ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းများ အသုံးပြုဖို့၊ သုတေသနနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးဆောင်ရွက်ဖို့ လိုပါတယ်။ နိုင်ငံတော်ကလည်း သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ရန်ပုံငွေများကို နှစ်စဉ် ပိုမိုဖြည့်ဆည်းပေးနေပါတယ်။ သုတေသနလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ သုတေသန ထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်းကို (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်မှစပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကို ရန်ပုံငွေများ အထူးပံ့ပိုးပေးနေပါတယ်။

လက်ရှိအခြေအနေမှာ ကျန်းမာရေးဝန်ထမ်းများဟာ နိုင်ငံတကာ သုတေသန ကွန်ဖရင့်တွေမှာ စာတမ်းတွေ ဖတ်နိုင်တာ၊ Presentation လုပ်တာတွေများလာတာကို တွေ့ရှိရပါတယ်။ ဆေးတက္ကသိုလ်တွေရဲ့ ဘွဲ့လွန် ကျောင်းသားတွေ၊ မဟာသိပ္ပံနဲ့ ပါရဂူသင်တန်းသား တွေကလည်း နိုင်ငံတကာအဆင့်မီ သုတေသနစာတမ်းတွေ ယခုထက် ပိုမိုထွက်ရှိဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာ ဆေးပညာရပ်နယ်ပယ်မှာ ယခုထက် ပိုမိုဝင်ဆံ့စေချင်ပါတယ်။

ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များက ဆေးသုတေသနဦးစီးဌာနနဲ့ အမျိုးသားဓာတ်ခွဲဌာနတွေနဲ့ ပူးပေါင်းပြီး ဆေးပညာရပ်ဆိုင်ရာ သုတေသနတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်စေချင်ပါတယ်။ အဲဒီနေရာမှာ စိတ်ဓာတ်မကျစေချင်ပါဘူး။ တခြားနိုင်ငံတွေနဲ့ ယှဉ်လိုက်လို့ရှိရင် နောက်ကရောက်နေတယ်ဆိုရင် ရှေ့မှာသွားစရာလမ်း ကျန်သေးတယ်လို့ ဒီလိုပဲယူဆပြီးတော့ ပိုမိုကြိုးစားပြီး စိတ်ဓာတ်အပြည့်အဝနဲ့ ထမ်းဆောင်စေချင်ပါတယ်။

ဆေးပညာရပ်ကျွမ်းကျင်မှုကို သင်ကြားလေ့ကျင့်ရတာ ထင်သလောက် မလွယ်ကူပါဘူး။ နာကျင်မှု၊ နွမ်းနယ်မှုတွေ ခံစားနေရတဲ့ တကယ့်လူနာတွေကို တိုက်ရိုက်ကိုင်တွယ်ပြီး လေ့ကျင့်သင်ကြားပေးတဲ့အခါ လူနာဘက်ကို ငဲ့ကွက်ရတဲ့ အခြေအနေတွေရှိတယ်။ ဒါကို နိုင်ငံတကာမှာ ဖြစ်ပျက်မှု အခင်းအကျင်းတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ လူနာပုံအရုပ်တွေ(Mannequin)၊ လှူဒါန်းထားတဲ့ ခန္ဓာကိုယ်တွေ၊ ဆေးပစ္စည်းကိရိယာနဲ့ လက်တွေ့မှာ ကြုံတွေ့ရမယ့် လူနာနဲ့ ရောဂါပုံစံတူ ဖန်တီးခြင်းပြုလုပ်ပြီး သင်လာကြတာတွေ တွေ့ရပါတယ်။ ဥပမာအားဖြင့် နည်းပညာတိုးတက်လာတဲ့အတွက် လေယာဉ်မှူးသင်တန်းတွေမှာ တကယ့်လေယာဉ် အစစ်နဲ့ တစ်ခါတည်း တက်မောင်းလေ့ကျင့်မယ့်အစား ဆင်မြူလေတာတွေနဲ့ ပုံစံတူပြုလုပ်လေ့ကျင့်တဲ့သင်ကြားမှုတွေ လုပ်ကြသလိုပါပဲ။ ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုပုံတူပြုလေ့ကျင့်ရေးနဲ့ သုတေသနဌာနကြောင့် ဆရာဝန်၊ သူနာပြုနဲ့ လူနာပါ အန္တရာယ်မရှိတဲ့လေ့ကျင့်မှုတွေကို မှန်ကန်သည်အထိ အကြိမ်ကြိမ် ပြုလုပ်လို့ရတဲ့ သင်ကြားမှုတွေ ခုဆိုလုပ်နိုင်တော့မှာ ဖြစ်ပါတယ်။

ဒ့ါပြင် ကျွန်မသိရသလောက် ဒီဌာနကြီးမှာ Clinical Skill လို့ခေါ်တဲ့ ကုသမှုစွမ်းရည်ပညာရပ်တွေကိုသာမက Non-Technical Skill လို့ခေါ်တဲ့ စုပေါင်းပြီး အစုအဖွဲ့နဲ့ လုပ်ဆောင်ခြင်းအတတ်ပညာ(Team Work)၊ ဆက်ဆံပြောဆိုမှု အတတ်ပညာ(Communication)၊ ခေါင်းဆောင်မှုပညာ(Leadership)၊ ခေါင်းဆောင်မှုပညာဆိုတာက ဌာနက ထည့်ချင်လို့သာ ထည့်ထားတာ။ ခေါင်းဆောင်လုပ်ချင်တဲ့ စိတ်ဓာတ်ကိုအားမပေးချင်ဘူး။ တချို့က ခေါင်းဆောင်ပဲလုပ်ချင်တယ်။ ကျွန်မက ပြောတယ်။ နောက်ကဘယ်သူလိုက်မှာလဲလို့။ ပူးပေါင်းဆောင်ရွက်ခြင်းပညာကို ပိုပြီးအသားပေးဖို့လိုပါတယ်။

စီမံခန့်ခွဲမှုပညာ (Management)၊ အတတ်ပညာရှင် စိတ်ဓာတ်(Professionalism)၊ ဆေးပညာကျင့်ဝတ် (Medical Ethics) တို့ကိုပါ သင်ကြားနိုင်တဲ့ ဌာနတွေ ပါတယ်လို့ သိရပါတယ်။ ဒါဟာ အင်မတန်ကောင်းပါတယ်။ သိမ်မွေ့ကျွမ်းကျင်မှု(Soft Skill)လို့ခေါ်တဲ့ ဒီအတတ်ပညာတွေဟာ နေရာတိုင်းမှာ လိုအပ်နေပါတယ်။

ဆရာဝန်ဆိုတာ ဆေးပညာရပ်ပိုင်း ကျွမ်းကျင်မှုပြည့်ဝလာတဲ့ ပညာရှင်သက်သက်မဟုတ်ဘဲ လူမှုပတ်ဝန်းကျင်ကို နားလည်တတ်ကျွမ်းမှုတွေလည်း ရှိဖို့ လိုအပ်တာကြောင့် ဒါတွေသင်ကြားဖို့စီစဉ်တာ အင်မတန်ကောင်းပါတယ်။ တစ်ခုတော့ရှိတယ် အရုပ်တွေနဲ့ကျတော့ လူမှုဆက်ဆံရေး သင်ဖို့ နည်းနည်းခက်ပါတယ်။

နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေသိဖို့၊ ပြဿနာတွေကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကိုသိဖို့ သုတေသနဟာအသက်ပဲဖြစ်ပါတယ်။ ဒီဌာနကြီးရဲ့ သုတေသနလေ့ကျင့် သင်ကြားရေးဌာနတွေမှာ ဆေးပညာဘွဲ့လွန်ကျောင်းသားတွေ၊ အထူးကုဆရာဝန်တွေ၊ ပါမောက္ခတွေဟာ မိမိတို့နဲ့ သက်ဆိုင်တဲ့ဘာသာရပ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ လူနာတွေရဲ့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်ဖို့၊ သုတေသနလုပ်ငန်းတွေကို တိုးမြှင့်လုပ်ဆောင်ကြဖို့ တိုက်တွန်းပါတယ်။ မိမိရဲ့ သုတေသနရလဒ်တွေကို ထုတ်ဝေနိုင်ဖို့၊ အသုံးချနိုင်ဖို့ ဆောင်ရွက်စေချင်ပါတယ်။

ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုပုံတူပြုလေ့ကျင့်ရေးနဲ့ သုတေသနဌာန အဆင်ပြေချောမွေ့စွာ လည်ပတ်ဖို့ လူ့စွမ်းအားအရင်းအမြစ်တွေ လေ့ကျင့်ထားတယ်လို့လည်း သိရှိရပါတယ်။ သို့သော် ရေရှည်တည်တံ့ အဆင်ပြေဖို့ဆိုရင် ကြီးကြပ်ကွပ်ကဲမှုပိုင်းမှာ စနစ်တကျလုပ်ဆောင်ဖို့ လိုအပ်ပါမယ်။ ဒ့ါအပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်ကြီးကြပ်မှုပေးပြီး လိုအပ်လာမယ့် သင်တန်းကုန်ကျစရိတ်တွေ၊ ဆေးဝါးကိရိယာတွေကို ဒီဌာနကြီးအတွက် ထောက်ပံ့ဖြည့်ဆည်းပေးဖို့ ပြည်ထောင်စုဝန်ကြီးကို ကျွန်မတစ်ခါတည်း ပြောကြားလိုပါတယ်။ ဒီဌာနကြီး အောင်မြင်စွာ လည်ပတ်ပြီး ရလဒ်ကောင်းတွေရလာဖို့ စနစ်တကျစီမံကြီးကြပ်ပြီး ပစ္စည်းအင်အား၊ လူအင်အားများ ဖြည့်တင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီသုတေသနနှင့် သင်တန်းဌာနကြီးကို အသုံးပြုသင်ကြားလေ့ကျင့်ကြမယ့် ဆရာ /ဆရာမများ၊ ကျောင်းသူ /ကျောင်းသားများ အနေနဲ့လည်း ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ အရည်အသွေးမြှင့်တင်ရေးအတွက် ကြိုးစားဆောင်ရွက်ပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

## နိုင်ငံတော်ရဲ့စီမံကိန်းတွေ တတ်နိုင်သလောက်ကူညီခြင်းကို တန်ဖိုးထား

ဒီဌာနကြီးပေါ်ပေါက်ရေးအတွက် နိုင်ငံတကာနဲ့ ပြည်တွင်းအလှူရှင်တွေကလည်း ထောက်ပံ့မှုတွေ အများကြီးပေးခဲ့တယ်လို့ ကျွန်မ သိရပါတယ်။ Cadaveric Laboratory ၊ Microsurgical Training Lab ၊ Simulation Operation Theatre ၊ Emergency Department ၊ Simulation Intensive Care Unit ၊ Labour Room ၊ Scope Simulator နဲ့ Research Laboratory အပြင် Audio Visual System တွေကို လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။ ကျွန်မအနေနဲ့ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ နိုင်ငံတော်ရဲ့ စီမံကိန်းတွေကို တစ်တပ်တစ်အား တတ်နိုင်သလောက်ကူညီခြင်းကို တန်ဖိုးထားပါတယ်။ ဒီဌာန ထူထောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းပေးခဲ့တဲ့ အဖွဲ့အစည်းနဲ့ လူပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ပါတယ်။

ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန်တို့ရဲ့ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ခဲ့တဲ့ ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာနကြီး အခွန့်ရှည်တည်တံ့ပြီး နိုင်ငံတော်ရဲ့ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတွေမှာ အကျိုးရှိရှိနဲ့ ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကိုလည်း ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေး နှင့် သုတေသန အဆောက်အဦ ပဉ္စမထပ်ရှိ Research Laboratory-1၊ စတုတ္ထထပ်ရှိ Simulation Lab နှင့် တတိယထပ်ရှိ Technical Skill Lab တို့တွင် သင်ထောက်ကူပစ္စည်းများနှင့် လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေး တက္ကသိုလ် (၁) ရန်ကုန်ဝင်းအတွင်း ဆောက်လုပ်ထားသည့် ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနအဆောက်အဦကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့က စတင်ဆောက်လုပ်ခဲ့ပြီး (ပေ ၁၉၂ x ၉၀) အကျယ်ရှိ ရှစ်ထပ်ခွဲ အဆောက်အအုံဖြစ်ပြီး သံကူကွန်ကရစ် အဆောက်အဦအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးနှင့် သုတေသန အဆောက်အဦကို ဆေးလက်တွေ့ကုသမှုများအတွက် လိုအပ်သော ကျွမ်းကျင်မှုများအား လေ့ကျင့်သင်ကြားနိုင်ရေး ၊ လူနာများ ဘေးကင်းလုံခြုံမှုပိုမိုရရှိရေး၊ နိုင်ငံတကာအဆင့်မီ လေ့ကျင့်သင်ကြားရေးဌာန ပေါ်ပေါက်လာစေရေး၊ ဆေးပညာဆိုင်ရာ ကျင့်ဝတ်များ ပညာရှင်ပီသသည့် အရည်အသွေးနှင့် ကျွမ်းကျင်မှုများ၊ လူမှုဆက်ဆံရေးများ ၊ အသင်းအဖွဲ့နှင့် ဆောင်ရွက်နိုင်မှုများ လေ့ကျင့်နိုင်ရေး၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များ၏ သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆေးပညာကျွမ်းကျင်မှုပုံတူပြု လေ့ကျင့်ရေးနှင့် သုတေသနအဆောက်အဦတွင် Non-Technical Skills သင်တန်းအမျိုးအစား (၉)မျိုးနှင့် Technical Skill သင်တန်းအမျိုးအစား (၁၆)မျိုးတို့ကို သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



ဒုတိယဝန်ကြီး ဦးကြည်မင်း ဖြေကြားစဉ်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမောင်ကျော်ဇံ မေးမြန်းစဉ်။



ဒုတိယဝန်ကြီး ဦးအောင်ထူး ဖြေကြားစဉ်။



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်း မေးမြန်းစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **ရခိုင်ပြည်နယ်အတွင်းရှိ ရှေးဟောင်းကျောက်ထွင်းဘုရားဂူ (၁၀)ဂူကို အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဒေသများစာရင်းတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ရခိုင်ပြည်နယ်အတွင်းရှိ ရှေးဟောင်း ကျောက်ထွင်းဘုရားဂူ (၁၀)ဂူသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသမဟုတ်ဘဲ ရှေးဟောင်းအဆောက်အအုံသာဖြစ်သဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ဒေသများစာရင်းအဖြစ် သတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်း၊ သို့ရာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းစောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အအုံများစာရင်းတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## တရားမဝင်ကုန်သွယ်မှုတားဆီးရေးနှင့်ပတ်သက်၍ အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် တိုင်းဒေသကြီး/ ပြည်နယ်(၉)ခုတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး တားဆီးမှုများကို ပြုလုပ်လျက်ရှိ

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ **နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် Illicit Trade / Conflict Economy (အထူးသဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်မှု)ကို မည်ကဲ့သို့ထိန်းချုပ်ထားသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာနိုင်ငံတွင် တရားမဝင်ကုန်သွယ်မှု ကြီးထွားနေခြင်းသည် အငြင်းပွားဖွယ်မရှိပါကြောင်း၊ ယင်းသို့ ဖြစ်ပေါ်နေခြင်းသည် မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် စာရင်းမဝင်ကဏ္ဍများမှ စာရင်းဝင်ကဏ္ဍများသို့ ကူးပြောင်းနေဆဲဖြစ်ခြင်း၊ မြန်မာနိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးမှုရရှိအောင် ကြိုးစားနေဆဲဖြစ်ခြင်းနှင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးစားနေဆဲဖြစ်ခြင်းစသည့် အခြေအနေများကြောင့် ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုတားဆီးရေးနှင့်ပတ်သက်၍ အိမ်နီးချင်း နိုင်ငံများနှင့် ထိစပ်နေသည့် တိုင်းဒေသကြီး/ ပြည်နယ်(၉)ခုတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး တားဆီးမှုများကို ပြုလုပ်လျက်ရှိပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင် အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံးတွင် ဖွင့်လှစ်ထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၀၁၉ခုနှစ် နိုဝင်ဘာ ၂၃ ရက်အတွင်း အမှုပေါင်း ၈၆၅ မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ စုစုပေါင်း ၁၃၂၀ ကို ဖမ်းဆီးအရေးယူခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးမျိုးစုံနှင့် တရားမဝင်လက်နက်များကိုလည်း သိမ်းဆည်းရမိခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားရှိပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ ဘိန်းအစားထိုး စိုက်ပျိုးရေးလုပ်ငန်းများ၊ ထိန်းချုပ်ဓာတုဗေဒ ကြီးကြပ်ရေးလုပ်ငန်းများ၊ သုံးစွဲမှုပပျောက်ရေး လုပ်ငန်းများ၊ ဆေးကုသရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ အသိပညာပေးရေးနှင့် ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောက်စိမ်း၊ သစ်၊ သတ္တုမှော်ခို ရောင်းဝယ်မှုများနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများခိုးယူထုတ်လုပ်မှု ပပျောက်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် တားဆီးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ရွှေနှင့်ဓာတ်သတ္တုများ တရားမဝင်တူးဖော်နေမှုများအား ကာကွယ်တားဆီးဖမ်းဆီးနိုင်ရေး စီမံချက်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ရုံး (၁၅)ရုံး၊ မြို့နယ်ရုံး (၂၆)ရုံး၊ OSS စခန်း (၁၅)ခု၊ မန္တလေးတိုင်းဒေသကြီး (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်းနှင့် ရေပူ/မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း (၂) ခုတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါကြောင်းနှင့် ယင်းလုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာနယ်ဇင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားစေလိုပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်၏ **နိုင်ငံတကာတွင် ခန့်အပ်ထားသောစီးပွားရေးသံမှူးများ ပို့ကုန်မြှင့်တင်ရေး အတွက် စိုက်ပျိုးသီးနှံများဈေးကွက်အသစ်ရရှိအောင် မည်သို့ဆောင်ရွက်ပေး နေသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးသံမှူး များအနေဖြင့် မြန်မာ့ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက် ထိုးဖောက်နိုင်ရေးနှင့် ပို့ကုန်တိုးမြှင့်နိုင်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ နိုင်ငံများ၏ ဈေးကွက်သတင်းအချက်အလက်များ၊ သွင်းကုန်တင်သွင်းခြင်း ဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ၊ လိုအပ်ချက်များ၊ စီးပွားရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာများ အား အချိန်နှင့်တစ်ပြေးညီ လေ့လာတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ထို့ပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် စီးပွားရေးဝန်းကျင်ဆိုင်ရာ အချက်အလက်များကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ သိရှိစေရန် အခါအားလျော်စွာ ရှင်းလင်းတင်ပြခြင်း၊ စုံစမ်း မေးမြန်းလာပါက ဖြေကြားခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း။

ထို့ပြင် စီးပွားရေးသံမှူးများအနေဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် စီးပွားရေး ဆိုင်ရာ သတင်းအချက်အလက်များ၊ ဈေးကွက်သတင်းအချက်အလက်များကို အပတ်စဉ်၊ လစဉ်၊ (၆)လတစ်ကြိမ်၊ (၁)နှစ် တစ်ကြိမ် အစီရင်ခံစာများ ပြုစုပေးပို့ တင်ပြစေလျက်ရှိပြီး အများပြည်သူသိရှိနိုင်ရန်အတွက် အပတ်စဉ်ထုတ်ဝေ လျက်ရှိသည့် စီးပွားကူးသန်းဂျာနယ်တွင် ဖော်ပြခြင်း၊ ဈေးကွက်သတင်းလွှာ အား အင်တာနက်တွင် နေ့စဉ်၊ လစဉ် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်/ ကုမ္ပဏီများမှ သိရှိလိုသည့် စုံစမ်းမေးမြန်းလာမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ညီနောင်အသင်းချုပ်များနှင့် ချိတ်ဆက်၍ ပြန်လည်ဖြေကြားခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြေကြားသည်။

## မတူပီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား မတူပီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တွဲဖက်ဖွင့်လှစ်၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထား

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် ၏ **ချင်းပြည်နယ်၊ မတူပီခရိုင် မတူပီမြို့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မကျင်းပမီ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဖွင့်လှစ် ရုံးထိုင်ပေးရန်နှင့် ရုံးခွဲ အဆောက်အဦကို အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမကျင်းပမီ မတူပီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအား မတူပီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် တွဲဖက်ဖွင့်လှစ်၍ ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါ ကြောင်း၊ မတူပီခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးဆောက်လုပ်ရန်ကိစ္စ နှင့်စပ်လျဉ်း၍ မတူပီမြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ မတူပီမြို့နယ်ရှိ ဖနိုင်နှင့် ငလိုင်ကျေးရွာအုပ်စုကြားတွင်ရှိသည့် မြေနေရာကို ခရိုင်အဆင့် ဌာနဆိုင်ရာ ရုံးများနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရန်အတွက် မြေဧရိယာ ဧက (၁၈၀)အတွင်းမှ ဧရိယာ (၀ ဒသမ ၄၁၃) ဧကကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) ဆုံးဖြတ်ချက် (၁၄)အရ မြေနေရာ သတ်မှတ်ပေးပြီးဖြစ်ပါသဖြင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးပိုင် မြေနေရာအဖြစ် ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြေနေရာရရှိပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ဘဏ္ဍာငွေရရှိပါက ခရိုင်ရုံးအဆောက်အအုံဆောက်လုပ်နိုင်ရေး ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ **သံတောင်ကြီးမြို့နယ်၊ သံတောင်မြို့၊ ပသီချောင်း နံဘေးတစ်လျှောက်တွင် ဇေကမ္ဘာကုမ္ပဏီမှ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲလမ်း၊ တံတား၊ ဈေးဆိုင်၊ ရေတံခွန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များ တရားဝင်မှု ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော် ကောင်စီဝင် ဦးညီထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံ လူမွဲခံယူ ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုလွှတ်တော် ၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြို့နယ်အသီးသီးတွင် အစိုးရ အဆက်ဆက် အသုံးပြုခဲ့သော လက်ရှိအသုံးပြုခြင်းမရှိတော့ဘဲ တဖြည်းဖြည်း ဟောင်းနွမ်းယိုယွင်းပျက်စီးနေပြီဖြစ်သည့် အဆောက်အဦများ တည်ရှိရာ ဝန်ကြီးဌာနပိုင်မြေများ၊ ကျေးရွာများရှိ စပါးဒိုင်အဆောက်အဦနှင့် မြေနေရာ များအား မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အများပြည်သူအကျိုးဖြစ်ထွန်းသောလုပ်ငန်းများ အကောင်အထည်ဖော်နိုင် ရန် မြို့ပြမြေရှားပါးမှုကိုဖြေရှင်းနိုင်ရန်အတွက် လည်းကောင်း၊ မြို့စီမံခန့်ခွဲခွင့်ရ မြေနေရာများ (City Land) အဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည် စွန့်လွှတ် လွှဲပြောင်းပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**တင်သွင်းရာတွင် မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ချက်ညီညီစနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ မြို့ပြ နှင့် ကျေးလက်ဒေသများတွင် မြေနေရာရှားပါးမှုပြဿနာကို ရင်ဆိုင်ကြုံတွေ့နေရ သည့်အတွက် အစိုးရအဆက်ဆက် အသုံးပြုခြင်းမရှိတော့သည့် ဝန်ကြီးဌာနပိုင် မြေနေရာများသည် မြို့ပြနှင့် ကျေးလက်ဒေသစီမံခန့်ခွဲခွင့်ရ မြေနေရာများ အဖြစ် အဆင်သင့်တည်ရှိနေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မြို့ပြနှင့် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့်အခါတွင် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် အများနှင့်ဆိုင်သည့် နေရာများသည် လည်း အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာပါကြောင်း။

မိမိတို့နိုင်ငံတွင် အများပြည်သူအတွက် အခမဲ့အပန်းဖြေအနားယူနိုင် သည့် နေရာများသည် မြို့နယ်တိုင်းတွင် လိုအပ်လျက်ရှိပြီးယင်းသို့ စိတ်အပန်း ဖြေအနားယူနိုင်မှသာလျှင် စိတ်ရောကိုယ်ပါကျန်းမာသည့် နိုင်ငံသူနိုင်ငံသား များအဖြစ် ရပ်တည်နေနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားတစ်ဦးချင်းစီအတွက် အများပိုင်၊ ပြည်သူပိုင်နေရာအကျယ်အဝန်း မည်မျှထားသင့်သည်ဟူသည့် စံသတ်မှတ်ချက်ကို မြို့နယ်တစ်ခုချင်းစီအလိုက် လိုအပ်နေကြောင်းကိုလည်း မြို့ပြစီမံကိန်းပညာရှင်များကအကြံပြုထားသည်ကိုလည်း လေ့လာဖတ်ရှုရပါ ကြောင်း၊ ထို့ကြောင့် မြို့ပြမြေနေရာရှားပါးမှုကို ဖြည့်ဆည်းနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်များသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းအပ်နှံ ပြီး မြို့ပြစီမံခန့်ခွဲခွင့်ရမြေယာများအဖြစ် ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးနိုင် ပါရန် နိုင်ငံအကျိုး၊ နိုင်ငံသူနိုင်ငံသားများ၏ အကျိုးကိုရှေးရှု၍ အဆိုတင်သွင်း အပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်က အဆိုအား ထောက်ခံပါကြောင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ က ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ ဆန္ဒရယူ၍ လွှတ်တော်က လက်ခံ ဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်း အဝေး ၁၁ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ထုတ်ပြန်ချက်အရ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မြန်မာ့အလင်း**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၄ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်**
**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ နောင်ပတ်ကျေးရွာ၏ အရှေ့ဘက်(၁)မိုင်ခန့် အကွာရှိ ယာယီမိုးကာတဲများတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၁၁-၂၀၁၉ ရက်နေ့တွင် ဗန်းမောက်မြို့နယ် နောင်ပတ်ကျေးရွာ၏ အရှေ့ဘက်(၁)မိုင်ခန့်အကွာရှိ ယာယီမိုးကာတဲအား ဝင်ရောက်ရှာဖွေရာ ကံကုန်းကျေးရွာနေ အိုက်ရော(၃၄)နှစ် (ဘ) ဦးတင်မောင်နှင့် အင်းတော်မြို့နယ်၊ အင်းရွာနေ လှခိုင်(၃၉)နှစ် (ဘ)ဦးဘဝင်းတို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မံစီကြီး) မယ (ပ)၄၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်၊ ပင်းမူကျေးရွာနေ ဝင်းဖေနှင့် ဒေါ်ခင်အေးတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၁၁-၂၀၁၉ ရက်နေ့တွင် ပင်လည်ဘူးမြို့နယ်၊ ပင်းမူကျေးရွာနေ ဝင်းဖေ(၅၅)နှစ် (ဘ)ဦးချွဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ဇနီးဖြစ်သူ ဒေါ်ခင်အေး(၅၁)နှစ်၊ (ဘ)ဦးမောင်အိမ်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား မမစ (ပင်လည်ဘူး) မယ(ပ)၈၅/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၅) ရပ်ကွက်နေ အာနိုး(ခ)ဖြိုးဝေထွန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၁-၂၀၁၉ ရက်နေ့တွင် ချောက်မြို့အဝင် ကားလမ်းပေါ်၌ ၎င်းမြို့၊ အမှတ်(၅)ရပ်ကွက်နေ အာနိုး(ခ) ဖြိုးဝေထွန်း(၂၃)နှစ်၊ (ဘ)ဦးကြည်မျိုးနှင့် အမှတ်(၁၃) ရပ်ကွက်နေ သူရိန်ဦး(ခ)တရုတ်ကြီး (၁၉)နှစ်၊ (ဘ) ဦးမင်းမင်းဦးတို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်(၂)စီးအား ရပ်တန့်စိစစ်စဉ် အာနိုး(ခ)ဖြိုးဝေထွန်းမှာ ဆိုင်ကယ်အားထားကာ ထွက်ပြေးသွားပြီး သူရိန်ဦး(ခ) တရုတ်ကြီး၏ လက်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ချောက်) မယ(ပ)၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ် (၅) ရေနံမီးသတ်ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၁၁-၂၀၁၉ ရက်နေ့တွင် ချောက်မြို့၊ အမှတ်(၅) ရေနံမီးသတ်ရပ်ကွက်နေ မြတ်ထိုက်(၂၇)နှစ်၊(ဘ)ဦးအောင်မိုးထိုက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ၎င်းမြို့၊ အမှတ်(၁၂) သံကန်ကုန်းရပ်ကွက်နေ မျိုးသီဟနိုင်(၂၀)နှစ်၊ (ဘ) ဦးတင်မျိုးဝင်း၊ မကွေးမြို့၊ ရန်ကျော်ရပ်ကွက်နေ ထူးဝေယံ(၂၃)နှစ်၊ (ဘ) ဦးသန်းဆွေတို့ (၃)ဦးအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ချောက်) မယ(ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) / ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အေးသာယာလမ်းတစ်လျှောက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၁၁-၂၀၁၉ ရက်နေ့တွင် စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်၊ အေးသာယာလမ်းနေ ဆန်းမြတ်နွယ်(၂၅)နှစ်၊ (ဘ) ဦးမောင်သန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ မိုးသူ(၂၆)နှစ်၊ (ဘ) ဦးကျော်သူ၊ ကျော်ညွန့်ဦး(၂၆)နှစ်၊ (ဘ)ဦးထွန်းအောင်ကျော်၊ စိုးမင်းထွန်း(၂၅)နှစ်၊ (ဘ) ဦးလှအေးမောင်၊ မင်းဂံရပ်ကွက်နေ ငြိမ်းချမ်းအောင်(၁၇)နှစ်၊ (ဘ)ဦးအောင်နေစိုးနှင့် ဆတ်ရိုးကျရပ်ကွက်နေ ဇင်မျိုးလှိုင်(၁၆)နှစ်၊ (ဘ) ဦးသန်းထွန်းလှိုင်တို့ (၆)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်တွေ) မယ(ပ)၄၀/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်နေ မအေးအေးမော်နှင့် ဇင်ကိုဦးတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၁၁-၂၀၁၉ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ) ရပ်ကွက်နေ မအေးအေးမော်(၂၉)နှစ်၊ (ဘ)ဦးတင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ စိုးလေး(ခ)သီဟစိုး(၃၁)နှစ်၊ (ဘ) ဦးစိုးဝင်းတို့ (၂) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်)မယ(ပ)၁၉၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်နေ ဇင်ကိုဦး(၃၁)နှစ်၊ (ဘ)ဦးမျိုးမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများအား သိမ်းဆည်းရမိသဖြင့် မမစ(အင်းစိန်) မယ(ပ)၁၉၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ အဖွားကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၁၁-၂၀၁၉ ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်၊ ကျောက်စိမ်းလမ်းနေ အဖွားကြီး(ခ)ဒေါ်လုံး (ခ)စန်းရီ (၇၃)နှစ်၊ (ဘ)ဦးလှဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သမီးဖြစ်သူ မချစ်သဲဦး(၂၄)နှစ်၊ (ဘ) ဦးကျော်စွာဝင်းတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၄၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၃၀-၁၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၇၃) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၁၁၈)ဦး၊ မ(၂၁၉)ဦး၊ ပေါင်း(၁၃၃၇)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၁၄၆.၈၄၉၄)ဂရမ်၊ ICE (၁၃၄၇.၃၂) ဂရမ်၊ ဘိန်း(၃၉၉၉၉.၆၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၈၉.၉၂)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၃၀၁၉၆)ပြား၊ ဆေးခြောက် (၈၄၀၆.၅၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်ရှိ လမ်းများနှင့် မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ရှိ မိုင်းဆတ် - တာချီလိတ်လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့သို့စစ်ဆေးစဉ် လွယ်ဆန်ဆုံတောင်ထိပ်၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရဇော်က မိုင်းဆတ် - တာချီလိတ် လမ်း၏အတက်အဆင်းမတ်စောက်သည့် တောင်ကုန်းများတွင် ပြေပြစ်အောင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်က တောင်ကြောရှောင်ကွင်းလမ်း ဖောက်လုပ်ပါက ကုန်ကျစရိတ်များနိုင်သည့်အတွက် လက်ရှိလမ်းကို လမ်းသားအကျယ် ပေ ၄၀ နှင့် ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းရန် လျာထားမှု၊ အတက်အဆင်း မတ်စောက်သည့်နေရာတွင် ကွန်ကရစ်ခင်းမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မိုင်းဆတ် - တာချီလိတ်လမ်းသည် အရှည် ၉၇ ဒသမ ၇၆ ကီလိုမီတာရှိပြီး လက်ရှိ လမ်းအမျိုးအစားမှာ ကတ္တရာလမ်း ၁၁ ဒသမ ၃၆ ကီလိုမီတာ၊ ကျောက်လမ်း ၅၆ ဒသမ ၄ ကီလိုမီတာ၊ အမာခံလမ်း ၂၂ ဒသမ ၇ ကီလိုမီတာနှင့် မြေလမ်း ၇ ဒသမ ၃ ကီလိုမီတာရှိ၍ လမ်းပေါ်တွင် Box Culvert နှင့် Pipe Culvert ၁၀၇ စင်း၊ ပေ ၅၀ အောက် တံတား ၁၂ စင်း၊ ပေ ၅၀ မှ ၁၀၀ အထိ တံတား လေးစင်း၊ ပေ ၁၀၀ မှ ၁၈၀ အထိ တံတား သုံးစင်းနှင့် ပေ ၁၈၀ အထက် တံတားတစ်စင်းရှိပြီး အဆိုပါ တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်၍ မိုင်းဆတ်မှ တာချီလိတ်သို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရှေ့ပြေးစီမံကိန်းဖြင့် ဆောင်ရွက်နေသော တာချီလိတ်မြို့ နယ် ယန်းကျောက် - ကော်မယ်လိတ်- မလိပါကော် - ဇေလေလန် ကျေးလက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းစခန်းရှင်းလင်းဆောင်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးတို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ယန်းကျောက် - ကော်မယ်လိတ် - မလိပါကော် - ဇေလေလန် ကတ္တရာလမ်းကို ရှေ့ပြေးစီမံကိန်းဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ၅ မိုင်၊ ၂၀၁၈-၂၀၁၉ မူလရန်ပုံငွေဖြင့် ၂ မိုင် ၄ ဖာလုံနှင့် ဖြည့်စွက်ရန်ပုံငွေဖြင့် ၃ ဖာလုံ စုစုပေါင်းလမ်းအရှည် ၇ မိုင် ၇ ဖာလုံရှိပြီး ကျိုင်းတုံ - တာချီလိတ်လမ်းမကြီးနှင့် မဲယန်း - ပါဆာ- စံဖူးလမ်းမကြီးတို့နှင့် ချိတ်ဆက်သွားလာနိုင်ကာ ဒေသထွက်ကုန်များကို မြို့ပြသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်မည့်အပြင် ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၁၃၀၉ အိမ်နှင့် လူဦးရေ ၇၆၄၈ ဦးတို့ကို အကျိုးပြုမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်ခရိုင် လမ်းဦးစီးဌာနမှ တာချီလိတ် မြို့ရှောင်လမ်းမြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)၌ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှု၊ တာချီလိတ်မြို့ရှောင်လမ်းနှင့် မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတားအမှတ် (၂)တို့ ချိတ်ဆက်မည့် လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဦးဆောင်သောအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ


**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရွေးကောက်ပွဲစနစ်များနှင့် စပ်လျဉ်း၍ နားလည်မှုပိုမိုတိုးမြှင့်ရေးဆိုင်ရာ လေ့လာရေးခရီးစဉ်အဖြစ် ယမန်နေ့ ည ၁၁ နာရီ ၅၅ မိနစ်က ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်မှ တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ခရီးစဉ်မှာ ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်



ဒုတိယဝန်ကြီး ဦးလှကျော်



မိုင်းခတ် မဲဆန္ဒနယ်မှ ဦးစဲကီကော်

*စာမျက်နှာ ၇ မှ*

အဆိုပါရေပေးမြောင်းများသည် မြေမျက်နှာပြင် အနိမ့်အမြင့်အခြေအနေအရ တောင်ကမ်းပါးအခြေမှပတ်၍ တူးဖော်ထားရသဖြင့် မိုးရာသီတွင် ရေတိုက်စား၍ တောင်ကမ်းပါးယံမြေသားများ ပြိုကျသည့်အတွက် မြောင်းပိတ်ဆို့မှုများ ဖြစ်ပေါ်ပါကြောင်း၊ တောင်သူများအနေဖြင့် နှစ်စဉ်ပြုပြင်ရလျက်ရှိပြီး စိုက်ပျိုးရေ အခက်အခဲများလည်း ဖြစ်ပေါ်လျက်ရှိသည့်အတွက် ကျောက်စီရေမြောင်းအဖြစ် အခိုင်အမာပြုပြင်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ခမ်းနွဲ့ ရေပေးမြောင်းအတွက် ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၈၅ သန်း၊ ဖိုင်တင်း ရေပေးမြောင်းအတွက် ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၇၅ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ငွေကျပ် သန်း ၁၆၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

## ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် လွှတ်တော်ကတိကဝတ်လုပ်ငန်းများပြားပြီး ရန်ပုံငွေလိုအပ်ချက်လည်း များပြားသည့်အခြေအနေရှိသည့်အလျောက် ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်မည့်ဘဏ္ဍာနှစ်ကို ဖော်ပြရန် အခက်အခဲရှိသော်လည်း အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အတွင်း ဦးစားပေးလုပ်ငန်းအစီအစဉ်များအရ ရန်ပုံငွေထည့်သွင်းလျာထားဆောင်ရွက်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း၏ **၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၁၂)ကို ဖောက်ဖျက်ကျူးလွန်သူများအား ဥပဒေအရ အပြစ်ပေးနိုင်ရန်အလို့ငှာ နည်းဥပဒေကို ပြင်ဆင်ခြင်းနည်း သို့မဟုတ် တရားစွဲဆိုမည့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကို တာဝန်ပေးအပ်ခြင်းနည်းနှစ်မျိုးမှ တစ်မျိုးမျိုးကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၁၂)ကို ဖောက်ဖျက်ကျူးလွန်သူများကို ဥပဒေအရ အပြစ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်စီမံဆောင်ရွက်သွားရန်ရှိပါကြောင်း၊ မည်သည့် လယ်ယာမြေပေါ်တွင်မဆို ကျူးလွန်သူများကို အရေးယူနိုင်ရန် တည်ဆဲ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၁၂)၏ ခြေဆင်းတွင် ပြဋ္ဌာန်းထားသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ဆိုသည့် စကားရပ်အား မည်သူမဆို ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်နိုင်ရေးအတွက်လည်း ပြင်ဆင်ပြဋ္ဌာန်းမည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် ထည့်သွင်း၍ စီမံဆောင်ရွက်ထားရှိပါကြောင်း၊ ယင်းဥပဒေကိုလည်း လွှတ်တော်သို့ တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **စဉ့်ဝင်ကျေးရွာအုပ်စု စေတီဖြူ ရွာနှင့် ရွာသစ်ကျေးရွာသို့ သွယ်တန်းဖြန့်ဖြူးပေးထားသော လျှပ်စစ်ဓာတ်အားများ အပြည့်အဝအသုံးပြုရန်နှင့် နောင်ခမ်းကျေးရွာသို့ လျှပ်စစ်ဓာတ်အား ဆက်လက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်တို့ကို သိလိုခြင်း** မေးခွန်း၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၏ **ဖာပွန်မြို့ လျှပ်စစ်ဓာတ်အားသွယ်တန်းနိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းကလည်းကောင်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **မြေပုံမြို့နယ် ကုက္ကိုကျေးရွာအုပ်စု၊ ထုံးကျိန်လွင်ပြင် လယ်သမားတာ ပြီးမြောက်ရေးအတွက် မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၏ **ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ဖိုင်ပါဆန်ဆည်ရေတားဆည်တမံအသစ်တစ်ခုနှင့် ဆည်ရေသွင်းမြောင်းအား ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်ကလည်းကောင်း ရှင်းလင်းဖြေကြားသည်။

## အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောကွဲလွဲသည့် အချက် ၇ ချက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍** ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၁၀ ချက်၊ ထပ်မံပြင်ဆင်ရန် တင်ပြချက် ၃ ချက်၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်းထားရှိမည့် အချက် ၄ ချက်တို့ကိုတင်ပြပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ သဘောထားရယူ၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိသော အချက် ၇ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သဘောကွဲလွဲသည့် အချက် ၇ ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဦးသိန်းတန်က ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် အားနည်းချက်၊ အားသာချက်များကိုအခြေခံပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များကို လှိုက်လှဲစွာကြိုဆိုပါကြောင်းနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ ပိုမိုသွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားပါမည်ဟု အလေးအနက်ကတိပြုပါကြောင်းကို အစီရင်ခံတင်ပြအပ်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ကော်မတီဝင် ဦးအောင်စိုးက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ကော်မတီဝင် ဦးအုန်းလွင်က ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## "သွေးချင်းနီးလော့"

❈ ကျားဆွဲမလို့
နွားကွဲဖို့အချိန်စောင့်
အဖျက်အမှောင့်တွေက
ကြည့်တတ်မှ မြင်နိုင်တယ်။
❈ နွားမကွဲသမျှ
ကျားဆွဲမရဘူး
ပူးပူးကပ်ကပ်
အနာဂတ်ခရီး
"သွေးချင်းနီးလော့"
စည်းလုံးခြင်းအင်အား
အထင်အရှားပြဖို့ လိုနေပြီ။ ။

ဟသ်ာတမြင့်ငွေ

**"ဝ" အထူးဒေသ(၂)က နိုဝင်ဘာ ၂၇ ရက်စွဲဖြင့် သဘောထားထုတ်ပြန် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအစိုးရကို အပြည်ပြည်ဆိုင်ရာ တရားရုံးထံသို့**
**တရားစွဲသည့်ကိစ္စအပေါ် "ဝ" ပြည်နယ်**
**သွေးစည်းညီညွတ်ရေးပါတီ၊ "ဝ" ပြည်နယ် ပြည်သူ့အစိုးရ၊ "ဝ"ပြည်နယ်**
**သွေးစည်းညီညွတ်ရေး တပ်မတော်၏ သဘောထား ထုတ်ပြန်ကြေညာချက်**

**၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်**

ဂမ်ဘီယာသမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို အပြည်ပြည်ဆိုင်ရာ တရားရုံးထံ တရားစွဲဆိုသည့် အမှုကိစ္စအပေါ် "ဝ" ပြည်နယ်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ သဘောထားရပ်တည်ချက်ကို ထောက်ခံပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအနေဖြင့် ကိုယ်စားလှယ်အဖွဲ့ကို ကိုယ်တိုင်ဦးဆောင်ပြီး နယ်သာလန်နိုင်ငံ The Hague မြို့သို့ သွားရောက်ချေပပြောဆိုတုံ့ပြန်မှုဖြင့် ပြည်ထောင်စု၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ထိန်းမည့် လုပ်ဆောင်ချက်အား လေးစားစွာဂုဏ်ယူအပ်ပါသည်။

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်၏ အခြေအနေသည် ရှုပ်ထွေးပြီး သမိုင်းကြောင့် ချန်လှပ်ခဲ့သော ပြဿနာမှာ နှစ်ပေါင်း(၂၀၀)နီးပါးကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ နယ်မြေရောယှက်ခြင်း၊ ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး စသည့် ရှုပ်ထွေးသော ပဋိပက္ခများကို မည်သည့်ဘက်လိုက်မှုမျိုးမဆို (သို့မဟုတ်) မသင့်လျော်သော နိုင်ငံတကာစွက်ဖက်မှုသည် ရခိုင်ပြည်နယ်၏ အခြေအနေအား မတည်မငြိမ်ဖြစ်မှုနှင့် ရှုပ်ထွေးမှုများ ပိုမိုဖြစ်စေလာနိုင်ပါသည်။

"ဝ"ပြည်နယ်အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပဋိပက္ခကို တရားမျှတမှုမရှိသော မည်သည့်ဖြေရှင်းဆောင်ရွက်ချက်မဆို ကန့်ကွက်ပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းများအနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်တွင် အတည်ပြုထားသော နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးအခြေခံမူကိုလိုက်နာ၍ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းကိုင်တွယ်သည့်မူအပါအဝင် အပြန်အလှန်လေးစားမှုအခြေခံပြီး သက်ဆိုင်ရာနှစ်ဖက်နိုင်ငံနှင့် ကြားဝင်စေ့စပ်ပေးသော နိုင်ငံတို့မှ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှတဆင့် ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းရန်စေတနာမှန်ဖြင့် မျှော်လင့်အပ်ပါသည်။

ပြည်ထောင်စုနိုင်ငံအတွင်း သက်ဆိုင်သည့်အဖွဲ့များအနေဖြင့်လည်း ဉာဏ်ရည်ထက်မြက်စွာ စိတ်ရှည်သဘောထားကြီးသည့် နည်းလမ်းဖြင့် ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။ သက်ဆိုင်ရာများမှ ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုသည့်ဆန္ဒဖြင့် အတူတကွ ပူးပေါင်းကြိုးပမ်းသွားလျှင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကို ပြေလည်စွာဖြေရှင်းနိုင်မည်ဖြစ်ကြောင်း "ဝ" ပြည်နယ်အနေဖြင့် ယုံကြည်ပါသည်။




# တတိယအကြိမ် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂**

တတိယအကြိမ်မြောက် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နှစ်ပေါင်း ၃၀ အတွင်း အထူးသဖြင့် ပြီးခဲ့သည့်ဆယ်နှစ်အတွင်း စတုတ္ထစက်မှုတော်လှန်ရေးဟုခေါ်သည့် ဒစ်ဂျစ်တယ်နည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်လာပါကြောင်း၊ အကျိုးဆက်အနေဖြင့် နယ်ပယ်အားလုံးတွင် များစွာသက်ရောက်မှုရှိလာခဲ့ပါကြောင်း။

ယနေ့ခေတ် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှုအရေအတွက်သည် နိုင်ငံလူဦးရေထက်ပင် များပြားပါကြောင်း။ ထို့အတူ ပြည်သူအများ၏ ဘဝနေထိုင်မှုပုံစံသည်လည်း များစွာပြောင်းလဲလာပါကြောင်း၊ သတင်းအချက်အလက်များနှင့် ဖျော်ဖြေရေးအစီအစဉ်များကို မိုဘိုင်းဖုန်းများပေါ်တွင် ရယူလာနေကြပြီဖြစ်ပါကြောင်း။ လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်သည့်ပုံစံနှင့် ပြည်သူအများနှင့် ဆက်သွယ်ဆောင်ရွက်မှုပုံစံသည်လည်း ပြောင်းလဲခဲ့ပြီဖြစ်ပါကြောင်း၊ ပြည်သူ့ဆက်ဆံရေး ( Public Relations) နှင့် သုတေသနနည်းနာနိဿယများ (Research Methodology) သည်လည်း တိုးတက်ပြောင်းလဲလာပါကြောင်း၊ သတင်းအချက်အလက်ကို မည်သို့ရှာဖွေ စုဆောင်းပြီး မည်သို့ သုတေသနပြုမည်၊ ရလဒ်များကို မည်သို့ခွဲခြမ်းစိတ်ဖြာပြီး မည်သို့အသုံးချမည် စသည့်သတင်းအချက်အလက်များ စီမံခန့်ခွဲမှုကို ကောင်းစွာနားလည်တတ်ကျွမ်းရန် လိုအပ်ပါကြောင်း၊ စွမ်းရည်မြှင့်တင်ရေး (Capacity Building) သည် ပြီးဆုံးသည်ဟူ၍ မရှိဘဲ ပြောင်းလဲနေသည့် ခေတ်စနစ်အခြေအနေနှင့်အညီ လိုက်ပါနိုင်အောင် စဉ်ဆက်မပြတ် ကြိုးစားနေရန် လိုအပ်ပါကြောင်း။

ယနေ့ သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များသည် နိုင်ငံ့ဝန်ထမ်းများအတွက် များစွာအဖိုးတန်အသုံးဝင်လှပါကြောင်း၊ နောင်နှစ်တွင်လည်း ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်နိုင်ရန်နှင့် သင်ကြားမည့် ဘာသာရပ်များကိုလည်း ပိုမိုပြည့်စုံကောင်းမွန်အောင် ကြိုးစားသွားမည် ဖြစ်ပါကြောင်း။

သင်တန်းသားများအနေဖြင့် သင်တန်းတွင် အာရုံစူးစိုက်ကာ နားမလည် မရှင်းလင်းသည်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းတင်ပြဆွေးနွေးကြစေလိုပါကြောင်း၊ သင်တန်းမှရရှိလာသည့် အသိပညာ၊ ဗဟုသုတများကိုလည်း ဌာနအတွက်၊ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ထိထိရောက်ရောက်အသုံးချပြီး သင်တန်းတက်ရောက်ခွင့် မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ထပ်ဆင့်မျှဝေစေလိုပါကြောင်းပြောကြားသည်။ ထို့နောက် Konrad Adenauer Stiftung (KAS) ၏ လက်ထောက်စီမံကိန်းမှူး ဒေါ်ခင်သူဇာထွန်းက KAS ၏ ဦးတည်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Panna Institute မှ ပညာရပ်ဆိုင်ရာအကြံပေး ဒေါက်တာ တင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် တတိယအကြိမ် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်သင်တန်းကို ဒီဇင်ဘာ ၆ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ အရာထမ်း၊ အမှုထမ်း ၅၁ ဦး တက်ရောက်ကြသည်။ ပထမအကြိမ် သုတေသနနည်းနာနိဿယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်သင်တန်းကို ဇွန်လတွင် ဖွင့်လှစ်ခဲ့ပြီး ဒုတိယအကြိမ်သင်တန်းကို အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့သည်။

**သတင်းစဉ်**

**မြန်မာ့မွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်(မ.အ.ဖ) ဌာနချုပ်က နိုဝင်ဘာ ၂၈ ရက်စွဲဖြင့် သဘောထားထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။**

အဆိုပါ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရက်စွဲ - ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်။

**မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက**
**တရားစွဲထားခြင်းနှင့်စပ်လျဉ်း၍ (မ.အ.ဖ)ဌာနချုပ်၏ သဘောထားထုတ်ပြန်ချက်**

၁။ မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက "လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ ကွန်ဗင်းရှင်း - ၁၉၄၈" တို့အရ လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်းများကို ချိုးဖောက်ခြင်းအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ တာဝန်ရှိကြောင်း တရားစွဲဆိုခဲ့ပါသည်။

၂။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ အပြည်ပြည်ဆိုင်ရာတရားရုံး၏အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ စွဲဆိုမှုကို တာဝန်သိစွာဖြင့် တုံ့ပြန်ဖြေရှင်းမည်ဖြစ်ပါသည်။

၃။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အကျိုးစီးပွား၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်နှင့် တရားရုံးစွဲဆိုခြင်းနှင့် ပတ်သက်၍ အရေးကိစ္စရပ်အားလုံးကို ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်ဖြေရှင်းရန်အတွက် စိတ်အားထက်သန်စွာဖြင့် နိုင်ငံတော်၏ ကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ဦးဆောင်၍ သွားရောက်မည်ဖြစ်ပြီး၊ တပ်မတော်ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်မည့်ကိစ္စတို့ကို **မြန်မာ့မွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် (မ.အ.ဖ)**က ကြိုဆိုထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။

၄။ အမှုကိစ္စအဖြာဖြာစုံစမ်းစစ်ဆေးရာတွင် မှန်ကန်မျှတ၍ မြန်မာနိုင်ငံတော်၏ အကျိုးစီးပွားအဝဝတို့ ဖြစ်ထွန်းလာပါစေကြောင်း ထပ်ဆင့်ဆုတောင်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ့မွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်
(မ.အ.ဖ)ဌာနချုပ်
ရန်ကုန်မြို့



# သမဝါယမတက္ကသိုလ်(သန်လျင်) HRD သင်တန်းများ၏ ဒီပလိုမာလက်မှတ်အပ်နှင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

သမဝါယမတက္ကသိုလ်(သန်လျင်) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး မှုသင်တန်းကြီးကြပ်မှုကော်မတီနှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်သည့် Advanced Diploma in Business Management သင်တန်းအမှတ်စဉ် (၇) (၈)နှင့် Higher Diploma in Business Management သင်တန်းအမှတ်စဉ်(၈)(၉)တို့၏ ဒီပလိုမာလက်မှတ်အပ်နှင်းပွဲကို နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သမဝါယမတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ဒီပလိုမာလက်မှတ်များ အပ်နှင်းချီးမြှင့်သည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်မျိုးဆက်သစ်မောင်မယ်များ၏ ပညာရည်မြင့်မားအောင်ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းရေးသည် အဓိကလိုအပ်လျက်ရှိကြောင်း၊ အစိုးရဌာနဖြစ်စေ၊ ပုဂ္ဂလိကအလုပ်ဖြစ်စေ၊ မျိုးဆက်သစ်လူတော်လူကောင်းများ စဉ်ဆက်မပြတ်ထွန်းကားနေပါမှ နိုင်ငံတော်ရှိ လုပ်ငန်းအသီးသီး၏ ယန္တရားများလည်း ကောင်းမွန်စွာလည်ပတ်နိုင်မည်ဖြစ်ကြောင်း၊ သမဝါယမတက္ကသိုလ် (သန်လျင်) ကလည်း လူငယ်များ၏ မျက်မှောက်ခေတ်ပညာရေးကို လိုက်မီအောင် အချိန်တိုအတွင်း ဘာသာရပ်ဆိုင်ရာသိအပ်တတ်အပ်သည်များကို သင်ယူတတ်မြောက်နိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အရည်အချင်းပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ အမြောက်အမြား ပေါ်ထွက်လာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ဘွဲ့ရလူငယ်များအနေဖြင့် ဘာသာရပ်များတွင် ကျွမ်းကျင်နှံ့စပ်ရုံမျှမက ကိုယ်ကျင့်တရားမှန်ကန်ကောင်းမွန်သော၊ ဗလငါးတန်ပြည့်ဝသော လူတော်လူကောင်းများဖြစ်လာကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ ရခိုင်ပြည်နယ်တွင် ရှင်းလင်းပြောကြား




**နေပြည်တော် ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့် ပတ်သက်၍ ရှင်းလင်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် ပြုလုပ်သည်။ **(ယာပုံ)**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က ယနေ့ အခမ်းအနားသည် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့် ပတ်သက်၍ လာရောက်အသိပေးရှင်းလင်းခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဓိကဦးတည်ချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် လိုက်လျောညီထွေရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးသည် အပြန်အလှန်ဆက်စပ်နေပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး များစွာနောက်ကျနေပါက ပဋိပက္ခ ဖြစ်ပွားမှုများပြားပါကြောင်း။

### ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မိမိတို့ဝန်ကြီးဌာနက ရေရှည်လုပ်ငန်းစဉ်အဖြစ် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြင့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာပါက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ချမှတ်ထားကြောင်း၊ အဆိုပါစီမံကိန်းနှင့် ချိတ်ဆက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး၍ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူရကြောင်း၊ ပဋိပက္ခများကြောင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် ပြည်တွင်းနေရပ်စွန့်ခွာကြသူများရှိကြောင်း၊ ထို့အတွက် ယာယီခိုလှုံရာစခန်းများ ဖွင့်လှစ်ရပါကြောင်း၊ အဆိုပါစခန်းများသည် ကာလကြာရှည်ပါက နိုင်ငံတော်ကကြိုးပမ်းလျက်ရှိသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားပြုမည်ဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားအဆင့်မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲခဲ့ကြောင်း၊ မဟာဗျူဟာရှိမှသာ စီမံချက်များဖော်ထုတ်ပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေခွဲဝေမှုတွင် ထည့်သွင်းနိုင်မည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင်လည်း အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အစိုးရက ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားသဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ (၄)ခုအနက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

### ရေရှည်အတွက် မျှော်မှန်း

၂၀၁၈ ခုနှစ်မှစတင်၍ အဆိုပါ အမျိုးသားအဆင့် မဟာဗျူဟာကို စတင်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လတ်တလောပြည်တွင်းနေရပ် စွန့်ခွာသူများအတွက်လည်း လစဉ်ထောက်ပံ့မှုများ ပေးအပ်လျက်ရှိကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ငွေကျပ် (၁ ဒသမ ၈) ဘီလီယံကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း၊ ယာယီခိုလှုံရာစခန်းများရှိ နေရပ်စွန့်ခွာနေရသူများကို ငွေကြေးထောက်ပံ့မှုများသာမက မှီခိုကင်းစွာနှင့် ကိုယ်တိုင်ရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်မှာ အရေးကြီးကြောင်း၊ မဟာဗျူဟာကိုအခြေခံ၍ လုပ်ငန်းစဉ်များရေးဆွဲကြရာတွင် ပြည်နယ်တစ်ခုနှင့်တစ်ခု လိုအပ်ချက်များ မတူညီကြသည့်အတွက် သက်ဆိုင်ရာဒေသများရှိ ပြည်သူများ၏ လိုအပ်ချက်များနှင့်ကိုက်ညီအောင် ရေရှည်အတွက် မျှော်မှန်းပြီး အားလုံးကပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မဟာဗျူဟာရေးဆွဲ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် မဟာဗျူဟာကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက မြေပုံ၊ ကျောက်ဖြူမြို့များရှိ စခန်းများကို စတင်ပိတ်သိမ်းနိုင်ရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်နိုင်ရေး၊ နေရပ်စွန့်ခွာသူများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ လုံခြုံရေး၊ လွတ်လပ်စွာသွားလာခွင့်ရရှိရေး၊ ပြည်နယ်အဆင့်လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် ပြည်သူ့အခြေပြုအဖွဲ့အစည်းများ ပါဝင်ရေး၊ ပြန်လည်နေရာချထားရေးကိစ္စရပ်တွင် ငွေကြေးသုံးစွဲမှုအခြေအနေတို့နှင့် ပတ်သက်၍ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ IDP Camp များမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြစ်ကြသော ဝံလက်ဖောင်ဒေးရှင်း၊ မေတ္တာရေစင်အမျိုးသမီးအဖွဲ့၊ ရခိုင်အမျိုးသမီးအစည်းအရုံး၊ စစ်တွေတက္ကသိုလ်ကျောင်းသားသမဂ္ဂ၊ ချင်းလူမှုရေး၊ Charity Youth Organization၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်ကြသော UNFPA, UNHABBITAT, UNWOMEN, UNDP,UNRCO, UNHCR, UNICEF, UNOCHA, SI, MRCS, ICRC, ACF, IFRC, DRC,RI, IRC, NRC, MAUK, Mercycrops, Oxfam, WHO, Plan, SCI, FAO, Christian Aid, UNDSS, UNOPS, WFP, IOM, LWF တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄ ) မူကြမ်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) မူကြမ်း ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနား၌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံး ပထမအကြိမ် မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉) ကို UNDP ၏ အကူအညီဖြင့် ၂၀၁၅ ခုနှစ်မှစတင်၍ ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းအရ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် စီမံကိန်းကာလ ပြီးစီးမည်ဖြစ်သည့်အတွက် ဒုတိယအကြိမ် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ကို USAID (PRLM–Promoting Rule of Law in Myanmar)၏ ပံ့ပိုးကူညီမှုဖြင့် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် USAID (PRLM) နှင့် ပူးပေါင်းကာ ၂၀၁၉ မတ်လ ၂၂ ရက်မှစ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းဆိုင်ရာ အရည်အချင်းတိုးတက်အားကောင်းလာစေရေး (HICD–Human and Institutional Capacity Development) ကို ကနဦးလေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ပါကြောင်း။

၂၀၁၅-၂၀၁၉ မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပေါ် UNDP ကလည်း လေ့လာသုံးသပ်ချက်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းလေ့လာဆန်းစစ်မှုမှ ရရှိသော အားနည်းချက်၊ အားသာချက်များ၊ အကြံပြုချက်များအပေါ် အခြေခံ၍ နောက်ထပ် ငါးနှစ်တာကာလအတွက် မဟာဗျူဟာစီမံကိန်း(၂၀၂၀-၂၀၂၄) ကို ထပ်မံရေးဆွဲခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ အရည်အသွေးပိုမိုမြင့်မားလာစေရန်၊ ပြည်သူနှင့် နိုင်ငံတော်အတွက် ပိုမိုကောင်းမွန်ထိရောက်သော ဥပဒေအကြံဉာဏ်များပေးနိုင်ရန်၊ ပြည်သူများအတွက် တရားမျှတမှုဖော်ဆောင်ပေးနိုင်ရန်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး အများပြည်သူ ပိုမိုအားကိုးယုံကြည်သည့် အဖွဲ့အစည်း တစ်ခုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဤစီမံကိန်းကို ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။




အခမ်းအနားသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စု ဥပဒေအထောက်အကူပြုအဖွဲ့နှင့် တရားလွှတ်တော်ရှေ့နေများကောင်စီတို့မှ အဖွဲ့ဝင်များ၊ အစိုးရဌာနအဖွဲ့အစည်းများမှ အရာရှိကြီးများ၊ USAID (PRLM)မှ Chief of Party နှင့် ဖိတ်ကြားထားသည့် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ရန်ကုန်ဘဏ်ခွဲ၌ စက်သစ်များ တပ်ဆင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ဂျာမနီနိုင်ငံမှထုတ်လုပ်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ စက်သစ်များတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် ကမ္ဘာ့ဘဏ်ချေးငွေအစီအစဉ်ဖြင့် ဝယ်ယူထားသော ဂျာမနီနိုင်ငံ Giesecke & Devrient Co, Ltd. မှ ထုတ်လုပ်သော ငွေစက္ကူများအား မြန်ဆန်စွာ စစ်ဆေးရေတွက်ခြင်း၊ အတုအစစ် ခွဲခြားခြင်းနှင့် ပြန်လည်သုံးစွဲသင့်သော ငွေစက္ကူအား ခွဲခြားခြင်းနှင့် ထုပ်ပိုးနိုင်ခြင်းလုပ်ငန်းစဉ်များကို အလိုအလျောက် ဆောင်ရွက်နိုင်မည့် Bank Note Processing Machine BPS–M7 စက်များတပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်များတပ်ဆင်မှု၊ နေရာချထားမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် လုံခြုံမှုရှိရေးတို့ကို တာဝန်ရှိသူတို့အား မှာကြားသည်။

**သတင်းစဉ်**

# ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် ပြည်ပငွေလွှဲ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်၊ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ တပ်ဖွဲ့မှူးနှင့် အရာထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံရုံးနှင့် ဂျပန်နိုင်ငံ သံရုံးတို့မှ ကိုယ်စားလှယ်များနှင့် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများ၊ လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က အမှာစကားပြောကြားပြီး(ဝဲပုံ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနနှင့် ငွေကြေးမူဝါဒရေးရာနှင့်ဘဏ်လုပ်ငန်း ဥပဒေစည်းမျဉ်းဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က ပြည်ပငွေလွှဲလုပ်ငန်းဆောင်ရွက် ခွင့်ပြုခြင်းဆိုင်ရာ စည်းမျဉ်းကို ရှင်းလင်းဆွေးနွေးခြင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး (Anti–money Laundering/ Counter Financing of Terrorism– AML/CFT) နှင့်စပ်လျဉ်း၍ နိုင်ငံတကာ စံသတ်မှတ်ချက်များ၊ ငွေလွှဲလုပ်ငန်းလုပ်ကိုင်မည့်သူများအနေဖြင့် (AML/CFT) ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက မေးမြန်းသည့် သိရှိလိုသည့် အချက်များကို သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း အဌမအကြိမ်မြောက် ကလေးစာပေပွဲတော်(လေးမျက်နှာ) ဖွင့်ပွဲ ကျင်းပ

**လေးမျက်နှာ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကလေးစာပေပွဲတော်များကို ဆက်လက်ကျင်းပလျက်ရှိရာ အဌမအကြိမ်မြောက် ကလေးစာပေပွဲတော်(လေးမျက်နှာ)ဖွင့်ပွဲ အခမ်းနားကို ယနေ့ နံနက် ၉ နာရီက လေးမျက်နှာမြို့(အထက)ကျောင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်၊ လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်တို့က ကလေးစာပေပွဲတော်(လေးမျက်နှာ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။(ယာပုံ)

ထို့နောက် ဖွင့်ပွဲအခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို (အထက)လေးမျက်နှာ ဒုဋ္ဌဝတီခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ယနေ့ဖွင့်လှစ်သည့် ကလေးစာပေပွဲတော်တွင် ကလေးများစာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန်၊ ပညာဗဟုသုတရောလူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်၊ ကျောင်းနေအရွယ် ကလေးငယ်များ ကလေးစာပေပွဲတော်နှင့် ပတ်သက်၍ ကျယ်ပြန့်စွာသိရှိပြီး အများစုပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးအစိုးရအနေဖြင့် ၂၆ မြို့နယ်အတွက် တစ်မြို့နယ်ကို သိန်း ၃၀ စီ ပံ့ပိုးပေး သကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာန ကလည်း မြို့နယ်တိုင်းကို ကလေး များအတွက် ကလေးစာပေစာအုပ် ၇၀၀ စီနှင့် MRTV၊ မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာ၊ ပြန်ကြားရေးဝန်ကြီး ဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော MOI နှင့် Myanmar Digital News တို့တွင်သတင်းများ၊ ကြော်ငြာများဖြင့် ဝေဝေဆာဆာထည့်သွင်း ဖော်ပြပေးခဲ့ပါကြောင်း၊ လေးမျက်နှာမြို့နယ် အနေဖြင့် မိမိတို့မြို့တွင် ကျင်းပသည့် ပွဲတော်ကို စည်စည်ကားကား ဖြစ်အောင် အဘက်ဘက်က ပြည့်ပြည့်စုံစုံ ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်ကို တွေ့ရသည့်အတွက် အထူးပင် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူ များသည်ခန်းမအတွင်း အခြေခံပညာကျောင်းများ၏ ကလေးစာပေပွဲတော် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော် (အထက)လေးမျက်နှာရှိ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်း၊ ထူးချွန်ထင်ရှား လေးမျက်နှာသားများ ပြခန်း၊ မြို့နယ်အဆင့် အခြေခံပညာ ပညာရေးလုပ်သားများ သမဂ္ဂကျောင်းစာကြည့်တိုက် ပြခန်း၊ မြို့နယ်ရဲတပ်ဖွဲ့ပြခန်း၊ မြို့နယ်မီးသတ် တပ်ဖွဲ့ပြခန်းများနှင့် စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲ၊ ကလေးစာဖတ်ခန်း၊ ပုံပြော၊ ကဗျာရွတ်၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အရုပ်ဆက်၊ ပန်းချီဆွဲ၊ ဆေးရောင်ခြယ်၊ စက္ကူခေါက်၊ အားကစားပြိုင်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကျင်းပနေမှုများကို ကြည့်ရှု အားပေးကြသည်။

တိုင်းဒေသကြီးအတွင်း၌ အဌမအကြိမ်မြောက်ကျင်းပသည့် ကလေးစာပေပွဲတော် (လေးမျက်နှာ)ကို ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




## ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းအငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသတင်းများ

## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ Arnis အဖွဲ့ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်ခြောက်ခု ထပ်မံဆွတ်ခူး

**ကလာ့ခ် ဒီဇင်ဘာ ၂**

ဆီးဂိမ်း Arnis ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းက ကလာ့ခ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာ Arnis အဖွဲ့ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်ခြောက်ခု ထပ်မံဆွတ်ခူး ရရှိခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့တွင် Pedded Stick (ဖော့တုတ်)အတိုက် အမျိုးသား လေးပွဲ၊ အမျိုးသမီးလေးပွဲ ကျင်းပခဲ့ပြီး ပြိုင်ပွဲအားလုံးတွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ငွေတံဆိပ်နှစ်ခုကို အမျိုးသမီးတစ်ဦးချင်း (+၅၅/၆၀) ကီလိုတန်းတွင် မိုးမိုးအေး၊ အမျိုးသမီးတစ်ဦးချင်း (+၅၀/၅၅)ကီလိုတန်းတွင် မော်မော်ဦးတို့က ရရှိပြီး ကြေးတံဆိပ်ခြောက်ခုကိုမူ အမျိုးသား (၅၅)ကီလိုအောက်တွင် နေလင်းဦး၊ (+၅၅/၆၀) ကီလိုတန်းတွင် တင်ကို၊ (+၆၅/၇၀) ကီလိုတန်းတွင် ကျော်သူရိန်ထွန်း၊ (+၆၀/၆၅) ကီလိုတန်းတွင် အောင်ခိုင်လင်း၊ အမျိုးသမီး (၅၅) ကီလိုအောက်တွင် ဝတ်ရည်ချို၊ (+၆၀/၆၅)ကီလိုတန်းတွင် အယ်ရီးလာမင်းနိုင်တို့က ရယူနိုင်ခဲ့သည်။


မိုးမိုးအေး


မော်မော်ဦး

မြန်မာ Arnis အဖွဲ့သည် ဒုတိယနေ့အပြီးတွင် ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် ၁၄ ခု ရယူထားနိုင်ပြီး ပြိုင်ပွဲနောက်ဆုံးနေ့ဖြစ်သည့် ဒီဇင်ဘာ ၃ ရက် (ယနေ့)တွင် စွမ်းရည်ပြပြိုင်ပွဲများ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-အား/ကာ**

## ဆီးဂိမ်းအလေးမပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်တစ်ခုရရှိ

**မနီလာ ဒီဇင်ဘာ ၂**

၂၀၁၉ ဆီးဂိမ်းအလေးမပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ကျင်းပရာ မြန်မာအလေးမအဖွဲ့ ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

အမျိုးသမီး ၄၉ ကီလိုတန်းတွင် မြန်မာအလေးမကစားသမား ပြည့်ပြည့်ဖြိုးက ငွေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားကစားသမား ဝင်ဒီက အမြန်မတွင် ၈၆ ကီလို၊နှစ်ဆင့်မတွင် ၁၀၄ ကီလိုဖြင့် စုစုပေါင်း ၁၉၀ ကီလိုမကာ ရွှေတံဆိပ်၊ ပြည့်ပြည့်ဖြိုးက အမြန်မတွင် ၈၀ ကီလို၊ နှစ်ဆင့်မတွင် ကီလို ၁၀၀ မကာ စုစုပေါင်း ကီလို ၁၈၀ ဖြင့် ငွေတံဆိပ်၊ ဗီယက်နမ်ကစားသမား ငိုသီကူယင်က အမြန်မတွင် ၇၅ ကီလို၊ နှစ်ဆင့်မတွင် ၉၇ ကီလိုမကာ စုစုပေါင်း ၁၇၂ ကီလိုဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။ ဆီးဂိမ်း အလေးမပြိုင်ပွဲကို ဒီဇင်ဘာ ၁ ရက်မှ စတင်ကာ ကျင်းပလျက်ရှိပြီး မြန်မာ အလေးမအဖွဲ့သည် ပထမနေ့တွင် ဆုတံဆိပ် လွဲချော်ခဲ့သော်လည်း ဒုတိယနေ့တွင် ဆုတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။



မြန်မာအလေးမ ကစားသမား ပြည့်ပြည့်ဖြိုး။ ဓာတ်ပုံ-အား/ကာ

အလေးမပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်အထိ မနီလာမြို့၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

PHILIPPINES 2019 30TH SEA GAMES

၂-၁၂-၂၀၁၉

| နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|
| ဖိလစ်ပိုင် | ၃၈ | ၂၁ | ၁၄ | ၇၃ |
| ဗီယက်နမ် | ၁၅ | ၂၀ | ၁၉ | ၅၄ |
| မလေးရှား | ၁၁ | ၂ | ၁၁ | ၂၄ |
| အင်ဒိုနီးရှား | ၆ | ၁၁ | ၁၄ | ၃၁ |
| ထိုင်း | ၆ | ၁၀ | ၁၉ | ၃၅ |
| စင်ကာပူ | ၄ | ၇ | ၁၁ | ၂၂ |
| ကမ္ဘောဒီးယား | ၁ | ၃ | ၁၃ | ၁၇ |
| ဘရူနိုင်းဒါရုဆလမ် | ၁ | ၃ | ၃ | ၇ |
| မြန်မာ | ၀ | ၅ | ၁၆ | ၂၁ |
| လာအို | ၀ | ၀ | ၆ | ၆ |
| တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

## ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

**မနီလာ ဒီဇင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ၏ ဝူရှူးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက မနီလာမြို့ရှိ World Trade Center ၌ ဆက်လက်ကျင်းပသည်။ မြန်မာ ဝူရှူးအဖွဲ့သည် ဒုတိယနေ့တွင် ဆန်းဆိုပြိုင်ပွဲ၌ ကြေးတံဆိပ်နှစ်ခု ရယူနိုင်ခဲ့သည်။

နံနက်ပိုင်းတွင် ထောက်လုပွဲစဉ်များ ဆက်လက်ကျင်းပခဲ့ပြီး အမျိုးသားထိုက်ချီကျန့်ပြိုင်ပွဲတွင် ငြိမ်းချမ်းကိုကို (မြန်မာ) သည် ၉ ဒသမ ၃၈ မှတ်ဖြင့် အဆင့်(၇)သာရခဲ့ပြီး မလေးရှားက ရွှေတံဆိပ်၊ ဖိလစ်ပိုင်က ငွေတံဆိပ်နှင့် ဘရူနိုင်းက ကြေးတံဆိပ်ရခဲ့သည်။ အမျိုးသား နန်းတောင်း+နန်းကွန့်ပြိုင်ပွဲ နှစ်ခုပေါင်း၏ ဒုတိယပွဲဖြစ်သော နန်းကွန့်ပြိုင်ပွဲတွင် မြန်မာကစားသမား သိန်းသန်းဦး ဝင်ရောက်ယှဉ်ပြိုင်ရာ စုစုပေါင်း ၁၉ ဒသမ ၂၂၀ မှတ်ဖြင့် အဆင့် (၄) သာရခဲ့ပြီး ဘရူနိုင်းက ရွှေတံဆိပ်၊ အင်ဒိုနီးရှားက ငွေတံဆိပ်၊ ဗီယက်နမ်က ကြေးတံဆိပ်ရခဲ့သည်။ အမျိုးသား တောင်းစု+ကွန့်စုပြိုင်ပွဲ နှစ်ခုပေါင်း၏ ပထမပွဲစဉ်ဖြစ်သော တောင်းစုပြိုင်ပွဲတွင် မြန်မာကစားသမား မျိုးမင်းကြီးက ၉ ဒသမ ၅၄ မှတ်ဖြင့် အဆင့် (၈) နေရာတွင် ရပ်တည်နေသည်။

ညနေပိုင်းတွင် ဆန်းဆို (အတိုက်) ပွဲစဉ်များ ဆက်လက်ကျင်းပခဲ့ပြီး အမျိုးသား ၄၈ ကီလိုတန်းတွင် အောင်မျိုးထွန်းနှင့် အမျိုးသား ၆၅ ကီလိုတန်းတွင် ချစ်ကိုကိုတို့မှာ ဆီမီးဖိုင်နယ်တွင် အရေးနိမ့်ပြီး ပူးတွဲကြေးတံဆိပ်များ ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

❂ *ကျော့ဖုံးမှ*

ခိုင်သဇင် နေရာတွင် ဖြူဖြူဝင်း၊ မြတ်နိုးခင် နေရာတွင် သင်းသင်းယု၊ အိရတနာဖြိုး နေရာတွင် အေးအေးမိုးတို့ကို အသုံးပြုခဲ့ကာ ခင်မာလာထွန်း၊ ဝင်းသိင်္ဂီထွန်း၊ ရီရီဦး၊ ခင်သန်းဝေ၊ မြဖူးငုံ(ဂိုး) တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ဆန္ဒစောနေသောကြောင့် ၁၆ မိနစ်မှ အဖွင့်ဂိုးရခဲ့သည်။ ယင်းဂိုးကို တိုက်စစ်မှူး ရီရီဦးက သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံတည်ငြိမ်လာပြီး ၃၁ မိနစ်တွင် ရီရီဦးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်းတွင် နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်မြင့်လာပြီး ၄၈ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက တတိယဂိုးသွင်းယူခဲ့သည်။

### ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရ

ယင်းနောက်ပိုင်းတွင် မလေးရှားအသင်းက ဂိုးပေါက် ခြိမ်းခြောက်မှုအချို့ပြုလုပ်နိုင်ခဲ့၍ မြန်မာအသင်း ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရပြီး ၇၇ မိနစ်မှ စတုတ္ထဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် စတုတ္ထဂိုးကို ရီရီဦးက သွင်းယူခဲ့ပြီး ဟက်ထရစ်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂိုးထပ်မံရရန် ကြိုးပမ်းရာ ၉၀ မိနစ်တွင် ဂျူလိုင်ကျော်က နောက်ဆုံးဂိုးသွင်းယူခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်စီရရှိပြီး ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးတူညီသည့်အပြင် နှစ်သင်းထိပ်တိုက် တွေ့ဆုံမှုတွင် ဂိုးမရှိသရေကျခဲ့၍ အဝါ၊ အနီ Fair Play စည်းမျဉ်းဖြင့် ဆုံးဖြတ်ရာ အဝါကတ်နည်းသည့် မြန်မာအသင်းက အုပ်စုပထမနေရာ ရယူနိုင်ခဲ့သည်။ အုပ်စု (ခ) ၌ ထိုင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်စီ တူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်အသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယရရှိခဲ့သည်။

အမျိုးသမီးဘောလုံး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ထိုင်းအသင်း၊ အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် ဗီယက်နမ်အသင်းတို့ တွေ့ဆုံနေသည်။

**ညီမြတ်သော်တာ**

❍ *ကျော့ဖုံးမှ*

ပိုကောင်းခဲ့ပြီး ၈၇ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့သည်။ အောင်ကောင်းမာန် ဘယ်ခြမ်းမှ ဖြတ်ပို့သော ဘောလုံးကို ကမ္ဘောဒီးယားဂိုးသမား ကာကွယ်ရာမှ ဂိုးထဲဝင်သွားခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုလေးပွဲစလုံးကစားထားပြီး သုံးပွဲနိုင် တစ်ပွဲသရေ ၁၀ မှတ်ဖြင့် အုပ်စုပထမရကာ ဆီမီးဖိုင်နယ်သို့ အစောဆုံးတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ကို ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများပြီးဆုံးမှသာ တွေ့ဆုံမည့်အသင်း ထွက်ပေါ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ဂျပန် အနီးကပ်စောင့်ကြည့်ထောက်လှမ်းမည်

**တိုကျို ဒီဇင်ဘာ ၂**

မြောက်ကိုရီးယားသည် နိုင်ငံတကာအဖွဲ့အစည်းကို ပြင်းပြင်းထန်ထန်ခြိမ်းခြောက်နေကြောင်း ဂျပန်အစိုးရဝန်ကြီးများအဖွဲ့ အကြီးအကဲ ယိုရှီဟီဒီစူဂါက ပြောကြားလိုက်သည်။

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦးက ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အမည်တပ်ထားသည့် ထုတ်ပြန်ချက်တစ်ရပ်ကို နိုင်ငံပိုင်သတင်းမီဒီယာမှ တစ်ဆင့်ဖော်ပြခဲ့ပြီးနောက် ဒီဇင်ဘာ ၂ ရက်တွင် ယိုရှီဟီဒီစူဂါက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယား၏ ထုတ်ပြန်ချက်ထဲတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့ပြီး တိုက်ချင်းပစ်ဒုံးကျည်စစ်စစ်ကို မကြာခင် အနီးကပ်မြင်တွေ့ရဖွယ်ရှိသည်ဟု ဆိုထားသည်။ မစ္စတာစူဂါက မြောက်ကိုရီးယား၏ဖော်ပြချက်ကို သတိထားမိကြောင်း၊ သို့ရာတွင် ယင်းကဲ့သို့သော ဖော်ပြချက်မှန်သမျှကို ဝေဖန်မှတ်ချက်ပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်တွင် မြောက်ကိုရီးယားသည် ဒုံးကျည်အစင်းပေါင်း ၂၀ကျော်ကို ပစ်ခတ်ခဲ့ပြီးပြီဖြစ်ကြောင်း မစ္စတာစူဂါက ထောက်ပြခဲ့သည်။ အဆိုပါ ဒုံးကျည်ပစ်ခတ်မှုများသည် ဂျပန်ကိုသာမက နိုင်ငံတကာအဖွဲ့အစည်းကိုပါ ဆိုးဆိုးရွားရွား ခြိမ်းခြောက်လာခြင်းဖြစ်သည့်အပြင် လုံခြုံရေးကောင်စီ၏ စည်းမျဉ်းများကိုပါ ချိုးဖောက်နေခြင်းဖြစ်ရာ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နှင့်အတူ ပူးပေါင်းကာ မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကို အတတ်နိုင်ဆုံး စောင့်ကြည့်ထောက်လှမ်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ



ဂျပန်အစိုးရဝန်ကြီးများအဖွဲ့ အကြီးအကဲ ယိုရှီဟီဒီစူဂါ

# အိန္ဒိယကမ်းခြေ၌ ရေထုညစ်ညမ်းမှုကြောင့် အန္တရာယ်ရှိသည့် အမြှုပ်များဖုံးလွှမ်း

**ချန်နိုင်း ဒီဇင်ဘာ ၂**

အိန္ဒိယနိုင်ငံ ချန်နိုင်းရှိ မာရီယာနာ ကမ်းခြေ၌ ရေထုညစ်ညမ်းမှုမှ ပေါ်ထွက်လာသော အန္တရာယ်ရှိသည့် အဖြူရောင်အမြှုပ်များ ရေလှိုင်းနှင့်အတူပါလာခဲ့ပြီး ကမ်းခြေတစ်လျှောက် ဖုံးလွှမ်းလျက်ရှိကြောင်း သိရသည်။


ကမ်းခြေ၌ အန္တရာယ်ရှိသည့် အမြှုပ်များဖြင့် ဆော့ကစားနေသည့် ကလေးငယ်များ။

ဒေသခံ ကလေးငယ်များက အဆိုပါအမြှုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားနေခဲ့ကြသည့် ပုံရိပ်ကို ရုပ်သံဖိုင်ထဲတွင် တွေ့မြင်ရသည်။

သို့သော်လည်း အဆိုပါ အမြှုပ်များသည် အန္တရာယ်ရှိကြောင်း၊ မိလ္လာအညစ်အကြေးများနှင့် ပင်လယ်ရေတို့ ရောနှောနေသည့် ညစ်ညမ်းပစ္စည်းများကြောင့် ပေါ်ထွက်လာရခြင်းဖြစ်ပြီး ရေလှိုင်းများ၏ သယ်ဆောင်မှုဖြင့် ကမ်းခြေ၌ စုပုံလာခြင်းဖြစ်ကြောင်း ဒေသမီဒီယာများတွင် ဖော်ပြခဲ့သည်။

ရေထဲ၌ ပါဝင်သည့် ညစ်ညမ်းပစ္စည်းများသည် တစ်ရက် သို့မဟုတ် နှစ်ရက်အတွင်း လျော့ပါးပျောက်ကွယ်သွားလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဒေသရေထုညစ်ညမ်းမှု ထိန်းချုပ်ရေး အာဏာပိုင်တစ်ဦးက Indian Express သတင်းစာသို့ ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

# တရုတ်ရဲတပ်ဖွဲ့က အကြမ်းဖက်နှိမ်နင်းသည့် လေ့ကျင့်မှုဆောင်ရွက်

**ပေကျင်း ဒီဇင်ဘာ ၂**

ဟောင်ကောင်၊ မကာအိုနှင့် ကွမ်တုံပြည်နယ် ကျူဟိုင်မြို့တို့ကို ဆက်သွယ်ထားသည့် တံတားပေါ်၌ အကြမ်းဖက်မှုနှိမ်နင်းသည့် လေ့ကျင့်မှုပြုလုပ်ခဲ့ကြောင်း တရုတ်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါလေ့ကျင့်မှုကို တရုတ်နိုင်ငံ၏ လူမှုမီဒီယာတစ်ခုဖြစ်သည့် ဝီဘိုဝ်၌ ကျူဟိုင်ရဲတပ်ဖွဲ့က ပြသခဲ့သည်။ ပြသမှုအတွင်း ဒရုန်းယာဉ်များ၊ ဒိုင်းများကိုကိုင်ဆောင်ထားသည့် လက်နက်ကိုင် ရဲတပ်ဖွဲ့ဝင်များနှင့် စီတန်းလှည့်လည် လှုပ်ရှားမှုများ ပါဝင်သည်။

ဟောင်ကောင် – မကာအို – ကျူဟိုင်တံတား၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် လူလုပ်ကျွန်းတစ်ကျွန်းပေါ်တွင် နိုဝင်ဘာ ၃၀ ရက် က ပြုလုပ်ခဲ့သည့် လေ့ကျင့်မှုအတွင်း တပ်ဖွဲ့ဝင် ၁၀၀၀ ခန့် ပါဝင်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

တရုတ်နိုင်ငံ၏ အကြမ်းဖက်နှိမ်နင်းသည့် အဆိုပါလေ့ကျင့်မှုကို လေ့လာသုံးသပ်သူများက တရုတ်နိုင်ငံသည် ယင်းကဲ့သို့ လေ့ကျင့်မှုများ ပြုလုပ်ကာ ဟောင်ကောင်ဒီမိုကရေစီ လိုလားသည့် ဆန္ဒပြပြည်သူများကို ဖိအားပေးလိုဟန်ရှိကြောင်း ဝေဖန်ခဲ့ကြသည်။

ဟောင်ကောင်ဆန္ဒပြသူများကို သိသိသာသာ သတိပေးမှုတစ်ခုအဖြစ် ယူဆရသည့် ရှန်ကျန်း၌ ပြုလုပ်ခဲ့သည့် လေ့ကျင့်မှုတစ်ခု၏ ရုပ်သံကိုလည်း တရုတ်ရဲတပ်ဖွဲ့က ဖော်ပြခဲ့သည်။

အင်န်အိတ်ချ်ကေ


အကြမ်းဖက်နှိမ်နင်းသည့် လေ့ကျင့်မှုတွင် ပါဝင်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ။

# အီရန်ရေတပ်ဖွဲ့က ခရုစ်ဒုံးကျည် အမြောက်အမြား ထုတ်လုပ်

**တီဟီရန် ဒီဇင်ဘာ ၂**

ရေငုပ်သင်္ဘောမှ ပစ်လွှတ်ရသည့် ပြည်တွင်းလုပ် Jask ခရုစ်ဒုံးကျည်အမြောက်အမြားကို အီရန်ရေတပ်ဖွဲ့က ထုတ်လုပ်သွားမည်ဖြစ်ကြောင်း အီရန်ရေတပ်ဖွဲ့က ကြေညာခဲ့သည်။

အီရန်၏ ရေငုပ်သင်္ဘောများတွင် ဂျက်စ်ခရုစ်ဒုံးကျည်များကို တပ်ဆင်သွားမည်ဖြစ်ပြီး ပစ်လွှတ်နိုင်သည့်အကွာအဝေးကို ပိုမိုရောက်ရှိနိုင်စွမ်းရှိအောင် ကြိုးပမ်းမည်ဖြစ်ကြောင်း အီရန်ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဟူစိန်ခန်ဇာဒီက ပြောကြားခဲ့သည်။

ခရုစ်ဒုံးကျည်သည် အီရန်ရေတပ်ဖွဲ့မှ ဝေးကွာသည့်နေရာများတွင် တည်ရှိသည့် ပစ်မှတ်များအား ထိမှန်စေနိုင်လိမ့်မည်ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် ရေတပ်ဦးစီးချုပ်က ဒုံးကျည်၏ စွမ်းဆောင်ရည်ပိုင်းနှင့် ပတ်သက်၍ အသေးစိတ် ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ပေ။ အီရန်ရေတပ်သည် နိုဝင်ဘာ ၃၀ ရက်က မြို့တော်တီဟီရန်၌ ပြုလုပ်ခဲ့သည့် ပြပွဲတစ်ခု၌ ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သည့် Pelican –2 အမည်ရှိ ပြည်တွင်းလုပ်ဒရုန်းယာဉ်ကို ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါ ရေတပ်သုံးဒရုန်းတွင် ဒေါင်လိုက်လှုပ်ရှားမှုပြုလုပ်နိုင်ရန် အင်ဂျင်လေးလုံးနှင့် အားကောင်းသည့် ပန်ကာကို တပ်ဆင်ထားပြီး အဆိုပါဒရုန်းယာဉ်ကို ပင်လယ်ရေကြောင်း ကင်းလှည့်မှုလုပ်ငန်းများကို စစ်သင်္ဘောပေါ်မှ ပျံတက်ကာ ဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု ရေတပ်ဖွဲ့က ပြောသည်။ ဒရုန်းယာဉ်သည် အရေးပေါ်အခြေအနေ၌ ရေပေါ်ဆင်းသက်နိုင်ပြီး အဆိုပါဒရုန်းများကို နိုင်ငံတကာရေပိုင်နက်ရှိ ရေတပ်သင်္ဘောများတွင် ဖြန့်ကြက်ထားကြောင်း သိရသည်။

ဆင်ဟွာ

# ပြင်သစ်နိုင်ငံတောင်ပိုင်း၌ ရေဘေးကယ်ဆယ်ရေးဆောင်ရွက်နေစဉ် ရဟတ်ယာဉ် ပျက်ကျမှုကြောင့် ကယ်ဆယ်ရေးအဖွဲ့ဝင်သုံးဦး သေဆုံး

**ပါရီ ဒီဇင်ဘာ ၂**

ရေလွှမ်းမိုးမှုဒဏ် ခံစားနေရသည့် ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း မာဆီလီအနီး၌ ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်အတွင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားခဲ့သည်။

နိုဝင်ဘာ ၃၀ ရက်ညက အီးစီ ၁၄၅ ရဟတ်ယာဉ်သည် ဗာဒေသ၌ ကယ်ဆယ်ရေးဆောင်ရွက်မှုတစ်ခု ပြုလုပ်နေစဉ် ရေဒီယိုနှင့် ရေဒါအဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။ လေယာဉ်ပျက်ကျမှု ဖြစ်ပွားပြီးနောက် Rove မြို့အနီးတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်သုံးဦးကို ည ၁ နာရီခွဲအချိန်တွင် သေဆုံးလျက် တွေ့ရှိခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီး ခရစ်တိုဖီ ကက်စ်တန်နာက ပြောသည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ပြင်သစ်နိုင်ငံသည် မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးခဲ့ကြသည့် စစ်သည်တော်များကို အလေးအမြတ်ပြုရန် ယနေ့စီစဉ်လျက်ရှိကြောင်း၊ နိုင်ငံ၏ သူရဲကောင်းများကို ဆုံးရှုံးလိုက်ရကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ကယားပြည်နယ် ဝန်ကြီးချုပ်တို့ ဝမ်ဗလကျေးရွာနှင့် ဒေါလဲဒူကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ရှာသစ် ဒီဇင်ဘာ ၂**

ကယားပြည်နယ် ရှာသစ်မြို့ ဝမ်ဗလကျေးရွာနှင့် ဒေါလဲဒူကျေးရွာမှ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့က ဝမ်ဗလကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံပွဲအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝမ်ဗလကျေးရွာမှ ပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အသီးသီးအမှာစကား ပြောကြားခဲ့ကြသည်။

**ဒေသလိုအပ်ချက်များတောင်းဆို**

ဝမ်ဗလကျေးရွာနှင့် ရှာသစ်မြို့မှ မိဘပြည်သူများက မိမိဒေသအလိုက် လိုအပ်ချက်များအတွက် ဝမ်ဗလကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ကားတစ်စီးလှူဒါန်းပေးရန်၊ ကျေးရွာအတွက် ဆက်သွယ်ရေးဖုန်းတာဝါတိုင်၊ ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းသို့မဟုတ် ကွန်ကရစ်လမ်းဆောင်ရွက်ပေးရန်၊ လျှပ်စစ်မီးတိုင်များ သွယ်တန်းပေးရန်၊ ဝမ်ဗလကျေးရွာ မူလတန်းကျောင်းအတွက် မိတ္တူကူးစက်တစ်လုံးဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အမက(ဝမ်လွဲ့) ကျောင်းအတွက် နှစ်ခန်းတွဲအိမ်သာတစ်လုံးဆောင်ရွက်ပေးနိုင်ရန်တောင်းဆို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ကျေးရွာ ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်းနှစ်ကန့်အတွက် ငွေကျပ်နှစ်သိန်း၊ အမက (ဝမ်ဗလ) စာသင်ကျောင်းအတွက် ငွေကျပ်သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နန်းဆွေဆွေအေး ( ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့ ဝမ်ဗလ ဒေသခံပြည်သူများနှင့် တွေ့ဆုံကြစဉ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် တြိနိတီနှစ်ခြင်းအသင်းတော် ကချင်ရိုးရာကောက်သစ်စား ကျေးဇူးတော်ချီးမွမ်းပွဲသို့တက်ရောက်




မြစ်ကြီးနားမြို့၌ ကချင်ရိုးရာကောက်သစ်စားပွဲတော် ကျင်းပစဉ်။

**မြစ်ကြီးနား ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုဝင်ဘာလနောက်ဆုံးပတ်က မြစ်ကြီးနားမြို့ အထက (စီတာပူ)ကျောင်း၌ အင်ခိုင်ဘွမ်ကျောင်းဆောင်သစ် ဖွင့်ပွဲကို တက်ရောက်ဖွင့်လှစ်ပေးပြီး ကချင်ရိုးရာကောက်သစ်စားကျေးဇူးတော်ချီးမွမ်းပွဲများသို့ တက်ရောက်ခဲ့ကြသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (စီတာပူ) ကျောင်းဝင်းအတွင်း ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေကျပ်သန်း ၁၉၆ ဒသမ ၅၀၀ ဖြင့် တည်ဆောက်ပြီးစီးသည့် ပေ (၁၄၀ x ၃၀)အာစီနှစ်ထပ်စာသင်ဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး အဆောက်အအုံသစ် ကျောင်းဆောင်သစ် ဆိုင်းဘုတ် အင်ခိုင်ဘွမ်ဆောင်ကို ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

နောင်နန်းရပ်ကွက် တြိနိတီနှစ်ခြင်း အသင်းတော်ဘုရားကျောင်း၌ ကချင်တိုင်းရင်းသားရိုးရာ ‘Nlung (Shat) N’nan Sha Poi (အင်လုံအင်နန်ရှားပွဲ) ဟု ခေါ်ဆိုသည့် ကောက်သစ်စား ကျေးဇူးတော်ချီးမွမ်းပွဲနှင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က အသင်းတော်အတွက် အလှူငွေကျပ် သုံးသိန်းနှင့် ဘင်ခရာအဖွဲ့နှင့် ကဗျာရွတ်ဆိုသော လူငယ်အဖွဲ့တို့အားတစ်ဖွဲ့လျှင် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး အသင်းတော်မိသားစုများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**စစ်တွေ ဒီဇင်ဘာ ၂**

နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမပန်းခြံအတွင်းရှိ ဦးဥတ္တမ ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်လုံးတွင် ၂၄ နာရီ လျှပ်စစ်မီး ရရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာများ၊ မြို့များနှင့် မြို့နယ်များအပါအဝင် တစ်ပြည်နယ်လုံး အတိုင်းအတာအနေဖြင့် မြို့နယ်အားလုံး ရာနှုန်းပြည့် မီးလင်းနေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက သုံးနှစ်တာကာလအတွင်း လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးဝင်းက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် လျှပ်စစ်ဆိုင်ရာ ဆက်စပ်ပစ္စည်းပြခန်းများနှင့်အတူ ရခိုင်ပြည်နယ်တွင် သုံးနှစ်တာကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော လျှပ်စစ်စီမံကိန်းလုပ်ငန်းများ၊ လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လက်ရှိလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှုအခြေအနေများ စသည့် မှတ်တမ်းဓာတ်ပုံများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရခိုင်ပြည်နယ်အတွင်း လက်ရှိ ဓာတ်အားသုံးစွဲမှု အမြင့်ဆုံးအနေဖြင့် ၆၆ ဒသမ ၃ မဂ္ဂါဝပ် သုံးစွဲလျက်ရှိပြီး နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲလျက်ရှိကြောင်း၊ လက်ရှိတွင် ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃၇၄၂ ရွာ ရှိသည့်အနက် ဓာတ်အားစနစ် မှ ၅၆၁ ရွာ၊ ဆိုလာ၊ ဒီဇယ်၊ အသေးစားရေအားတို့မှ ၁၄၉၉ ရွာ စုစုပေါင်း မီးလင်းပြီးကျေးရွာ ၂၀၆၀ ရွာရှိပြီး ရာခိုင်နှုန်းအားဖြင့် ၅၅ ဒသမ ၀၅ ရာခိုင်နှုန်းမီးလင်းပြီးဖြစ်ကြောင်း၊ အိမ်ထောင်စုအနေဖြင့် ၄၅၉၇၇၂ စုရှိသည့်အနက် ဓာတ်အားစနစ်မှ သုံးစွဲသူအိမ်ထောင်စု ၁၂၀၇၀၆ စု၊ ဆိုလာ၊ ဒီဇယ်၊ အသေးစားရေအားမှ သုံးစွဲသူ အိမ်ထောင်စု ၁၂၅၀၆၂ စုရှိရာ ရာခိုင်နှုန်းအားဖြင့် ၅၂ ဒသမ ၅၈ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အားသုံးစွဲလာနိုင်ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း လျှပ်စစ်မီး မရရှိသေးသော ကျေးရွာများအား လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ပြည်ထောင်စု၊ ပြည်နယ်၊ နိုင်ငံခြား ချေးငွေအထောက်အပံ့များဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇင်ဦး (မြန်မာ့အလင်း)**

# အထက (၁) လှိုင်၌ အပြာရောင်ကမ္ပည်းပြား တပ်ဆင်တော့မည်

**ရန်ကုန် ဒီဇင်ဘာ ၂**

အပြာရောင်ကမ္ပည်းပြားသည် ရန်ကုန်မြို့တွင်းရှိ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ အဆောက်အအုံများ၊ ရှေးဟောင်းနေရာများရှိ အဆောက်အအုံများ၊ ယင်းနေရာများနှင့် ဆက်စပ်နေသောသမိုင်းဝင်ပုဂ္ဂိုလ်၊ သမိုင်းအဖြစ်အပျက်များကို ဖော်ပြ ပြီး တပ်ဆင်ပေးနေခြင်းဖြစ်သည်။

ရည်ရွယ်ချက်မှာ လူသိပြီးသား အဆောက်အအုံနေရာများကို ပိုမိုတန်ဖိုးထား ထိန်းသိမ်းလာစေရန်နှင့် လူသိနည်းသည့် အဆောက်အအုံနှင့်နေရာများကို လူအများ ပိုမိုသိရှိလာစေရန်ဖြစ်သည်။ ယခုအခါ လှိုင်မြို့နယ်အတွင်း ပထမဆုံးအနေဖြင့် အထက (၁) လှိုင် ကျောင်းဝင်းအတွင်းရှိ ပြုပြင်ဆဲကျောင်းအုပ်ကြီးရုံးခန်းနေရာ(ကိုလိုနီခေတ်အဆောက်အအုံ) ကို ရှေးမူမပျက် ပြုပြင်ပြီးစီးချိန်တွင် အပြာရောင်ကမ္ပည်းပြား တပ်ဆင်သွားမည်ဖြစ်သည်။ အထက (၁)လှိုင်ကျောင်းသားဟောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်း၏ ကြိုးပမ်းမှု၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ လွှတ်တော်အတွင်း မေးခွန်းမေးမြန်းတင်ပြမှုဖြင့် ဘတ်ဂျက်ငွေရရှိအောင်ဆောင်ရွက်ပေးမှု၊ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးလွင်နှင့်အဖွဲ့၏ အနီးကပ်ကြီးကြပ်ပေးမှု၊ မြို့နယ်ပညာရေးမှူးနှင့်တကွ ကျောင်းအုပ်ဆရာမကြီးတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယင်းအဆောက်အအုံကြီးကို ရှေးမူမပျက်ပြုပြင်နေမှုမှာ ပြီးစီးလုပြီလည်းဖြစ်သည်။

အလုံးစုံပြီးစီးချိန်တွင် ရှေးဟောင်းဗိသုကာအဆောက်အအုံတစ်ခုအဖြစ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်သွားမည်ဖြစ်ပြီး အပြာရောင်ကမ္ပည်းပြား



အပြာရောင်ကမ္ပည်းပြားတပ်ဆင်မည့် အထက (၁) လှိုင်ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံ

တပ်ဆင်ခြင်းကို ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီ၊ Phillips Corporation နှင့် အခြားလူမှုအဖွဲ့အစည်းများ၊ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

**သန္တာမေ(ပြန်/ဆက်)**

# မိုင်းဆတ်နှင့်မိုင်းတုံမြို့နယ်တို့၌ သားအိမ်ခေါင်းကင်ဆာ အခမဲ့စမ်းသပ်ရှာဖွေကုသပေးမည်

**မိုင်းဆတ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်စမ်းသပ်ရှာဖွေကုသပေးခြင်းကို ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်သည်။

သားအိမ်ခေါင်းကင်ဆာသည် HPV ဗိုင်းရပ်ပိုးကြောင့် အဓိကဖြစ်ပြီး ရောဂါစဖြစ်ချိန်တွင် မိမိဘာသာသိရှိရန် ခက်ခဲသောရောဂါဖြစ်ကြောင်း၊ ရောဂါစဖြစ်ချိန်မှ ကင်ဆာဖြစ်ပွားသည့်အဆင့်အထိ ၁၀ နှစ်မှ နှစ်၂၀ အထိ ကြာမြင့်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၈၅ ရာခိုင်နှုန်းအထိဖြစ်နေပြီး အမျိုးသမီး ၁၀ ဦးတွင် ကိုးဦးဖြစ်ပွားလျက်ရှိကြောင်း၊ မြန်မာအမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံး ရောဂါနှင့် ဒုတိယသေဆုံးမှုအများဆုံးရောဂါဖြစ်ကြောင်း သိရသည်။

သားအိမ်ခေါင်းကင်ဆာသည် လိင်ဆက်ဆံခြင်း၊ လိင်ဆက်ဆံစဉ် အရေပြားချင်းထိကပ်ခြင်းကြောင့် ကူးစက်ခြင်းဖြစ်ပြီး ဆေးလိပ်သောက်ခြင်း၊ အသက်ငယ်ရွယ်စဉ် အိမ်ထောင်ကျပြီး ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးများခြင်း၊ အိမ်ထောင်ဆက်များခြင်း၊ လိင်ဆက်ဆံဖက်များခြင်း၊ မိမိအိမ်ထောင်ဖက်မှာ အပျော်အပါးလိုက်စားသူဖြစ်ခြင်း၊ HIV နှင့် အခြားလိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါနှင့် ဟော်မုန်းပါသော တားဆေးများ ရေရှည်သုံးစွဲခြင်းတို့ကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု မြင့်မားစေကြောင်း သိရသည်။

**သန်းဇော်(မိုင်းဆတ်)**

# မန္တလေး၌ ကျင်းပမည့်ပွဲများ

**အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမ၌ ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပုသိမ်ကြီးမြို့နယ် စာဖတ်ဝိုင်းများ**

ပုသိမ်ကြီးမြို့နယ် စာအုပ်/စာပေချစ်မြတ်နိုးသူများအသင်း(Book Club) မှ ဦးဆောင်ကျင်းပမည့် စာရေးဆရာ ချစ်ဦးညို ၏ "တိုးတက်ခြင်း၊ဆုတ်ယုတ်ခြင်းနှင့်ယဉ်ကျေးမှုမျက်နှာစာ" စာအုပ်ဖြင့် ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော "ဘေးအန္တရာယ်ပညာပေး" စာအုပ်ဖြင့် ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင်လည်းကောင်း ပုသိမ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စာပေဟောပြောပွဲ**

ဒသမအကြိမ်မြောက် သစ္စာပါရမီဘုရားပွဲတော်အထိမ်းအမှတ် စာပေဟောပြောပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ရတနာလမ်းနှင့်ဖ၈လမ်းထောင့်တွင် ဒီဇင်ဘာ ၃ ရက် ည ၇ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး စာရေးဆရာ နေဝင်းမြင့်နှင့် စာရေးဆရာမ ခင်ခင်ထူးတို့က ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

**လျှပ်စစ်နှင့် စွမ်းအင်စနစ် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြင်သစ်သံရုံးနှင့် ပြင်သစ် NGO အဖွဲ့အစည်းဖြစ်သော GRET တို့ ပူးပေါင်းပြီး လျှပ်စစ်နှင့်စွမ်းအင်စနစ် စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဘူတာကြီးအပေါ်ထပ်ရှိ ဟိုတယ်မာဘယ်၌ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆေးတက္ကသိုလ်(မန္တလေး) (၆၅)နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်**

ဆေးတက္ကသိုလ်(မန္တလေး)၏ (၆၅) နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်ကို ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ နံနက် ၈ နာရီ ခွဲတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ်(မန္တလေး) ပင်မဆောင်ရှေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာလှုပ်ရှားမှု အသိပညာပေး အစီအစဉ်**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အသိပညာပေး အစီအစဉ်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း၊ ၁၉ လမ်းနှင့်၂၁လမ်းကြားရှိ စံပယ်အိမ်ရာတွင် ဒီဇင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း**

"ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာ အထက ကျောင်းခန်းမ၌ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**မဟာအောင်မြေမြို့နယ်၌ ပြည်သူ့စကားဝိုင်း**

"လူငယ်နှင့် ယဉ်ကျေးမှု" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အခမဲ့စီးပွားရေးပညာပေး ဆွေးနွေးဟောပြောပွဲ**

အခမဲ့စီးပွားရေးပညာပေး ဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရတနာပုံစူပါစင်တာ (၄)လွှာရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၁၂-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၇၀ ကျပ် | ၉၅၅/၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၈၀ ကျပ် | ၉၇၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၉၀ ကျပ် | ၉၃၀/၉၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၀ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၀၆ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၅၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၀၀ . ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၅ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၇၃ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၂ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ . ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၀၁၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၇ . ၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ . ၄၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၇၇၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၄၉၁၃ | ၅၆၄၉၉၅၀၀ |
| MTSH | ၃၉၀၀ | ၃၈၅၀ | ၂၄၆၄ | ၉၅၅၄၀၅၀ |
| MCB | ၈၃၀၀ | - | - | - |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၈၁ | ၁၈၆၃၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၂၂ | ၁၄၈၇၇၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အလောင်းမင်းတရား၏ မိဖုရားခေါင် မယ်ယွန်းစံ၏ ဇာတိမြေသို့

မောင်သာ (ရှေးဟောင်းသုတေသန)

**မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်တွင် အလွန်ထင်ရှားခဲ့သည့် ပရိယတ္တိအကျော် ဆရာတော်တစ်ပါးဖြစ်သော ဝေဘူဆရာတော်၏ ဇာတိမြေ ခင်ဦးမြို့နယ်သည် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မိဖုရားခေါင် မယ်ယွန်းစံ၏ မွေးရပ်မြေလည်း ဖြစ်သည်။ ခင်ဦးမြို့နယ်၌ မြန်မာနိုင်ငံအထက်ပိုင်းမှ ရေလယ်ဘုရားတစ်ဆူဖြစ်သည့် အညာသီဟတောဘုရားနှင့် စည်ပုတ္တရာမြို့ဟောင်းတို့ တည်ရှိသည်။**

စစ်ကိုင်းတိုင်းဒေသကြီးကို ခရိုင် ကိုးခရိုင်၊ မြို့နယ် ၃၇ မြို့နယ်ဖြင့် ဖွဲ့စည်းထားရာ ခင်ဦးမြို့နယ်သည် ရွှေဘိုခရိုင်တွင် ပါဝင်၍ ရန်ကုန်မြို့မှ မြောက်ဘက်သို့ မော်တော်ကားလမ်းအတိုင်း ၇၅၁ ကီလိုမီတာနှင့် ရွှေဘိုမြို့မှ အနောက်မြောက်ယွန်းယွန်း ၃၃ ဒသမ ၅ ကီလိုမီတာတွင် တည်ရှိကာ မော်တော်ကား၊ မီးရထားတို့ဖြင့် အလွယ်တကူသွားရောက်နိုင်သည်။ မန္တလေးမြို့မှ ခင်ဦးမြို့သို့ နေ့စဉ် ကား၊ ရထားပြေးဆွဲလျက်ရှိရာ လေးနာရီကြာ စီးနင်းကြရသည်။

### ခင်ဦးမှတ်တမ်း

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ အင်းဝခေတ်တွင် မြောက်ဘက် ဝန်းသိုစော်ဘွားအပိုင်းနှင့် အရှေ့ဘက် မိုးမိတ်စော်ဘွားအပိုင်းဟူသည့် ရှမ်းပြည်နယ်ဘက်နှင့် မြန်မာနယ်အကြား၌ မြောက်ဘက်မှ ကသည်းတို့ ရန်ကို ကာကွယ်ရန် ကင်းဦးချထားသည့်နေရာဖြစ်သဖြင့် ကင်းဦးမှ ခင်ဦးဖြစ်လာကြောင်း ဖော်ပြသည်။

မြန်မာ့စွယ်စုံကျမ်းကမူ ခရစ်နှစ် ၁၈၉၁ ခုနှစ်တစ်ဝိုက်တွင် ခြောက်ရွာ၊ ကံသာနှင့် ညောင်ဇင်တိုက်နယ် သုံးခုကို ပူးပေါင်း၍ ခြောက်ရွာမြို့နယ်ဟု သတ်မှတ်ခဲ့ပြီး ခင်ဦးမြို့နေရာတွင် ရုံးစိုက်ခဲ့သည်ဟု ရေးသားထားသည်။ ခင်ဦးသည် ကုန်းဘောင်ခေတ်ကို ထူထောင်စဉ်က အလောင်းမင်းတရားကို သစ္စာမခံဘဲ ခြားနားခဲ့သော ငချစ်ညို စားခဲ့သည့် ရွာဖြစ်သည်။

ရှေးအခါက ယခုခင်ဦးမြို့နယ်နေရာတွင် ခင်ဦးတောင်၊ ခင်ဦးမြောက်၊ ပူဇော်ကုန်း၊ အင်ကြင်းကုန်း၊ အင်တုံ၊ မောဂ္ဂလန်၊ မျက်ရှုရာ၊ သီရဌေး၊ ရွာထ၊ ရေမျက်၊ တမုတ်နှင့် ပန်းမုံ ဟူသည့် ကျေးရွာ ၁၂ ရွာရှိခဲ့သည်။ ခင်ဦးမြောက်၊ ခင်ဦးတောင်နှင့် ပူဇော်ကုန်းကျေးရွာများသည် ယခုခင်ဦးမြို့ဖြစ်၍ ကျန်ရွာများမှာမူ အမည်သာ ကျန်ရှိနေခဲ့သည်။ ထို့အတူ ခင်ဦးနယ်၌ အင်ကြင်းကုန်း၊ သိမ်တော်ကုန်း၊ ပူဇော်ကုန်း၊ ပန်းပုံကုန်း၊ တောနေကျောင်းကုန်း၊ သင်းဇုပ်ကုန်း၊ ဝမ်းဘဲကုန်းနှင့် ရွာထကုန်းဟူသည့် ကုန်းကိုးကုန်း ရှိခဲ့သည်။

မြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းသည် ၄၀၀ ဒသမ ၈၂ စတုရန်းမိုင်ဖြစ်ကာ ခင်ဦးမြို့၏ဧရိယာသည် ၀ ဒသမ ၇၁ စတုရန်းမိုင် (၄၅၇ ဧက) ဖြစ်သည်။

မြို့နယ်လူဦးရေ ၁၅၃၆၄၈ ဦးအနက် ဗမာလူမျိုးများက ၁၅၃၆၀၂ ဦး ဖြစ်သည်။ ခင်ဦးမြို့နယ်တွင် နေထိုင်သူပြည်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကာ ခရစ်ယာန်ဘာသာကိုးကွယ်သူနှင့် အစ္စလာမ်ဘာသာကိုးကွယ်သူများလည်း အနည်းငယ်ရှိသည်။

ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကျေးရွာ ၁၄၇ ရွာဖြင့် ဖွဲ့စည်းထားသည့် ခင်ဦးမြို့နယ်သည် သေးငယ်သော မြို့ငယ်တစ်ခုဖြစ်ပြီး ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိသည်။



စည်ပုတ္တရာစံကျောင်းပေါ်မှ ရုပ်တု

ခင်ဦးမြို့နယ်၌ နေထိုင်ကြသော ပြည်သူအများစုသည် စပါးနှင့် ပဲအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးမြူကြသည်။ ခင်ဦးမြို့နယ်သည် မြန်မာနိုင်ငံ အထက်ပိုင်းနှင့် အောက်ပိုင်းသို့ ကုန်းလမ်း၊ မီးရထားလမ်း၊ ရေလမ်းတို့ဖြင့် အလွယ်တကူသွားလာနိုင်ကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်သော မြို့နယ်တစ်ခုဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့သို့ အများဆုံးတင်ပို့ရောင်းချကြသည်။ ခင်ဦးမြို့နယ်တွင် ၂၀၁၆ –၂၀၁၇ ခုနှစ်တွင် စပါး ၁၃၇၈၃၅ ဧက စိုက်ပျိုးခဲ့ပြီး ၁၁၉၄၅၅၈၁ တင်း ထွက်ရှိခဲ့ရာ တစ်ဧက ပျမ်းမျှစပါးအထွက်နှုန်းသည် ၈၆ ဒသမ ၆၅ တင်း ဖြစ်သည်။ ဒေသထွက်စပါးများကို ကြိတ်ခွဲရောင်းချသည့် ပုဂ္ဂလိကဆန်စက် ၁၁ ခု ရှိသည်။

ခင်ဦးမြို့နယ်အတွင်း၌ ဒေသနေ ကျောင်းသားကျောင်းသူများ ပညာသင်ယူနိုင်ရန် အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲ လေးကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၃၆ ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၅၈ ကျောင်း ဖွင့်လှစ်ထားသည်။ ထို့အတူ ဒေသနေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ၂၅ ခုတင်ဆံ့ ခင်ဦး မြို့နယ်ပြည်သူ့ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခုနှင့် ဌာနခွဲ ၄၂ ခုကို ဖွင့်လှစ်ထားသည်။

### ခင်ဦးမြို့နယ်မှ ရှေးဟောင်းအထောက်အထားများ

ခင်ဦးမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများသို့ ဆည်ရေဖြန့်ဝေပေးသည့် ကိုယ့်အားကိုယ်ကိုး ဆည်ငါးခုနှင့် မြေသားကန် ငါးကန်ရှိသည့်အနက် ပင်တင်းကျေးရွာရှိ မြေသားရေကန်ကြီးကို ပျူခေတ်က တည်းက တူးဖော်ခဲ့သည်ဟု ဒေသခံများက ယူဆကြသည်။ ပင်တင်းကျေးရွာရှိ ပင်တင်းကန်ကို မောရဂီဝါကန် (ဒေါင်းလည်ဇလုပ်ကန်)ဟုလည်း ခေါ်ဆိုကြကာ လက်ရှိအချိန်တွင် ရေဝင်ဆံ့မှု ကုဗပေ ၁၀၂၄၀ ရှိ၍ အကျိုးပြုစိုက်ဧက ၁၈၀၀ ဖြစ်သည်။

ပင်တင်းကန်ပေါင်၏ အောက်ဘက်၌ ကျန်စစ်သားမင်းကြီး၏ မိဖုရား ကျောင်းဖြူရွာသူ တိလောကဝဋ္ဋံသကာဒေဝီဘွဲ့ခံ သမ္ဘူလမိဖုရား တည်ခဲ့သည်ဟု အစဉ်အဆက်လက်ခံထားကြသည့် ကျောင်းဖြူစေတီတော် ရှိသည်။ ချုံနွယ်များပိတ်နေသည့် ဘုရားကုန်းတစ်ခုအဖြစ် ရှိနေခဲ့သော ယင်းစေတီကုန်းကို အများကောင်းမှုဖြင့် ခေတ်စေတီအဖြစ် ပြုပြင်တည်ဆောက်ခဲ့သဖြင့် မူလလက်ရာများ မကျန်ရှိတော့ချေ။

ပင်တင်းကျေးရွာ၌ တည်ရှိသည့် ဖောင်တော်ဦးစေတီကိုပုဂံဘုရင် နရပတိစည်သူက မြန်မာသက္ကရာဇ် ၅၅၅ ခုနှစ်တွင် ခင်ဦးမြို့နယ် ညောင်ကန်ကျေးရွာရှိ ရွှေကုတ်တော်စေတီ၊ စည်ပုတ္တရာကျေးရွာရှိ ရွှေလင်းပင်ဘုရားတို့နှင့်အတူ တစ်ပြိုင်တည်းတည်ခဲ့သည်ဟု ဆိုကြသည်။ ပျက်စီးယိုယွင်းနေခဲ့သည့် ဖောင်တော်ဦးစေတီကို ၁၉၉၃ ခုနှစ်တွင် ပြုပြင်ခဲ့သဖြင့် လက်ရှိအချိန်တွင် ဉာဏ်တော် ၃၇ ပေမြင့်သည့် စေတီတော်အဖြစ် ဖူးတွေ့ကြရပေသည်။

မြို့နယ်ဒေသဆိုင်ရာအချက်အလက်များ မှတ်တမ်းအရ ခင်ဦးမြို့နယ်တွင် ဘုရား ၁၆၁၇ ဆူ၊ စေတီ ၅၃၉ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၀၇ ကျောင်းရှိသည့်အနက် အညာသီဟတောဘုရား၊ စည်ပုတ္တရာရွှေလင်းပင်ဘုရားနှင့် အင်ကြင်းပင်တောရတို့သည် အလွန်ထင်ရှားသည့် သာသနိကအဆောက်အအုံများ ဖြစ်ကြပေသည်။

> **“ စည်ပုတ္တရာမြို့ဟောင်းမှ အနောက်မြောက်ဘက် နှစ်မိုင်အကွာတွင် တည်ရှိသည့် ရွှေကာကျေးရွာသည် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မိဖုရားခေါင် မယ်ယွန်းစံဖွားမြင်ခဲ့သည့် ကျေးရွာဖြစ်သည်။ ရွှေကာကျေးရွာရှိ မိဖုရားခေါင်ငယ်စဉ်က နေထိုင်ခဲ့သည့် ခြံဝိုင်းနေရာကို ဦးစိတ်ကောင်းနှင့် ဒေါ်ရာတို့မှ ပေါက်ဖွားခဲ့သော မျိုးဆက်များက ပိုင်ဆိုင်လျက်ရှိသော်လည်း မည်သည့် အဆောက်အအုံမှ မတည်ဆောက်ဘဲ မြေကွက်အတိုင်း ယနေ့တိုင် ထိန်းသိမ်းထား ရှိသည်”**

ခင်ဦးမြို့၏ မြောက်ဘက်ရှိ ဇီးကုန်းကျေးရွာအနီးမှ ထန်းတပင်ရွာကို ရှေးဟောင်းမြို့ကြီးတစ်ခုဟု ယူဆမှုများရှိခဲ့သော်လည်း အုတ်မြို့ရိုးဖြင့် တည်ထားသည့်မြို့မဟုတ်ဘဲ သာမန်ကျေးရွာတစ်ခုသာ ဖြစ်ဟန်ရှိကာ ထန်းတပင်၌ ညောင်ရမ်းခေတ်လက်ရာ အုတ်ကျောင်းကြီးတစ်ကျောင်း တည်ရှိသည်။

စည်ပုတ္တရာမြို့ဟောင်းမှ အနောက်မြောက်ဘက် နှစ်မိုင်အကွာတွင် တည်ရှိသည့် ရွှေကာကျေးရွာသည် အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မိဖုရားခေါင် မယ်ယွန်းစံဖွားမြင်ခဲ့သည့် ကျေးရွာဖြစ်သည်။ ရွှေကာကျေးရွာရှိ မိဖုရားခေါင်ငယ်စဉ်က နေထိုင်ခဲ့သည့် ခြံဝိုင်းနေရာကို ဦးစိတ်ကောင်းနှင့် ဒေါ်ရာတို့မှ ပေါက်ဖွားခဲ့သော မျိုးဆက်များက ပိုင်ဆိုင်လျက်ရှိသော်လည်း မည်သည့် အဆောက်အအုံမှ မတည်ဆောက်ဘဲ မြေကွက်အတိုင်း ယနေ့တိုင် ထိန်းသိမ်းထားရှိသည်။ ယင်းခြံဝိုင်းကို သုတေသီ စာရေးဆရာလှငွေ(ထွေအုပ်)က တိုင်းထွာခဲ့ရာ အလျား ပေ ၂၀၀ နှင့် အနံ ၁၆၈ ပေရှိကြောင်း တွေ့ရှိခဲ့သည်။

### စည်ပုတ္တရာ

ခင်ဦးမြို့နယ်ရှိ ထင်ရှားသော စည်ပုတ္တရာမြို့ဟောင်းသည် လက်ရှိအချိန်တွင် စည်ကားဖွံ့ဖြိုးသော ကျေးရွာကြီးတစ်ခုဖြစ်ပြီး အိမ်ခြေ ၆၆၉ အိမ် နှင့် လူဦးရေ ၃၁၄၅ ဦး နေထိုင်လျက်ရှိသည်။

ရွှေဘိုမြို့မှ ခင်ဦးမြို့သို့ မော်တော်ကားလမ်းအတိုင်း လာလျှင် ခင်ဦးမြို့အဝင် တံတားအဆင်း လက်ယာဘက်ရှိ မြေလမ်းအတိုင်း မြောက်ဘက်သို့ ငါးမိုင်ခန့်အကွာတွင် စည်ပုတ္တရာ ရွှေလင်းပင်ဘုရားသို့ ဟူသည့် လမ်းညွှန်ဆိုင်းဘုတ်ကို မြင်တွေ့ကြရသည်။ ယင်းလမ်းမှ အနောက်ဘက်သို့ သုံးမိုင်ခန့်သွားလျှင် စည်ပုတ္တရာသို့ ရောက်ရှိသည်။ စည်ပုတ္တရာသို့ သွားသည့် မြေသားလမ်းသည် မကောင်းမွန်လှသဖြင့် မော်တော်ဆိုင်ကယ်ဖြင့် သွားလျှင် ပိုမိုအဆင်ပြေမည် ဖြစ်သည်။

ခင်ဦးမြို့မှ စည်ပုတ္တရာရွှေလင်းပင်ဘုရားသို့ ဟူသည့် လမ်းညွှန်ဆိုင်းဘုတ်နေရာအထိ လမ်းနှင့် အပြိုင်တည်ရှိနေသည့် ရေမြောင်းသည် အလောင်းမင်းတရား ဦးအောင်ဇေယျ တူးဖော်ခဲ့သည့် ဆည်ဟု အဆိုရှိခဲ့သည်။ ယင်းမြောင်းကို ရွှေဘိုမြို့ရှိ မဟာနန္ဒာကန်သို့ ရေပို့လွှတ်သည့် ရေသွင်းမြောင်းအဖြစ် ယနေ့တိုင် အသုံးပြုနေဆဲဖြစ်သည်။

စည်ပုတ္တရာကျေးရွာအတွင်းသို့ ဝင်လိုက်သည်နှင့် တစ်ခြမ်းပြိုပျက်နေသည့် အရှေ့ဘက်ဝင်ပေါက် မြို့ရိုးဟောင်းကို မြင်တွေ့ကြရသည်။ မြို့ဝင်ပေါက်သည် ချုံနွယ်များဖြင့် ပိတ်နေသော်လည်း တောင်ဘက်အခြမ်း၌ အုတ်မြို့ရိုးဟောင်းကို မြင်ကြရပြီး မြောက်ဘက်ခြမ်းကမူ မြေကြီးကုန်းတစ်ခုအဖြစ်သာ ကျန်ရှိနေသည်။

စည်ပုတ္တရာမြို့ရိုးဟောင်းသည် လေးဖက်ပတ်လည် ကျန်ရှိနေပြီး ရွှေလင်းပင်ဘုရားဝင်းမှ အနောက်တောင်ဘက်သို့ ထွက်လျှင် မြို့ဟောင်း၏ အနောက်ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုးထောင့်နေရာကို မြင်တွေ့ကြရသည်။ ယင်းနေရာသည် မြေသားမြို့ရိုးဖြစ်ကာ မြို့ရိုးထောင့်သည် ကွေးဝိုက်နေကာ ကျုံးဟုယူဆရဖွယ်ရှိသည့် စိုက်ကွင်းပြင်ကိုလည်း မြင်တွေ့ကြရပေသည်။

ထို့အတူ ရွှေလင်းပင်ဘုရားဝင်းမှ အရှေ့တောင်ဘက်သို့ ထွက်လိုက်လျှင် ချုံနွယ်ပိတ်ပေါင်းများအကြား၌ ဘုရားစေတီကုန်းဟောင်းများကို မြင်တွေ့ကြရသည်။ ယင်းတို့ကို စနစ်တကျတူးဖော်နိုင်ပါက စည်ပုတ္တရာ၏ ရှေးဟောင်းအထောက်အထားများကို တွေ့ရှိနိုင်မည်ဖြစ်ပေသည်။

### ရာဇဝင်ထဲမှ စည်ပုတ္တရာ

စည်ပုတ္တရာသည် သမိုင်းမှတ်တမ်းများတွင် အထူးထင်ရှားခြင်းမရှိသော်လည်း “မမင်းဗုတ် စည်ပုတ္တရာတည်” ဟု အစဉ်အဆက်မှတ်သားခဲ့ကြောင်း စည်ပုတ္တရာဇာတိ ဆရာတော် ဦးနိပုဏက ရှင်းပြခဲ့သည်။ ယင်းအဆိုအရ သက္ကရာဇ် ၅၅၅ ခုနှစ်တွင် စည်ပုတ္တရာမြို့ဟောင်းကို တည်ထားခဲ့ရာ ယင်းကာလသည် ပုဂံခေတ် နရပတိစည်သူမင်းကြီးလက်ထက် ဖြစ်ပေသည်။

၁၉၂၄ ခုနှစ်က ပြုစုခဲ့သည့် Shwebo District Gazetteer တွင် စည်ပုတ္တရာကို ဒုတ္တဘောင်မင်းလက်ထက် အေဒီ လေးရာစုတွင် တည်ထောင်သည်ဟု ဖော်ပြထားသည်။

စည်ပုတ္တရာနှင့်အတူ ခံတပ်မြို့များအဖြစ် အရှေ့မြောက်ဘက်တွင် ရေနည်းမြို့နှင့် အရှေ့တောင်ဘက်တွင် ကင်းဦးမြို့ (ခင်ဦး) တို့ကို တည်ခဲ့သည်ဟု ဆိုကြသည်။ မြို့ရိုးဟောင်းများ အခိုင်အမာကျန်ရှိနေသည့် စည်ပုတ္တရာကို အချို့က ပထမတကောင်းခေတ်တွင် တကောင်းလက်အောက်ခံ ငါးမြို့အနက် တစ်မြို့ဖြစ်ကြောင်း ရေးသားခဲ့ကြသည်။ ပုဂံဘုရင် နရပတိစည်သူ ကိုးကွယ်ခဲ့သည့် ဆင်းတုတော် ၁၀ ဆူအနက် တစ်ဆူသည် စည်ပုတ္တရာ၌ ကိန်းဝပ်နေသည်။

စည်ပုတ္တရာသို့ ရောက်ရှိသူတိုင်း သွားရောက်ဖူးမြော်ကြသည့် ရွှေလင်းပင်ဘုရားသည် နရပတိစည်သူမင်းကြီး ထုလုပ်လှူဒါန်းခဲ့သည်ဟု ယုံကြည်ကြသည့် ဆင်းတုတော်ဖြစ်ကာ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ မိဖုရားခေါင် မယ်ယွန်းစံ ကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်အဖြစ် ထင်ရှားသည်။

ယင်းရုပ်ပွားတော်ကို ရှေးဟောင်းသစ်သားကျောင်းကြီးဖြစ်သည့် စည်ပုတ္တရာစံကျောင်းပေါ်တွင် အပူဇော်ခံထားရှိကာ သံတိုင်များ ကာရံထားသည်။ နရပတိစည်သူမင်းကြီး ထုလုပ်ကိုးကွယ်ခဲ့သည့် ဆင်းတုတော် ၁၀ ဆူလုံးကို ဖူးမြော်သူသည် အရိမတ္တေယျဘုရားရှင် ပွင့်တော်မူချိန်တွင် ဘုရားရှင်ကို ကိုယ်တိုင်ဖူးတွေ့ကြရမည်ဟု ဒေသခံများက ယုံကြည်ကြသည်။

ယင်းရုပ်ပွားတော် ၁၀ ဆူသည် ခင်ဦးမြို့နယ် စည်ပုတ္တရာကျေးရွာ၊ စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရား၊ စစ်ကိုင်းမြို့နယ် စမွန်ကျေးရွာ၊ ဝက်လက်မြို့နယ် လှထွေကျေးရွာ၊ ရွှေဘိုမြို့ ရွှေတန်ဆာဘုရား၊ မင်းကင်းမြို့၊ စဉ့်ကူးမြို့၊ ကလေးမြို့၊ ကြာညှပ်မြို့နှင့် ချောင်းဦးမြို့နယ် အမြင့်မြို့တို့တွင် တစ်ဆူစီ တည်ရှိနေကြသည်။

စည်ပုတ္တရာစံကျောင်းပေါ်ရှိ ရွှေလင်းပင်ဘုရားဆင်းတုတော်အနီးတွင် ထားရှိသည့် ထိုင်နေသည့် ရုပ်တုကို အချို့က ပုဂံရာဇဝင်တွင်ပါရှိသည့် ပရိက္ခရားရုပ်တုဟုလည်းကောင်း၊ အချို့က ပေါ်တူဂီရုပ်ဟုလည်းကောင်း ဆိုကြပြီး တိကျသော အထောက်အထားကို မသိရှိကြချေ။ ယခင်က ရွာသူရွာသားများက ဗိုက်နာပါက ယင်းအရုပ်ကို ပွတ်ပေးလျှင် ပျောက်သည်ဟု ယုံကြည်ကာ လာရောက်ပွတ်သပ်မှုများ ရှိခဲ့ကြကြောင်း ဆရာတော် ဦးနိပုဏက ရှင်းပြခဲ့သည်။ စံကျောင်း၏ နောက်ဘက်အဆောင်၌ ရှေးခေတ်သုံးပစ္စည်းမျိုးစုံနှင့် ဘုရားဆင်းတု၊ လူရုပ်တုများကို ထိန်းသိမ်းထားရှိသည်။ စည်ပုတ္တရာတွင် ရှိခဲ့သည့် သစ္စာဆိုရာတွင် မမှန်ကန်ပါက ကျိန်စာစူးသည်ဆိုသည့် ကျမ်းကြီးကို မြေမြှုပ်ခဲ့ပြီး အသစ်ရေးခဲ့သည့် သစ္စာတော်ကျမ်းနီကြီးကို စံကျောင်းပေါ်တွင် ပြသထားသည်။

ရှေးဟောင်း သစ်သားကျောင်းကြီးတစ်ခုဖြစ်သော စည်ပုတ္တရာစံကျောင်း၌ ရွှေပိန်းချထားသည့် မူလတိုင်လုံးများကို မြင်တွေ့ကြရသည်။ တိုင်လုံးတစ်ခုစီ နံပါတ်များ ရေးထိုး၍ အလှူရှင်၏ အမည်များကို ရွှေစာလုံးဝိုင်းများဖြင့် ရေးထားကာ ကျောင်းမျက်နှာကြက်တွင် ရေးခြယ်ထားသည့် ရွှေဇဝါကွက်များကို ကောင်းစွာထိန်းသိမ်းထားရှိသည်။ အရှေ့ဘက်တိုင်များကို ရွှေများ ပြန်လည်ချထားပြီး နောက်ဘက်တိုင်များသည် မူလလက်ရာများ ဖြစ်ကြသည်။

စည်ပုတ္တရာသည် မြို့ရိုးမြို့ရာများနှင့် စေတီပုထိုးအပျက်များ ကျန်ရှိနေသဖြင့် သမိုင်းနှင့် ရှေးဟောင်းသုတေသနသုတေသီများ စိတ်ဝင်စားသည့် မြို့ဟောင်းတစ်ခု ဖြစ်လာခဲ့ပေသည်။ ။

# ရထားနှင့် ဘတ်စ်ကား ချိတ်ဆက်မှုကောင်းမွန်စေရန် ပြုလုပ်သည့် အသေးစားစီမံကိန်းစတင်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်မြို့ အများပြည်သူသယ်ယူပို့ဆောင်ရေးဘတ်စ်ကား ဝန်ဆောင်မှု အဆင့်မြှင့်တင်သည့် စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ရထားနှင့် ဘတ်စ်ကားချိတ်ဆက်မှု ကောင်းမွန်စေရန် ပြုလုပ်သည့် အသေးစား စီမံကိန်းတစ်ရပ်ကို ယနေ့နံနက်ပိုင်းမှစတင်၍ သမိုင်းဘူတာရုံ/ မှတ်တိုင် (ဗဟိုလမ်း) ၌ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အသေးစားစီမံကိန်းစတင်ခြင်း အခမ်းအနားကို သမိုင်းဘူတာရုံ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၊ JICA Myanmar မှ မစ္စတာယူဂျီဆန်နို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် (၅) ဒေါ်မေမေသွယ်နှင့် တာဝန်ရှိသူများက ရထားနှင့် ဘတ်စ်ကား ချိတ်ဆက်မှုကောင်းမွန်စေရန် ပြုလုပ်ပေးသည့် အသေးစားစီမံကိန်းအကြောင်းကို ပြည်သူများနှင့် သတင်းမီဒီယာများကို ရှင်းလင်းပြောကြားသည်။



ရထားနှင့်ဘတ်စ်ကားကြား ချိတ်ဆက်မှုကောင်းမွန်စေရန် အသေးစားစီမံကိန်းဆောင်ရွက်ချက်ရှိသော သမိုင်းဘူတာရုံ မှတ်တိုင်(ဗဟိုလမ်း)။

တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေး မှူး ဦးလှအောင်က စီမံကိန်းနှင့် ပတ်သက်၍ "ရထားဟာ နောင်တစ်နေ့ ဖွံ့ဖြိုးတိုးတက်တဲ့အချိန် အများပြည်သူ သယ်ယူပို့ဆောင်ရေးမှာ ရထားဖြစ်လာနိုင်ပါတယ်။ သို့သော်လည်း အခုကာလမှာ ဘတ်စ်ကားဟာ အဓိကကျနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဘူတာနဲ့ မှတ်တိုင်နဲ့ကို ချိတ်ဆက်ပြီးတော့ ရထားပေါ်က ဆင်းတဲ့ခရီးသည် ဒီကားကို စီးနိုင်ရမယ်၊ ကားစီးတဲ့ခရီးသည် ဒီရထားကို သုံးနိုင်ရမယ်ဆိုတဲ့ လုပ်ငန်းကိုစတင်ဖို့ ဒီနေ့ရှေ့ပြေးစမ်းသပ်မှုလေး လုပ်တာပါ" ဟု ပြောသည်။

ယခုအသေးစားစီမံကိန်းအတွင်း ပါဝင်လာမည့် စီးနင်းသွားလာသော ခရီးသွားများ၏ အသုံးပြုမှုများ၊ စီမံကိန်းဆောင်ရွက်မှု၏ အားနည်းချက်၊ အားသာချက်နှင့် ပြည်သူလူထု၏ အခက်အခဲများကို ပြန်လည်လေ့လာ သုံးသပ်ကာ ရန်ကုန်မြို့အနှံ့ရှိ ဘူတာများနှင့် YBS ယာဉ်လိုင်းများ၏ ချိတ်ဆက်မှုများကို ပိုမိုကောင်းမွန်အောင် စီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗဟိုလမ်း သမိုင်းဘူတာရုံမှတ်တိုင်တွင် အောင်မင်္ဂလာအဝေးပြေးနှင့် လသာသို့ ပြေးဆွဲလျက်ရှိသော YBS – ၁၁ ယာဉ်လိုင်း၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်နှင့် သခင်မြပန်းခြံသို့ ပြေးဆွဲပေးလျက်ရှိသော YBS – ၂၂ ယာဉ်လိုင်း၊ ကွန်ပျူတာတက္ကသိုလ်နှင့် ရန်ကုန်ဘူတာကြီးသို့ ပြေးဆွဲပေးလျက်ရှိသော YBS – ၉၄ ယာဉ်လိုင်းတို့ အဓိကရပ်နားလေ့ရှိပြီး အနီးအနားမှ မှတ်တိုင်များဖြစ်သော ဈေးဘူတာမှတ်တိုင်နှင့် ဦးဘဟန် မှတ်တိုင်တို့တွင် YBS – ၁၅၊ ၁၆၊ ၁၉၊ ၆၁၊ ၆၈၊ ၇၉၊ ၈၃ စသော ဘတ်စ်ကားကြီးများ ဖြတ်သန်းမောင်းနှင်နေသည့် နေရာတစ်ခုဖြစ်သည်။

အများပြည်သူသယ်ယူပို့ဆောင်ရေးကွန်ရက်သည် ပြည်သူတို့၏ ဘဝနှင့်စီးပွားရေးကဏ္ဍများတွင် အလွန်အရေးပါလျက်ရှိပြီး ယာဉ်တစ်ခုနှင့်တစ်ခု ပြောင်းလဲစီးနင်းခြင်းသည် အများပြည်သူသယ်ယူပို့ဆောင်ရေး ကွန်ရက်ဖော်ဆောင်ရာတွင် အရေးကြီးသည့် ကွန်ရက်တစ်ခုအဖြစ် ပါဝင်ကြောင်း သိရသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို အဆင်ပြေချောမွေ့စွာနှင့် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မီးရထားနှင့် ဘတ်စ်ကားတို့ကို ပြောင်းလဲစီးနင်းနိုင်စေရန် အဆင့်မြှင့်တင်သည့် အသေးစားစီမံကိန်းအား မြန်မာ့မီးရထား၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် JICA အဖွဲ့အစည်းတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ – လင်းညွန့်

## (၆၈) နှစ်မြောက် ကယားပြည်နယ်နေ့ပွဲတော်တွင် လုံခြုံရေးအား အလေးထားဆောင်ရွက်မည်

**လွိုင်ကော် ဒီဇင်ဘာ ၂**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်မည့် ကယားပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်ကို ပြည်သူများ စိတ်အေးချမ်းသာစွာ လည်ပတ်နိုင်ရေးအတွက် ပွဲတော်ဝင်ပေါက်နှင့် လမ်းသွယ်များအထိ လုံခြုံရေး အလေးထားဆောင်ရွက်သွားမည့်အပြင် လုံခြုံရေးကင်မရာများအား လမ်းသွယ်များအထိ တပ်ဆင်မည်ဖြစ်သည်။

ယခင်နှစ်ဖြစ်ပွားခဲ့သော အုပ်စုဖွဲ့ရိုက်နှက်မှု၊ တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်မှုမျိုး ယခုနှစ်တွင် မဖြစ်ပွားစေရေးအတွက် ပွဲတော်လုံခြုံရေးနှင့်ပတ်သက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှဦးဆောင်ပြီး ပွဲတော်အတွင်း ဝင်ပေါက်များနှင့်လမ်းသွယ်နေရာများအား တပ်ဖွဲ့ဝင်နှင့် မိတ်ဖက်အင်အားများ ပါဝင်သော ပူးပေါင်းလုံခြုံရေး အင်အားများဖြင့် ရှာဖွေစစ်ဆေးဆောင်ရွက်မည့်အပြင် လုံခြုံရေးကင်မရာများကိုလည်း လမ်းသွယ်များအထိ တပ်ဆင်သွားမည်ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မျိုးဆွေက ပြောသည်။

ကိုစိုင်း(လွိုင်ကော်)

## အင်းတော်ကြီးဒေသသို့ ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် တစ်သောင်းကျော် လာရောက်လည်ပတ်

**အင်းတော်ကြီး ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသသို့ ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တစ်သောင်းကျော် လာရောက်လည်ပတ်ခဲ့ကြောင်း အင်းတော်ကြီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်း၏ မှတ်တမ်းများမှ သိရသည်။



ခရီးသွားများ လာရောက်လေ့ရှိသော အင်းတော်ကြီးဒေသတစ်နေရာ

အင်းတော်ကြီးဒေသသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် အင်းတော်ကြီးအိုင်အတွင်း လှေစီး၍လှည့်လည်ကြည့်ရှုခြင်း၊ အင်းကမ်းဘေးတွင်ရှိသည့် ရွှေတောင်သို့ ခြေကျင်တောင်တက်ခြင်း၊ ငှက်များနှင့် မျောက်များကြည့်ရှုခြင်းအပြင် အထူးသဖြင့် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များနှင့် အင်းပတ်ဝန်းကျင်ရှိ သဘာဝအလှအပများအား ကြည့်ရှုလေ့လာသည်ကို ပိုပြီးနှစ်သက်ကြကြောင်း အင်းတော်ကြီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်းတွင် တာဝန်ထမ်းဆောင်နေသူအပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့မှ ဒေါ်ဖြူမမက ပြောသည်။

အင်းတော်ကြီးဒေသကို ဂျာမနီနိုင်ငံနှင့် မိတ်ဖက်အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကာ လာရောက်လည်ပတ်သူ အများစုမှာလည်း ဂျာမနီနိုင်ငံသားများဖြစ်ကြကြောင်း သိရပြီး အင်းတော်ကြီးဒေသသည် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်အတွင်း တည်ရှိကာ မြို့နှစ်မြို့နှင့် ကျေးရွာပေါင်း ၃၃ ရွာတည်ရှိသည့် ဒေသကြီးတစ်ခုဖြစ်ပြီး အင်းတော်ကြီးအိုင်မှာ အရှေ့တောင်အာရှနိုင်ငံများတွင် အကြီးဆုံးရေချိုအိုင်ကြီးတစ်ခု ဖြစ်သည်။

အင်းတော်ကြီးအိုင်၏ အကျယ်အဝန်းမှာ အရှည် ၅၁၄ စတုရန်းမိုင်နှင့် အကျယ် ၁၀၀ စတုရန်းမိုင်ကျယ်ဝန်းကာ အင်းတော်ကြီးဒေသကို ၂၀၁၃ ခုနှစ်က အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်၊ ၂၀၁၆ ခုနှစ်က ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ်၊ ၂၀၁၇ ခုနှစ်က ဇီဝအဝန်းနယ်မြေအဖြစ်နှင့် ယူနက်စကို အသိအမှတ်ပြု ဒေသအဖြစ် သတ်မှတ်ခံထားရခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)

# ကြက်သွန်နီမျိုးစေ့ ငါးနှစ်အတွင်း အနိမ့်ဆုံးဈေးအထိ ကျရောက်နေ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကြက်သွန်နီပျိုးထောင်ကာ မျိုးစေ့ရောင်းချသူများ ငါးနှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်းဖြင့် ရောင်းချနေရပြီးမကြုံဖူးသည့် ဈေးနှုန်းအထိ ကြက်သွန်နီမျိုးစေ့ ဈေးနှုန်းကျနေကြောင်း ကြက်သွန်နီမျိုးစေ့ရောင်းချသူများထံမှ သိရသည်။



အပင်အဖြစ် ပျိုးထောင်ထားသော ကြက်သွန်နီမျိုးပေါင်များကို တွေ့ရစဉ်။

ကြက်သွန်နီမျိုးစေ့များ ပျိုးထောင်ပြီး ရောင်းချရာတွင် ဆိပ်ဖြူ၊ ရေနံချောင်းနယ်၊ မြင်းခြံနယ်များမှ အများဆုံးပျိုးထောင်ကာ မျိုးစေ့ရောင်းချကြကြောင်း သိရပြီး ဆောင်းကြက်သွန်စိုက်ပျိုးချိန်ဖြစ်သည့် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် ကြက်သွန်နီမျိုးစေ့များ အရောင်းအဝယ်ဖြစ်ကြကြောင်း၊ ကြက်သွန်နီမျိုးစေ့တစ်ပြည်လျှင် ခြောက်သောင်းကျပ်မှ တစ်သိန်းသုံးသောင်းကျပ်အတွင်းသာ ရောင်းချရပြီး ယခုနှစ်ဆောင်းကြက်သွန်ပျိုးထောင်ချိန်တွင် ကြက်သွန်နီမျိုးစေ့တစ်ပြည်လျှင် ကျပ်နှစ်သောင်းမှ နှစ်သောင်းခွဲအထိသာ ပေါက်ဈေးရှိသဖြင့် ငါးနှစ်အတွင်း ကြက်သွန်မျိုးစေ့အနိမ့်ဆုံးဈေးနှုန်းဖြစ်နေကြောင်း ကျောက်ပန်းတောင်းမြို့နယ် မုန့်ကုန်းကျေးရွာ ကြက်သွန်နီမျိုးစေ့ရောင်းချသည့် ဦးနေမျိုးထွန်းက ပြောသည်။

ကြက်သွန်နီမျိုးစေ့ပျိုးထောင်ရာတွင် နတ်တော်လနှင့် ပြာသိုလတို့တွင် ကြက်သွန်ဥများအား စိုက်ကြပြီး စိုက်ပျိုးပြီး ရက် ၂၀ ကျော်လျှင် စိန်ဖူးတိုင် (ခေါ် ) ကြက်သွန်ပန်းပွင့်တိုင် ထွက်လာသည်။ ကြက်သွန်နီပန်းပွင့်တိုင်တစ်ခုတွင် ကြက်သွန်နီမျိုးစေ့အမြောက်အမြားပါဝင်ကာ ကြက်သွန်နီတစ်လုံးစိုက်လျှင် ကြက်သွန်ပန်းပွင့်တစ်ပွင့်မှ ငါးပွင့်အထိ ခွဲထွက်ကာ ပွင့်ကြကြောင်း သိရသည်။ ကြက်သွန်မျိုးစေ့များ အစေ့အောင်ချိန်ဖြစ်သည့် တပေါင်းလနှင့် တန်ခူးလတို့တွင် ကြက်သွန်ပန်းပွင့်များခူးပြီး နေလှန်းအခြောက်ခံကာ ကြက်သွန်နီမျိုးစေ့များအား ထုတ်ယူကြောင်း၊ ကြက်သွန်နီမျိုးစေ့များ အစေ့ရင့်နေချိန် မိုးမိပါက အားလုံးပျက်စီးတတ်သဖြင့် ကြက်သွန်ပန်းပွင့်မှ မျိုးစေ့များအောင်ချိန်တွင် ခူးဆွတ်ထားရကြောင်း၊ မိုးမမိရန် အလွန်ပင်အရေးကြီးကြောင်း သိရသည်။

ကြက်သွန်နီမျိုးပန်းများ ခူးဆွတ်ပြီးချိန်တွင် စိုက်ထားသည့်ဥမှာ ဒန်ချောင်း (စိန်ဖူးတန်) သာ ကျန်ရှိကာ နွားစာအဖြစ် ရိတ်ကျွေးကြောင်း သိရသည်။ ကြက်သွန်နီပျိုးထောင်ချိန်ပြီး စိုက်ပျိုးချိန်တွင် မျိုးစေ့ဈေးကြီးမြင့်လေ့ရှိကြောင်း၊ ကြက်သွန်မျိုး နို့ဆီဘူးနှစ်ပုံထောင် တစ်ပေါင်လျှင် ပျိုးပင်ပေါက်အားကောင်းပါက ကျပ်ရှစ်သောင်းမှ ကျပ်တစ်သိန်းနှစ်သောင်းအထိ ပြန်လည်ရောင်းချရကြောင်း ညောင်ဖြူပင်ကျေးရွာ ကြက်သွန်ပျိုးထောင်ရောင်းချသူ ဦးစိုးမင်းက ပြောသည်။ ကြက်သွန်နီမျိုးစေ့ ယခုနှစ်လောက်ဈေးကျသည်မှာ မကြုံဖူးကြောင်း၊ ဈေးမရလျှင် နှစ်ချို့လှောင်ကာ လာမည့်နှစ်တွင် ပြန်လည်ရောင်းချခြင်း၊ ပျိုးထောင်ကာရောင်းချခြင်းဖြင့် နှစ်ချို့လှောင်ကြကြောင်း၊ ကြက်သွန်နီမျိုးစေ့လှောင်ရာတွင် သန့်ရှင်းသည့် ပုံးဖြင့်ထည့်ကာ လှောင်မှ ပိုးမထိုးခြင်း၊ မျိုးစေ့အရည်အသွေး မကျခြင်းများ ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

# မွန်ပြည်နယ်၊ ရေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး(ဦးစီးမှူးတာဝန်) ဦးဝင်းအောင် (ယခု ဒုတိယဦးစီးမှူး မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာအုပ်စုတွင် တပ်မတော်မှ ပြန်လည်စွန့်လွှတ်ခဲ့သည့် သိမ်းဆည်းခံ လယ်ယာမြေ ကွင်းအမှတ် (၁၁၄၃)၊ ဦးပိုင်အမှတ် (၈/၁၅)၊ (၈/၁၆)၊ (၉/၁၇)၊ (၁၄)၊ (၈)ရှိ လယ်မြေ (၄၅၃) ဧကနှင့်ပတ်သက်၍ မူလလယ်ပိုင်ရှင်များက ပြန်လည်ရရှိရေး အဆင့်ဆင့်တိုင်ကြားခဲ့သည့်အပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး(ဦးစီးမှူးတာဝန်) ဦးဝင်းအောင်က (၁)ကေလျှင် (၁) သိန်းနှုန်းပေးပါက ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ပြောဆို၍ ငွေကျပ်သိန်း ၅၀ ပေးခဲ့ရသည့်အပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ်၊ ရေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး (ဦးစီးမှူးတာဝန်) ဦးဝင်းအောင်(ယခု ဒုတိယဦးစီးမှူး မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)သည် တပ်မတော်က ပြန်လည်စွန့်လွှတ်ခဲ့သည့် ရေးမြို့နယ် အံဒင်ကျေးရွာအုပ်စု၊ ရေပေါ်သောင်ကွင်း၊ ကွင်းအမှတ် (၁၁၄၃)တွင် မူလပိုင်ရှင်များထံမှ ဝယ်ယူခဲ့ကြောင်း စာချုပ်များတင်ပြကာ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိရေး လျှောက်ထားတင်ပြလာသည့် လယ်ပိုင်ရှင်(၁၄)ဦးထံမှ ငွေကျပ်သိန်း ၂၀၀ တောင်းခံခဲ့ရာ ပထမအကြိမ် ငွေကျပ် ၂၅ သိန်းနှင့် ဒုတိယအကြိမ် ငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ်သိန်း ၅၀ ကို လက်ခံရယူခဲ့ခြင်းဖြင့် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မွန်ပြည်နယ်၊ ရေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး (ဦးစီးမှူးတာဝန်) ဦးဝင်းအောင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ မွန်ပြည်နယ်၊ ရေးမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၃-၁၂-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၈:၃၅ - “ဒေါက်တာဝင်းမြတ်အေး (လူကယ်/ပြန်)ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း” (အပိုင်း-၂)
- ၈:၅၀ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု အစီအစဉ်(Video Clip)
- ၉:၁၅ - “အိပ်မက်လမ်းသို့ခရီးရှည်” (အာဒါတော်ကျေးရွာမှ လောချီးကျေးရွာသို့)
- ၁၀:၄၅ - နောက်ဆက်တွဲ သတိပြုရမည့်ဘေးအန္တရာယ်များ
- ၁၀:၅၀ - အကြိမ်(၃၀)မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲမြင်ကွင်းများ
- ၁၁:၀၀ - “၂၀၁၈ ခုနှစ်အတွက် အမျိုးသား စာပေဆုရနှင့် တွေ့ဆုံခြင်း” (ဆရာကျော်စွာမိုး)
- ၁၂:၃၀ - “ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဖိုးဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း”
- ၁၄:၂၅ - “ပုခက်လွှဲရင်း တေးသီနေသည့် အလင်းတိုင်” (ဒုတိယပိုင်း)

**ညပိုင်း**

- ၁၆:၂၅ - ထိုင်ခုံခါးပတ် ပတ်ခြင်းဖြင့် သင့်အသက်ကိုကာကွယ်ပါ
- ၁၆:၃၅ - ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)
- ၁၇:၃၀ - “တိုင်းပြည်တစ်ခွင် လမ်းတံတားတွေ ကွန်ရက်ဖြန့်လို့ ဘယ်ကိုနှင်နှင် ခရီးတွင်စေ...” (လပွတ္တာ(ပင်လယ်လေး) တံတား)
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - ၂၀၁၉ခုနှစ်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဂုဏ်ပြုမှတ်တမ်း“အတားအဆီးကင်းရေးမျှော်မှန်းလို့ မသန်စွမ်းလူ့အခွင့်အရေးဖော်ဆောင်စို့”
- - အကြိမ်(၃၀)မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲမြင်ကွင်းများ
- - တက္ကသိုလ်ရာပြည့်ဂုဏ်ပြုရုပ်ရှင်“ကောလိပ်ဂျင်”

## လှိုင်သာယာမြို့နယ်တွင် ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၂**

Myanmar Supply Co.,Ltd ဂိုဒေါင်မန်နေဂျာ ဦး----သည် နိုဝင်ဘာ ၁၉ ရက်က နေအိမ်တွင်ရှိနေစဉ် အမှတ် (၄/က)၊ ဆိပ်ကမ်းသာလမ်း၊ အပိုင်း (၆)၊ စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်ရှိ ကုမ္ပဏီရုံးခန်းအတွင်းရှိ စားပွဲအံဆွဲမှာ ပွင့်နေပြီး ကုမ္ပဏီမှ နေ့စဉ်အသုံးစရိတ်အဖြစ် ထုတ်ပေးထားသည့် ငွေကျပ် ၉၄၀၀၀ မှာ ပျောက်ဆုံးနေသည့်အပြင် ၎င်း၏ စားပွဲအံဆွဲတတိယထပ်မှာလည်း ပွင့်နေသည်ကို တွေ့ရှိရကြောင်း စာရေးမဖြစ်သူက ဖုန်းဆက်အကြောင်းကြားသဖြင့် သွားရောက်ကြည့်ရှုခဲ့ရာ ငွေကျပ် ၃၈၈၁၅၀၀၀ မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသွားသူအားစုံစမ်းဖော်ထုတ် အရေးယူပေးရန် ဦး-------က တရားလိုပြုလုပ်၍ တိုင်တန်းသောအမှုဖြစ်သည်။

အမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ တရားလိုနှင့် စက်ရုံဝန်ထမ်းများအား စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး စက်ရုံဝန်ထမ်းများထဲမှ မသင်္ကာသူ သန့်ရှင်းရေးဝန်ထမ်း ဒိုးလုံး(**ယာပုံ**) အား စစ်ဆေးခဲ့ရာ ၎င်းသည် နိုဝင်ဘာ ၁၉ ရက် ၀၀ နာရီ မိနစ် ၃၀ ခန့်တွင် ရုံးခန်းအတွင်းရှိ ဗီရိုနှင့် Locker ဘောက်အတွင်းမှ ငွေကျပ် ၃၈၈၁၅၀၀၀ အား ခိုးယူခဲ့ပြီး ရွှေထည်ပစ္စည်း ၁၀ မျိုး၊ နာရီနှစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀၀ ဝယ်ယူထားရှိကြောင်းနှင့်ကျန်ငွေများအား စက်ရုံခြံဝင်းထောင့် မြက်ရိုင်းတောထဲတွင် မြှုပ်နှံထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။




စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ဒိုးလုံးအား ဥပဒေနှင့်အညီ အမြန်တရားစွဲ တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

## လှိုင်မြစ်အတွင်း ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုကို အရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမငါးပွဲရုံဆိပ်ကမ်း ရန်ကုန်-လှိုင်မြစ်အတွင်း၌ နိုဝင်ဘာ ၂၉ ရက် ညနေ ၆ နာရီခွဲက အင်းစိန်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်နိုင်လင်း၊ အင်းစိန်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ရဲအုပ်ဇာမဲဖုန်ရမ် နှင့် တပ်ဖွဲ့ဝင်များ၊ ကမ်းနားအနောက်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံရေလုပ်သားများပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်မြစ်အတွင်း၌ သတင်းအရ သွားရောက်စစ်ဆေးရာ ကျိုက်လတ်မြို့နယ် အုန်းပင်စုကျေးရွာနေ ရေလုပ်သားများဖြစ်ကြသည့် ကိုသူ၊ နိုင်ထက်လင်း၊ လှိုင်မင်း၊ ဇော်ဝင်းအောင်၊ ရဲလင်းတို့သည် ဖိုက်ဘာလှေနှစ်စင်းနှင့် တရားမဝင်ဘက်ထရီရှော့တိုက်ကိရိယာ ကျဉ်စက်နှစ်လုံးတို့နှင့်အတူ ငါးဖမ်းဆီးနေကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်လတ်မြို့နယ်နေ ရေလုပ်သားငါးဦးတို့အား အင်းစိန်မြို့မရဲစခန်းက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၀၀၇




## တာချီလိတ်တွင် ငွေလဲဆိုင်ကို အနုကြမ်းစီး လုယက်မှုဖြစ်ပွား

**တာချီလိတ် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အမှတ် (၃၁) ငွေလဲဆိုင်၌ ဒီဇင်ဘာ ၂ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က အမျိုးသားလေးဦးသည် ငွေလဲဆိုင်အတွင်းသို့ ဝင်ရောက်ပြီး ဆိုင်အတွင်းရှိ သစ်သားဗီရို အတွင်းထားရှိသော ငွေကျပ်သိန်း ၂၀၀ ခန့် လုယက်ခဲ့ကြောင်း၊ ထို့နောက် မော်တော်ယာဉ်တစ်စီးဖြင့် ဗိုလ်ချုပ်လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တာချီလိတ်မြို့နယ် ရဲစခန်းက အမှုဖွင့် ထားရှိပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

## ညောင်လေးပင်၌ ၁၂ ဘီးယာဉ် တိမ်းမှောက်

**ညောင်လေးပင် ဒီဇင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရှမ်းရွာကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း အာလောကွေ့တွင် ဒီဇင်ဘာ ၁ ရက် ညနေ ၃ နာရီခွဲခန့်က မန္တလေးမှ ရန်ကုန်ဘက်သို့ ရေစကြိုမြို့နေ ယာဉ်မောင်း သန်းထွန်းဝင်း (၃၂ နှစ်) မောင်းနှင်၍ ချမ်းငြိမ်းရွှေ (၃၃ နှစ်) လိုက်ပါလာသော ၁၂ ဘီးယာဉ်သည် လမ်း၏ဝဲဘက်ခြမ်းသို့ လဲကျတိမ်းမှောက်ခဲ့ရာ သန်းထွန်းဝင်းနှင့် ချမ်းငြိမ်းရွှေတို့တွင် ထိခိုက်ဒဏ်ရာမရရှိကြောင်းသိရပြီး ယာဉ်မောင်းအား ညောင်လေးပင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကော့သောင်းမြို့တွင် မီးလောင်မှုဖြစ်ပွား

**ကော့သောင်း ဒီဇင်ဘာ ၂**

ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ဘုရားလမ်း အိမ်အမှတ် (၂၀၉) တွင် ယမန်နေ့ညနေပိုင်းက အိမ်ပိုင်ရှင် ဒေါ်ကြီးမွေ့(ခေါ်) မမွေ့၏ မွေးစားသားဖြစ်သူ အောင်ဇင်မင်း(ခ) အောင်ဇော်မင်းသည် ပလတ်စတစ်ခြင်းအတွင်း စက္ကူတင်၍ မီးရှို့ရာမှ အိမ်၏အတွင်းနံရံသို့ မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ရေသယ်ယာဉ် နှစ်စီး၊ မီးသတ်ယာဉ်တစ်စီးနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းငြိမ်းသတ်နိုင်ခဲ့ပြီး အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိကြောင်းနှင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာသို့ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်ကူညီဆောင်ရွက်မှုများပေးခဲ့ကြောင်း၊ မီးလောင်မှုနှင့်စပ်လျဉ်း၍ အောင်ဇင်မင်း(ခ) အောင်ဇော်မင်းအား ကော့သောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**




## ပျဉ်းမနားမြို့တွင် ဖုန်း ၂၈ လုံးနှင့် လက်ပ်တော့နှစ်လုံးခိုးယူသူ ဖမ်းဆီးရမိ

**ပျဉ်းမနား ဒီဇင်ဘာ ၂**

နေပြည်တော် ပျဉ်းမနားမြို့တွင် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းမင်းသိန်း၏ကြီးကြပ်မှုဖြင့် ပျဉ်းမနားမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ- ၃၈၀ ဖြင့် အမှုဖွင့်ဖမ်းဆီးထားသည့် ဇေယျာသီရိမြို့နယ်နေ ရဲဝင်းထက်(ခ) ဖိုးချစ် (၂၃ နှစ်) နှင့် ဇေယျာမင်း (၂၀ နှစ်) တို့အား နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ကြပ်ကြီး ဝင်းဗိုလ်နှင့် တပ်ဖွဲ့ဝင်များ၊ ရေဆင်းနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် သောင်းညွန့်နှင့် ရဲတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁ ရက်က စစ်ဆေးမေးမြန်းရာ ဖုန်း ၂၈ လုံးနှင့်အတူ နိုဝင်ဘာ ၂၅ ရက်တွင် ပျဉ်းမနားမြို့ရှိ နေအိမ်အဆောက်အအုံတစ်ခုအတွင်းမှ လက်ပ်တော့နှစ်လုံးတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

အဆိုပါပစ္စည်းများအား ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းပြီး ရဲဝင်းထက်(ခ) ဖိုးချစ်နှင့် ဇေယျာမင်းတို့နှစ်ဦးအား ပျဉ်းမနားမြို့မရဲစခန်းတွင် အမှုဖွင့်၍ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ကျောင်းများသို့ စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေး

**ဟားခါး ဒီဇင်ဘာ ၂**

ဟားခါးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ရွှေ့လျား စာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာငှားသူလက်ဝယ်အရောက် စာအုပ်စာစောင်များကို မြို့နယ်အတွင်း လှည့်လည်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

ဒီဇင်ဘာ ၂ ရက်တွင် ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းနှင့် စိန်ဂျွန်း ကိုယ်ပိုင်မူလတန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းနှင့်အတူ ကလေးများအား တိုင်းရင်းသားပုံပြင်စာအုပ်များ ဖတ်ပြခြင်းနှင့် ပုံပြောခြင်း အစီအစဉ်များကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

## ကျောင်းအခြေပြု မီးဘေးလုံခြုံရေး ဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြ

**ဒီးမော့ဆို ဒီဇင်ဘာ ၂**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မီးသတ်တပ်ဖွဲ့က ကြီးမှူး၍ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို နန်းမယ်ခုံမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ဒီဇင်ဘာ ၂ ရက်က ပြုလုပ်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၅၀ ကျော် တက်ရောက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယမီးသတ်ဦးစီးမှူး ဦးပကူးက မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြောဆွေးနွေးပြီးနောက် ကျောင်းသား ကျောင်းသူများအား မီးသတ်လုပ်ငန်းသုံး ပစ္စည်းကိရိယာများ အသုံးပြုပုံ၊ အသက်ရှူကိရိယာကို လက်တွေ့ဝတ်ဆင်ခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှုတွင် ရေမှုန်ရေမွှား အအေးပေးစနစ်ဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## မာန်အောင်မြို့နယ်မှ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပေးအပ်

**မာန်အောင် ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း(ရန်ကုန်)မှ ပေးပို့လှူဒါန်းသော သုတ/ရသစာအုပ်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးသိန်းထွန်းအောင်၊ မြို့နယ်စာရေးဆရာအသင်း(မာန်အောင်) အဖွဲ့ဝင် ဦးသန်းအောင်နှင့် ရခိုင်ပြည်နယ်စာကြည့်တိုက်ဖောင်ဒေးရှင်း အဖွဲ့ဝင် ဦးကျော်ကျော်အောင်တို့က ကျေးရွာစာကြည့်တိုက်များသို့အရောက် သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ပေးအပ်လှူဒါန်းသော သုတ/ရသ စာအုပ် ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ်သုံးသိန်းခန့်)ကို တက်နေဝန်းစာကြည့်တိုက်(သစ်ပုံ)၊ အလင်းရောင်စာကြည့်တိုက်(ကံလက်)၊ ဘဝအလင်းရောင်စာကြည့်တိုက်(ပုန်းညက်တော)သို့ နိုဝင်ဘာ ၃၀ ရက်တွင်လည်းကောင်း၊ လင်းရောင်ခြည်စာကြည့်တိုက်(ဆင်နားချောင်)၊ ဖွဲ့မာန်စာကြည့်တိုက်(မင်းပြင်)နှင့် ပွင့်သစ်ဝေစာကြည့်တိုက်(သာယာကုန်း)သို့ ဒီဇင်ဘာ ၁ ရက်တွင်လည်းကောင်း ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဝင်များထံ လက်ဝယ်အရောက် လှူဒါန်းပေးအပ်ခဲ့ကြပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းထွန်းအောင် (ပြန်/ဆက်)**

## AIDS တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် အသိပညာပေးယာဉ်ဖြင့် လှည့်လည်ပညာပေး

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၂**

ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် လိင်မှတစ်ဆင့် HIV နှင့် ကာလသားရောဂါများ ဖြစ်ပွားမှုလျော့ကျစေရေးအတွက် အသိပညာပေးယာဉ်ဖြင့် လှည့်လည် အသိပညာပေးခြင်းကို မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြရွှေပြည်ကားကြီးကွင်းအတွင်း ဒီဇင်ဘာ ၂ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။




ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးယာဉ်ဖြင့် လိုက်လံဟောပြောနေစဉ်

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာငြိမ်းချမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာနှင်းဇော်သိန်းနှင့် တာဝန်ရှိသူများက မော်တော်ယာဉ်ပေါ်၌ လိုက်ပါ၍ ရပ်ကွက်နေ ပြည်သူများနှင့် ခရီးသွားပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ ပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် တေးသရုပ်ဖော် အစီအစဉ်များဖြင့် ပညာပေး ဖျော်ဖြေခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

HIV/AIDS တိုက်ဖျက်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်နှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ HIV ပညာပေးခြင်း၊ အခမဲ့ကွန်ဒုံး ဖြန့်ဝေပေးခြင်း၊ ကာလသားရောဂါ ရှိ မရှိ စမ်းသပ်စစ်ဆေးပြီး ကုသပေးခြင်း၊ မူးယစ်ဆေးထိုးသွင်းသူများအကြား HIV ပိုး ကူးစက်ခံရမှု အန္တရာယ် လျှော့ချရေးလုပ်ငန်း၊ HIV ပိုး ကူးစက်ခံရခြင်းရှိမရှိ သွေးစစ်ဆေးခြင်းလုပ်ငန်း၊ မိခင်မှ ကလေးသို့ HIV ပိုး ကူးစက်ခံရမှု ကာကွယ်ရေးလုပ်ငန်းနှင့် ART ဆေးဖြင့် ကုသခြင်းလုပ်ငန်း စသည်တို့ကို တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **သန်းဇော်မင်း (ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ် ရွှေဘိုကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ပွင့်ဖြူ ဒီဇင်ဘာ ၂**

ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ဒေသခံ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်နိုင်ရန် ရည်ရွယ်လျက် ကျေးလက်ဒေသ



ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို နိုဝင်ဘာ ၂၇ ရက်က ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုကျေးရွာရှိ ရွှေဘိုဘုရားကြီး ဓမ္မာရုံ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းက အမှာစကားပြောကြားသည်။

ပြည်သူ့စကားဝိုင်းတွင် ဒေသခံ ကျေးရွာနေပြည်သူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း ပြုလုပ်ရန်အတွက် လိုအပ်ချက်အခက်အခဲများ၊ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းအခက်အခဲများ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ရေးနှင့် ကုသပေးရေးကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လယ်ယာမြေအား အခြားမြေအဖြစ် သုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ရန်အချက်များနှင့် ကျောင်းသားအမည်စာရင်းနှင့် ကျောင်းသားမိဘ အမည်စာရင်း ကွဲလွဲနေမှု ပြင်ဆင်ရန်ကိစ္စရပ်များ စသည်တို့ကို တင်ပြဆွေးနွေး ခဲ့ပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဥယျာဉ်ကျစ်ကျေးရွာ၊ ရောက်တောကျေးရွာနှင့် ရွှေဘိုကျေးရွာတို့မှ ပြည်သူ ၃၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဘက်စုံသုံးခန်းမ ဆောက်လုပ်

**ဘုတလင် ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ငွေးပင်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်လျက်ရှိရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ငွေးပင်ကျင်းကျေးရွာ ဘက်စုံသုံးခန်းမဆောင်သည် အလျား ပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရငွေ ကျပ် ၁၂ ဒသမ ၅ သန်း ဖြင့် ဆောက်လုပ်နေခြင်းဖြစ်ကြောင်းနှင့် ဆောက်လုပ်မှုအခြေအနေများကို ကျေးရွာကော်မတီဝင်များက ရှင်းလင်းတင်ပြကြပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ ကျေးရွာဘက်စုံသုံး ခန်းမဆောင်ကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဖိုးခါး (ပြန်/ဆက်)**

## အရန်မီးသတ် မွမ်းမံသင်တန်း မိတ္ထီလာတွင် ဖွင့်လှစ်

**မိတ္ထီလာ ဒီဇင်ဘာ ၂**

မိတ္ထီလာမြို့နယ်အတွင်း မီးလောင်မှုများ လျော့နည်းကျဆင်းအောင် ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပွားပါက ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း ကို ကံကောင်းကျေးရွာ၌ ဒီဇင်ဘာ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက မိတ္ထီလာမြို့နယ်၌ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအုပ်စု ၅၈ အုပ်စုရှိပြီး လူဦးရေ သုံးသိန်းကျော်၊ လူနေအိမ်ခြေ အဆောက်အအုံ ၅၀၀၀၀ ကျော်ရှိသည့် မြို့တစ်မြို့ဖြစ်ကာ နှစ်စဉ် တိုးတက်လာသည့် လူဦးရေ၊ အိမ်ခြေနှင့် စက်ရုံအလုပ်ရုံများကြောင့် မီးလောင်မှုများပြားလာသည့်အတွက် မီးလောင်မှုများ လျော့နည်းကျဆင်းစေရန်နှင့် ထိရောက်သည့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများပါ ပူးပေါင်းလုပ်ကိုင်နိုင် ရန် သင်တန်းများကို ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

မိတ္ထီလာမြို့နယ်အတွင်း သန္ဓေမီးသတ်စခန်း ငါးခု၊ အရန်မီးသတ်စခန်း နှစ်ခု ရှိပြီး သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅၄၉ ဦးဖြင့် မီးလောင်မှုများ လျော့နည်းကျဆင်းအောင် ဆောင်ရွက်လျက်ရှိသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

## ခန္တီးမြို့၌ "ဆိုးတဲ့အမေ" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

ခန္တီးမြို့ရှိ စာပေချစ်မြတ်နိုးသူများ၏ စာဖတ်ဝိုင်းကို နိုဝင်ဘာ ၃၀ ရက်က ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးအမ်းအင်းလမ်းက စာဖတ်ဝိုင်းပြုလုပ်ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ဆရာဦးအုန်းလွင်က စာရေးဆရာ ဇေဦးယျာ၏ အတ္ထုပ္ပတ္တိနှင့် ၎င်းရေးသားသည့် "ဆိုးတဲ့အမေ" စာအုပ်ပါ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာအုပ်ပါ ဆိုးတဲ့အမေဝတ္ထုတိုနှင့် အခြားဝတ္ထုတိုများအကြောင်းကို ဦးဇော်ထွန်းနိုင် (ခရိုင် ကော်မရှင်ဦးစီးအရာရှိ)၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးအောင်သိန်းထွန်း၊ ဆရာ ဦးဇော်လင်းခန့်နှင့်ဆရာဦးသိန်းထွန်းဦး(မြို့နယ်ကော်မရှင်ဦးစီးအရာရှိ)တို့က ဦးဆောင် ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ ခန္တီးမြို့ရှိ စာပေချစ်မြတ်နိုးသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းဆရာ ဆရာမများ တက်ရောက်ခဲ့သည်။ **ချန်လော (ခန္တီး)**

# မြန်မာဆယ်ကျော်သက် မသန်စွမ်းလူငယ်များပေးသော ကြည်နူးမှု ပုံရိပ်များ

ဒေါက်တာအေးမြတ်လွင် (ဟသ်္သာတ)

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက်နိပ္ပွန်ဖောင်ဒေးရှင်း၊ သတင်းအချက်အလက်ဆက်သွယ်ရေး ဖောင်ဒေးရှင်းတို့၏ ကဏ္ဍ**

ကျွန်မတို့၏ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ လေ့ကျင့်သင်ကြားရေးစင်တာဟာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် နိပ္ပွန်ဖောင်ဒေးရှင်းတို့ သဘောတူစာချုပ်လွှာရေးထိုးပြီး သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာစင်တာ ဖောင်ဒေးရှင်းကို ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်စေရန် စီမံချက်တစ်ခုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စင်တာမှာအဓိကအားဖြင့် ကွန်ပျူတာနည်းပညာများကို အခြေခံမှစ၍ အဆင့်မြင့်နည်းပညာများအထိ မသန်စွမ်းလူငယ်လူရွယ်များအပါအဝင် လူငယ်များ၊ ဝန်ထမ်းများကို သက်ဆိုင်ရာသင်ရိုးညွှန်းတမ်းများဆွဲကာ စနစ်တကျ သင်တန်းများဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

**မသန်စွမ်း ဆယ်ကျော်သက်များ၏ ကမ္ဘာ့သတင်းအချက်အလက် နည်းပညာပြိုင်ပွဲ**

၂၀၁၉ခုနှစ် နိုဝင်ဘာလတွင် ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ကျင်းပသည့် မသန်စွမ်းဆယ်ကျော်သက်များ၏ ကမ္ဘာ့သတင်းအချက်အလက် နည်းပညာပြိုင်ပွဲအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်းတို့မှ ယင်းပြိုင်ပွဲနှင့်ပတ်သက်ဆောင်ရွက်သည့်အဖွဲ့နှင့် ဆက်သွယ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်မည့် ပဏာမ လူရွေးပွဲကို မသန်စွမ်းအမျိုးအစား လေးမျိုးစလုံးအတွက် ဝင်ရောက်ဖြေဆိုနိုင်ရန် ကျွန်မတို့စင်တာကို ဆက်သွယ်လာသည့်အတွက် ဝင်ရောက်ဖြေဆိုမည့် မသန်စွမ်းသင်တန်းသား ခုနစ်ဦးကို ယင်းရွေးချယ်ပွဲသို့ သွားရောက်ဖြေဆိုစေခဲ့ရာ စင်တာမှနှစ်ဦး ရွေးချယ်ခံခဲ့ရပါသည်။ ကျန်နှစ်ဦးမှာ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မျက်မမြင်ကျောင်းမှတစ်ဦးနှင့် မွန်ပြည်နယ်မှတစ်ဦးတို့ ရရှိသည့်အတွက် အမြင်အာရုံမသန်စွမ်းသူတစ်ဦး၊ ဉာဏ်ရည် မသန်စွမ်းသူတစ်ဦး၊ အကြားအာရုံချို့တဲ့သူတစ်ဦး၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူတစ်ဦးအဖြစ် လေးဦးကို မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နိုင်ရန် ရွေးချယ်ခြင်းခံခဲ့ရပါသည်။

ရွေးချယ်ခံရသူ လေးဦးစလုံးအတွက် သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာလေ့ကျင့်သင်ကြားရေးစင်တာဖောင်ဒေးရှင်း ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကို ခံယူကာ လူမှုဝန်ထမ်းဦးစီးဌာနကို တင်ပြခဲ့ပြီး ကျွန်မတို့၏ သင်တန်းကျောင်းမှာ အောင်နိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်ပေးခဲ့ကြပါသည်။ ရှေ့ပိုင်းတွင် နည်းပညာများအတွက်၊ အချင်းချင်းစည်းလုံးမှုများအတွက်၊ အချင်းချင်း ရိုင်းပင်းကူညီနိုင်အောင်အတွက်၊ သက်ဆိုင်ရာယဉ်ကျေးမှု ပွဲများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် စနစ်တကျ လေ့ကျင့်နိုင်ခဲ့ပြီး သွားခါနီးတစ်လအလိုမှာ အသေးစိတ် ပြန်လည်လေ့ကျင့်ပေးခဲ့ကြသည်။



“မသန်စွမ်း ပြိုင်ပွဲဝင်မည့် ကလေးလေးဦးသည် တစ်မျိုးစီ မသန်စွမ်းကြသော်လည်း စခန်းသွင်း လေ့ကျင့်စဉ် ခင်မင်ရင်းနှီးမှု၊ နိုင်ငံအလိုက် လှုပ်ရှားဆောင်ရွက်မှု အပေါ်မှာ ပြိုင်ပွဲကာလ တစ်လျှောက်လုံး အကဲဖြတ်နေမည်ဖြစ်သည်ဆိုသည့် အသိရှိမှု၊ မသန်စွမ်းသူအချင်းချင်း ချိတ်ဆက်နိုင်မှုများက မိမိအသိဖြင့် မသွားခင်မှာ လေ့ကျင့်နိုင်ခဲ့ကြပါသည်”

လေ့ကျင့်ပေးသူများမှာ စီမံခန့်ခွဲနိုင်ရန်အတွက် စီမံချက်ဝန်ထမ်းများ၊ နည်းပညာအတွက် နည်းပညာကျွမ်းကျင်သူများ၊ အချင်းချင်းဖေးမကူညီမှုများအတွက် မိသားစုဝင်များအားလုံး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တိုင်ပင်ပြီး အနိုင်ရနိုင်အောင်၊ အခက်အခဲများကို ကျော်လွှားနိုင်အောင် အဘက်ဘက်က ဖြည့်ဆည်းပြီး တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြပါသည်။

**ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသွားလာနေထိုင်ရေးများအတွက် လိုအပ်သော စာရွက်စာတမ်းများကိုလည်း ပံ့ပိုးကူညီမှု ဆောင်ရွက်ပေးခဲ့ပါသည်။

ရွှေမင်းသားဖောင်ဒေးရှင်းက အဓိကဆောင်ရွက်သူ ပီပီ GITC အဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။ လိုအပ်သော နိုင်ငံကူးလက်မှတ်ကိစ္စ၊ သံရုံးကိစ္စများအတွက် အဓိက ဆောင်ရွက်ပေးခဲ့ပါသည်။

**သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာစင်တာ စီမံချက်၏ ဆောင်ရွက်ချက်အခန်းကဏ္ဍ**

စီမံချက်အနေဖြင့် စီမံခန့်ခွဲပေးရာမှာ နည်းပညာတစ်ခုတည်းအတွက် ဦးမတည်ဘဲ တစ်ဦးချင်းတစ်ယောက်ချင်းစီအတွက် လိုအပ်ချက်များ၊ အချင်းချင်းအားဖြည့်ကူညီရမည့် အပိုင်းများ၊ ပြိုင်ပွဲကာလတွင် ရင်ဆိုင်ရမည့်ကိစ္စရပ်များအတွက် တစ်ဦးချင်းနေတတ်အောင်၊ ဆောင်ရွက်တတ်အောင် စိတ်ထားတတ်အောင်တွေအပြင် အချင်းချင်းစည်းလုံးရန်၊ အချင်းချင်း နားလည်နိုင်သည့် အနေအထားများနှင့် ဆက်သွယ်တတ်ရန်၊ စီမံခန့်ခွဲတတ်ရန်၊ ဦးဆောင်တတ်ရန်၊ အချင်းချင်း သည်းခံခွင့်လွှတ်တတ်ရန် စီစဉ်လေ့ကျင့်ပေးခြင်း၊ စိတ်ဓာတ်ခွန်အားများ ဖြည့်ဆည်းပေးခြင်းများကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြပါသည်။

ကျန်းမာရေးအတွက် လိုအပ်ချက်များအတွက်လည်း မိသားစုဝင်များနှင့် တိုင်ပင်ဆောင်ရွက်ခဲ့ကြပါသည်။ မိမိနိုင်ငံနှင့်ပတ်သက်သည့် ယဉ်ကျေးမှုဆိုင်ရာ ဖျော်ဖြေပွဲအတွက်လည်း ကရင်ဒုံးယိမ်းအကကို နေ့စဉ်လေ့ကျင့်ခြင်း၊ ကရင်တိုင်းရင်းသားဝတ်စုံ ရွေးချယ်ဆင်ယင်ခြင်းများကို စီစဉ်ပေးခဲ့ကြပါသည်။ ကိုရီးယားနိုင်ငံ၏ ရာသီဥတုအနေအထားအရ ဝတ်စားရမည့် အဝတ်အစားများကိုလည်း ရွေးချယ်နိုင်ရန် ဆွေးနွေးခဲ့ကြပါသည်။

**နည်းပညာဆိုင်ရာ အခန်းကဏ္ဍ**

နည်းပညာပံ့ပိုးသူများကလည်း မသန်စွမ်းကဏ္ဍအလိုက် တစ်ဦးချင်းပြိုင်ရမည့် ခေါင်းစဉ်များကို အနီးကပ်လေ့ကျင့်ပေးကြသကဲ့သို့ အုပ်စုလိုက် ပြိုင်ပွဲဝင်ရမည့် ပြိုင်ပွဲများအတွက်လည်း အချိတ်အဆက် မိနိုင်အောင် လေ့ကျင့်ပေးခဲ့ကြပါသည်။ လေ့ကျင့်သည့်အခါတွင်လည်း ယခင်နှစ်က မေးခွန်းများအပေါ် ပြန်လည်လေ့ကျင့်ခြင်း၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့် အခက်အခဲများကို မည်သို့ကျော်လွှားနိုင်ပုံများကို အားဖြည့်သင်ကြားပေးခဲ့ပါသည်။

တိုင်းပြည်အလိုက် အုပ်စုလိုက် လုပ်ဆောင်ရမည့် စက်ရုပ်နှင့်ပတ်သက်သည့် ဆောင်ရွက်မှု၊ Movie Making ဖြစ်မြောက်အောင် စီမံဆောင်ရွက်မှုများကိုလည်း ချိတ်ဆက်ဆောင်ရွက်နိုင်အောင် လေ့ကျင့်ပေးခဲ့ကြပါသည်။

**မသန်စွမ်းကလေးသူငယ်များ၏ မိဘတို့ အခန်းကဏ္ဍ**

မသန်စွမ်းကလေးများ မိဘများ၏ မသန်စွမ်းသားသမီးများအပေါ်ထားသည့် စိတ်ဓာတ်များကလည်း အံ့မခန်းလောက်အောင် ကြည်နူးရပါသည်။ ၎င်းကလေးလေးယောက်စလုံးအတွက် နေထိုင်စားသောက်ရေး အစီအစဉ်များ၊ တစ်စုံတစ်ဦး၏ အကူအညီ မယူမဖြစ်ယူရသည့် အနေအထားတွင် ကိုရီးယားရောက်လျှင် အချင်းချင်းကူညီရမည့် အနေအထားများအတွက် မိဘများက ညီအစ်ကိုအရင်းလို အချင်းချင်း လုပ်ပေးနိုင်အောင် မှာကြားလေ့ကျင့်စေခဲ့ပါသည်။ ဥပမာ- အဝတ်အစားဝတ်ဆင်ခြင်း၊ အလေးအပေါ့သွားခြင်းတို့ ပါဝင်ပါသည်။ လိုအပ်ချက်ရှိသူများအတွက် သားသမီးနှင့်မခြား ငွေရေးကြေးရေး လိုအပ်ချက်၊ အသုံးအဆောင်ပစ္စည်း လိုအပ်ချက်များကိုလည်း အချင်းချင်းဝိုင်းဝန်းဖြည့်ဆည်းပေးနေခြင်းကပင်လျှင် မိသားစုအကြီးကြီးတစ်ခုကို နွေးနွေးထွေးထွေး ဖန်တီးနိုင်ခဲ့ကြသလို ခံစားရပါသည်။




ဘူဆန်မြို့၌ ကျင်းပသည့် မသန်စွမ်းဆယ်ကျော်သက်များ၏ ကမ္ဘာ့သတင်းအချက်အလက်နည်းပညာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာလူငယ်များ။

**သွားရောက်ယှဉ်ပြိုင်မည့် မသန်စွမ်း ပြိုင်ပွဲဝင်များ၏ အခန်းကဏ္ဍ**

မသန်စွမ်းပြိုင်ပွဲဝင်မည့် ကလေး လေးဦးသည် တစ်မျိုးစီ မသန်စွမ်းကြသော်လည်း စခန်းသွင်း လေ့ကျင့်စဉ် ခင်မင်ရင်းနှီးမှု၊ နိုင်ငံအလိုက် လှုပ်ရှားဆောင်ရွက်မှုအပေါ်မှာ ပြိုင်ပွဲကာလတစ်လျှောက်လုံး အကဲဖြတ်နေမည်ဖြစ်သည်ဆိုသည့် အသိရှိမှု၊ မသန်စွမ်းသူအချင်းချင်း ချိတ်ဆက်နိုင်မှုများက မိမိအသိဖြင့် မသွားခင်မှာ လေ့ကျင့်နိုင်ခဲ့ကြပါသည်။

သွားရောက်ယှဉ်ပြိုင်ရန် အချိန်ကိုရောက်လာသည့်အခါ အရိပ်တကြည့်ကြည့်နေပေးသော မိဘများ၏ ရင်ခွင်များမှ ခွဲခွာပြီး အားမာန်အပြည့်နှင့် ရဲရင့်စွာ လူမှုဝန်ထမ်းမှ ဦးဆောင်သူတစ်ဦး၊ ရွှေမင်းသားဖောင်ဒေးရှင်းမှ ဦးဆောင်သူတစ်ဦးတို့၏ အစီအစဉ်ဖြင့် ကိုရီးယားနိုင်ငံ ဘူဆန်မြို့ကို ၂၀၁၉ ခု နိုဝင်ဘာလ ၂၄ ရက်နေ့မှာ စတင်ထွက်ခွာသွားခဲ့ကြပါသည်။ ပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်သည့် နိုင်ငံများမှာ မြန်မာနိုင်ငံအပါအဝင် စုစုပေါင်း ၂၄ နိုင်ငံဖြစ်ပြီး ယှဉ်ပြိုင်သူစုစုပေါင်း ၉၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံမှအုပ်စုလိုက် အပေးအယူမျှခြင်း၊ စည်းလုံးခြင်း၊ အချင်းချင်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခြင်းတို့ကြောင့် " The Good Award" ဆုများကို အကြားအာရုံ မသန်စွမ်းသူ မစုဝေလင်း၊ အမြင်အာရုံ မသန်စွမ်းသူ မောင်မြတ်ကိုကိုနှင့် ကိုယ်လက်အင်္ဂါချို့တဲ့သူ မောင်ပြည့်စုံအောင်တို့သုံးဦးက မသန်စွမ်းကဏ္ဍအလိုက် ဆုများရရှိခဲ့ကြပါသည်။ မောင်ပြည့်စုံအောင်က "Super Challenger Awards" ကို ဆက်လက်ရယူနိုင်ခဲ့ပါသည်။ ပြီးခဲ့သည့် အောက်တိုဘာလက အိန္ဒိယနိုင်ငံမှာ ကျင်းပခဲ့သည့် မသန်စွမ်းသူများ ဘောလုံးအသင်းတွင် တစ်ဖက် ဂိုးသွင်းချက်များကို တစ်လုံးမှ အဝင်မခံဘဲ ထိထိရောက်ရောက်ကာကွယ်ရင်း မြန်မာနိုင်ငံအတွက် အနိုင်ဒိုင်းဆုကြီးကို ရယူပေးနိုင်ခဲ့သူ ဂိုးဖမ်းသမားလေး သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာလေ့ကျင့်သင်ကြားရေးစင်တာက ချစ်စရာကျောင်းသားလေး မောင်ကောင်းမြတ်စံက သည်ပွဲမှာ အစ်ကိုအစ်မများ၏ လိုအပ်ချက်များကို အပင်ပန်းခံ ဖြည့်ဆည်းပေးရင်း ကြည်နူးမှုကို ရင်ဝယ်ပိုက် ပြန်လာနိုင်ခဲ့ခြင်းကိုလည်း ကျွန်မတို့က အများကြီး တန်ဖိုးထားအသိအမှတ်ပြုနိုင်ခဲ့ပါသည်။

**နိုင်ငံဂုဏ်ဆောင်ချစ်စရာ သားငယ်သမီးငယ်များ**

သည်ဆယ်ကျော်သက် မသန်စွမ်းကလေးငယ်လေးဦးသည် ပေါင်းစည်းခြင်းကို တန်ဖိုးထားသည့်စိတ်ဓာတ်၊ အဖွဲ့အစည်း စိတ်ဓာတ်၊ ကြိုးစားလိုသောစိတ်ဓာတ်၊ ကျရာနေရာက နိုင်ငံဂုဏ်ဆောင်လိုသော စိတ်ဓာတ်များသည် လေးစားချစ်ခင်ဖွယ်မို့ သည်နှစ်မှာ ကျရောက်သည့် မသန်စွမ်းသူများနေ့ကို ကလေးငယ်များ၏ အောင်မြင်မှု အသီးအပွင့်များနှင့်အတူ ဂုဏ်ပြုလိုက်ပါသည်။ ။

## မြင်းမူမြို့ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ၈၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီး

**မြင်းမူ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း ကျန်းမာရေးဝန်ထမ်းများနေထိုင်ရန်အတွက် တည်ဆောက်လျက် ရှိသော ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းမှာ လက်ရှိအချိန်တွင် ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဝန်ထမ်း ၆၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဝန်ထမ်းများ အဆင်ပြေစွာနေထိုင်၍ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ (ပထမအကြိမ်) ခွင့်ပြုငွေကျပ် ၃၃၈ ဒသမ ၂ သန်းဖြင့် အဆိုပါ ဝန်ထမ်းအိမ်ရာကို ချင်းတွင်းသီဟကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း၊ မကြာမီလုပ်ငန်းများ ပြီးစီး၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်တော့မည်ဖြစ်ကြောင်း လုပ်ငန်းဆောင်ရွက်နေသူ တာဝန်ခံအင်ဂျင်နီယာ ဒေါ်အိဖြူက ပြောသည်။ အဆိုပါ ဝန်ထမ်းအိမ်ရာကို ၂၀၁၈ ခုနှစ် ဧပြီလဆန်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အာရ်စီလေးခန်းတွဲ လေးထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



မကြာမီ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးတော့မည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ

## အလုံမြို့နယ်လုံးကျွတ် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်အပူဇော်ခံပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မဟာအောင်ဗောဓိ ဆုတောင်းပြည့် ဘုရား၌ ကိန်းဝပ်စံပယ်လျက်ရှိသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့နယ်အတွင်း (၁၆)ကြိမ်မြောက် ဒေသစာရီ လှည့်လည်အပူဇော်ခံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလုံမြို့နယ်၌ အဆိုပါ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ လှည့်လည်အပူဇော်ခံပွဲကို ပထမအကြိမ်မှစတင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်သည် (၁၆) ကြိမ်မြောက်ဖြစ်ကြောင်း၊ ယခုနှစ် အပူဇော်ခံပွဲတွင် မဟာအောင်ဗောဓိ ဆုတောင်းပြည့်ဘုရားမှ ရုပ်ပွားတော်များကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီမှ စတင်ပင့်ဆောင်၍ မြို့နယ်အတွင်း ဒေသစာရီလှည့်လည် အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## ခန္တီးမြို့ ပြည်သူ့ဆေးရုံ၌ သုံးမွှာပူး ယောကျာ်းလေးများ အောင်မြင်စွာ မွေးဖွား

**ခန္တီး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ မြို့မ ရပ်ကွက်နေ ဦးအာနွယ်နှင့် ဒေါ်နီကေတို့၏ သုံးမွှာပူး ကလေးများအား ဒီဇင်ဘာ ၁ ရက် နံနက် ၂ နာရီတွင် ခန္တီးမြို့ ပြည်သူ့ဆေးရုံ၌ အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သုံးမွှာပူးကလေးများမှာ ယောကျာ်းလေးများဖြစ်ကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ပြည်သူ့ဆေးရုံတွင် မွေးဖွားရန် ဖြစ်သော်လည်း လဟယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးအခက်အခဲနှင့် ဆရာဝန် အခက်အခဲများ ရှိနေခဲ့သောကြောင့် လဟယ်မြို့ ပြည်သူ့ဆေးရုံ၏ လွှဲစာဖြင့် ခန္တီးမြို့ ပြည်သူ့ဆေးရုံသို့ လာရောက်မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း၊ အချိန်မီ လာရောက် မွေးဖွားနိုင်ခဲ့၍ မိခင်နှင့် ကလေးသုံးယောက်လုံး ကျန်းမာရေး ကောင်းမွန်ကြောင်း၊ လိုအပ်သော ဆေးဝါးများကို ခန္တီးမြို့ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာလေးဖြူပြာအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချန်လော (ခန္တီး)**

## တပ်ကုန်းမြို့၌ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**တပ်ကုန်း ဒီဇင်ဘာ ၂**

နေပြည်တော် အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနနှင့် Farm Project တို့ ပူးပေါင်း၍ ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာအုပ်စု ရွှေးစုကျေးရွာရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ(KC)၌ နိုဝင်ဘာ ၂၉ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိပြီး ဒီဇင်ဘာ ၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



သင်တန်းတွင် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုကို လက်တွေ့သင်ကြားနေစဉ်။

အဆိုပါသင်တန်းသို့ ကျေးရွာ ငါးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းတွင် နေပြည်တော် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သုတေသနလက်ထောက်(၃) ဒေါ်ခင်ဌေးမော်နှင့် ဒေါ်အိအိလှိုင်တို့က နာနတ်သီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်၊ ဆီးဖျော်ရည်၊ ဆီးယို၊ မရမ်းယို၊ ပြောင်း ဖူးပေါက်ပေါက်၊ သစ်သီးဂျယ်လီပျော့၊ သစ်သီးဂျယ်လီမာ၊ ထောပတ် ကွတ်ကီး၊ အာလူးကြော်၊ ကပ်ကိတ်၊ ပဲချောင်း၊ ဘတ်တာကိတ်၊ ငါးမုန့်ကြော်၊ ကြက်သွန်ပေါင်းကြော်နှင့်ခရမ်းချဉ်သီးဆော့ စသည့် စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချနိုင်သည်အထိ လိုအပ်သော သင်ခန်းစာများကို သင်ကြားပေးမည် ဖြစ်သည်။

**တင်စိုးလွင်**

## နေပြည်တော် ဇမ္ဗူသီရိနှင့် ဒက္ခိဏသီရိမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်ကောင်စီ မီးသတ်ဦးစီးဌာနမှူးရုံးက ကြီးကြပ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၁၉) ကို ဒီဇင်ဘာ ၂ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၃) နယ်မြေမီးသတ်စခန်း၌ ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ဇမ္ဗူသီရိမြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းကျော်က အရန်မီးသတ်တပ်ခွဲမှူး ဦးတင်ဦးထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဒက္ခိဏသီရိမြို့နယ် မီးသတ်စခန်း၌လည်း အလားတူ သင်တန်းတစ်ရပ်ကို ဖွင့်လှစ်ခဲ့ရာ မီးသတ်ဦးစီးဌာန နေပြည်တော် ဒုတိယတိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်က သင်တန်းဖွင့်မိန့်ခွန်း ပြောကြားပြီး သင်တန်းသားများအား တူညီဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးမြင့်ဝေထံသို့ ပေးအပ်ခဲ့သည်။

**ကိုကိုရှူပ(နေပြည်တော်)**

## လေရှိုးမြို့နယ် ဆွမ္မရာမြို့၌ ပထမဆုံးအကြိမ် စာဖတ်ဝိုင်းပြုလုပ်

**ဆွမ္မရာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှိုးမြို့နယ် ဆွမ္မရာမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများ ပူးပေါင်း၍ ပထမဆုံးအကြိမ် စာဖတ်ဝိုင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။

ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်သူအချင်းချင်း ရင်းနှီးမှုရစေရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် စာဖတ်ဝိုင်း ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစံကျော်ဦးက ပြောကြားသည်။ စာဖတ်ဝိုင်းတွင် စာရေးဆရာ ချစ်ဦးညို၏ "တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့်ယဉ်ကျေးမှုမျက်နှာစာ" စာအုပ်ကို စာပေချစ်မြတ်နိုးသူများက ဖတ်ရှု၍ ရရှိသည့် သုတ၊ ရသ၊ အသိအမြင်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**စနေမောင်(ခန္တီး)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ရွာ စာကြည့်တိုက်များ ရေရှည်ခိုင်မာရေးအတွက် ကွင်းဆင်းဆွေးနွေးပွဲကို အမှတ်(၅) ရပ်ကွက်ရှိ သုတဘဏ်စာကြည့်တိုက်၌ ဒီဇင်ဘာ ၂ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်လှလှထွေးက စာကြည့်တိုက်များတွင် စာဖတ်သူများ၊ စာငှားသူများ၊ အသင်းဝင်များ တိုးပွားရေး၊ အလှူရှင်များ ဖိတ်ခေါ်၍ စာအုပ်အသစ်များ တိုးပွားရရှိအောင် ဆောင်ရွက်ရေးနှင့် ပရိဘောဂများ တိုးပွားရရှိရေး၊ စာကြည့်တိုက်များ စနစ်တကျဖြစ်စေရေး စသည်တို့နှင့် ပတ်သက်၍ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မယ်စဲ့မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်လှစ်

**မယ်စဲ့ ဒီဇင်ဘာ ၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း ဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လျက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းကို မယ်စဲ့မြို့နယ် မီးသတ်ဦးစီးဌာန၌ ဒီဇင်ဘာ ၂ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မယ်စဲ့မြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ပြီး လက်နက်မဲ့ စစ်ရေးပြပညာ၊ မီးသတ်ပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေး ပညာရပ်များကို သင်တန်းကာလ ရက်သတ္တပတ် လေးပတ်ကြာ စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ရန်ကုန်အနောက်ပိုင်းခရိုင်ကလေးစာပေပွဲတော် အကြိုရင်တွင်းစကားသံများ



ဦးမိုးဇော်စိုး (ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပမည့် ရန်ကုန်အနောက်ပိုင်းခရိုင် ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ အလုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အလုံ ၄ တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်ကို အလုံမြို့နယ်အတွင်း စည်စည်ကားကား ထူးထူးခြားခြား ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများ၊ ဆရာမကြီးများ ကျောင်းသားမိဘများ၊ ကျောင်းသားလေးများနှင့် တွေ့ဆုံ၍ အကြိုရင်တွင်းစကားသံများကို မျှဝေလိုက်ပါသည်။

**ဦးမိုးဇော်စိုး (ခရိုင်အုပ်ချုပ်ရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင်)**

ပြိုင်ပွဲအသီးသီးမှာ ပါဝင်ယှဉ်ပြိုင်ကြမယ့် အခြေခံပညာကျောင်းအသီးသီးက ကျောင်းသားများကို ဉာဏ်ရည် ထက်မြက်စေတဲ့အပြင် ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်လာနိုင်တဲ့ ပွဲတော်ဖြစ်တဲ့အတွက် ဒီပွဲတော်ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီသူများကို အထူးကျေးဇူးတင်ပါတယ်။

**ဒေါ်သီဂီမွန် (ခရိုင်ပညာရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင်)**

ကလေးများ အတွက်လည်း ဗဟုသုတရတဲ့ ကလေးစာပေပွဲတော်ဖြစ်တဲ့အပြင် ခရိုင်အတွင်းရှိ ကျောင်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရလို့ ကလေးတွေ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ရင်းနှီးလာမယ်။ ဆရာ မိဘ၊ ကျောင်းသား ကျောင်းသူတွေ လက်တွဲ ချစ်ခင်ရင်းနှီးစွာ ပျော်ရွှင်ဆင်နွှဲရတာဖြစ်တဲ့အတွက် ကျွန်မတို့ကျောင်းအနေနဲ့ ဂုဏ်ယူမိပါတယ်။

**ဒေါ်ခင်ကျော့ကျော့လှိုင် (ကျောင်းသားမိဘ)**

ဒီလိုပွဲမျိုးကို ကျောင်းအနေနဲ့ လုပ်ပေးတဲ့အတွက် မိဘတိုင်းက ဝမ်းသာနေကြပါတယ်။ စီစဉ်ပေးတဲ့သူတွေကို မိဘတွေရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။

**မောင်မင်းထက်ခန့် (သတ္တမတန်း ကျောင်းသား (Star Training Learning Centre) မရမ်းကုန်း**

သားတို့ ဒီကလေးစာပေပွဲတော်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ပွဲတော်မှာ ပြိုင်ပွဲတွေ၊ ကစားနည်းတွေမှာ သားသူငယ်ချင်းတွေနဲ့ စုပေါင်းပါဝင်ကစားခွင့်ရတဲ့အတွက် တစ်ဦးနဲ့ တစ်ဦး ချစ်ခင်ရင်းနှီးမှုတွေ ရလာမှာပါ။

တင်ဝင်းလေး (ကြည့်မြင်တိုင်)

ဓာတ်ပုံ– အောင်မြင့် (ပြန်/ဆက်)

# လေးမျက်နှာမြို့နယ် ကလေးစာပေပွဲတော်သို့ လာရောက်လေ့လာသူများဖြင့် စည်ကားနေ

**လေးမျက်နှာ ဒီဇင်ဘာ ၂**

ဟင်္သာတခရိုင် လေးမျက်နှာမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကလေးစာပေပွဲတော်ကို ဒီဇင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကျင်းပရာ ပထမနေ့တွင် ကလေးစာပေပွဲတော်၌ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို လာရောက်ဖတ်ရှုလေ့လာသူများနှင့် စာအုပ်၊ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ လာရောက်ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

စာအုပ်ဈေးရောင်းပွဲတွင် ကလေးဖတ် ကာတွန်း၊ ပုံပြင်၊ ဗုဒ္ဓဝင်၊ ရုပ်ပြ၊ ဉာဏ်စမ်းပဟေဠိ စာအုပ်များနှင့်အတူ လူကြီးဖတ် သုတစာပေ၊ ရသစာပေ၊ ရှားပါးစာပေများကို တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာဖြင့် ရရှိနိုင်ရန် စာအုပ်အရောင်းဆိုင်များက အထူးလျှော့ဈေးအစီအစဉ်များဖြင့် လာရောက် ရောင်းချပေးကြောင်း၊ မြို့နယ်အတွင်းရှိ စာပေဝါသနာရှင် လူကြီး၊ လူငယ်များနှင့်အတူ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက မိမိတို့ ကြိုက်နှစ်သက်ရာ စာအုပ်များကို ဖတ်ရှုလေ့လာ ဝယ်ယူနေကြ၍ အထူးစည်ကားနေခြင်းဖြစ်ကြောင်း သိရသည်။

ရွှေမိုး (ပြန်/ဆက်)



ခင်းကျင်းရောင်းချထားသော စာအုပ်များကို ရွေးချယ်ဝယ်ယူနေသူများ







အကောင်းဆုံးဆိုတာ တစ်ခုပဲရှိတယ်... အဲဒီအကောင်းဆုံးကို ရွေးချယ်တတ်ဖို့ပဲလိုတယ်
OYC ဆရာပိုင်(ပိုင်သချာ်) ၁၀-တန်း ၃လပြတ် နောက်ဆုံးတန်းခွဲ EXAM: SPECIAL
■ ဝိုင်း-၁ နေ့လည်(၂:၃၀)မှညနေ(၇:၀၀)နာရီ
■ ဝိုင်း-၂ နံနက်(၁၁)နာရီမှညနေ(၄)နာရီ
၁၂၆ ဆိပ်ကမ်းသာလမ်း (အောက်)၊ရန်ကုန်မြို့။
09-443105201
မြန်မာ ■ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ■ ဦးနေအုပ်(စိန်ပေါလ်)
ဦးအောင်သာ၊ဦးကျော်ကျော်မိုး
သချာ် ■ ဆရာပိုင်(ပိုင်သချာ်)
ရူပ ■ ဦးမြတ်မင်းနိုင်
ဓာတု ■ ဦးမြင့်ဝင်းကျော်
■ ဦးထင်ကျော်
ဇီဝ ■ Dr.Bio၊ Bio ကိုထီး
ဘောဂ ■ ဦးသက်ဝင်း၊ဦးသက်တင်ဝင်း
ဝိုင်း-၁၀၀၀၀၀ကျပ်၊ ရှယ်-၂၀၀၀၀၀ကျပ်၊ ဒီဇင်ဘာ(၅)ရက် စမယ်

## MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION
## IRRIGATION AND WATER UTILIZATION MANAGEMENT DEPARTMENT
## AGRICULTURAL DEVELOPMENT SUPPORT PROJECT(ADSP)

The Republic of the Union of Myanmar has received funds from the World Bank toward the cost of the ADSP Project andintends to apply part of the proceeds for consulting services.

The Project Management Unit nowinvites expression of interest from qualified candidates for the below positions . Interestedconsultants must provide their upadated curriculum vitae, indicating personal and technical skills, qualifications and experience insimilar assignments. In submitting their expressions of interest, consultants are kindly requested to indicate the positions they apply.

1. National Benchmark Advisor (SC#23)
2. Ntional Accountant Officer (SC#24)

The location of work will be the irrigation and Water Utilization Management Department, in Nay Pyi Taw, Myanmar.

Further information and a copy of the detailed Terms of Reference (TORs) can be obtained at the address below during working days from 10:00 to 15:00 hours.

Expressions of interest must bedelivered in a written from to the adress below (in person,by mail,by e-mail,or by Fax)not later than 13-12-2019,(15:00 PM)

Attn: U Tint Lwin, Director of Procurement
Irrigation and Water Utilization Management Department
Building No.43,Nay Pyi Taw
Telephone:+95-67-410316, Facsimile number:+95-67-410509
Electronic mail address:tlwin4.irr@gmail.com

### အမည်မှန်
ဦးမောင်သန်းဝင်း၏သား ပြင်ဦးလွင်မြို့ VEA ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်မြတ်ဘုန်းမြင့်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဟန်ချေသိန်း ဖြစ်ပါကြောင်း။
**မောင်ဟန်ချေသိန်း**

### ဖခင်အမည်မှန်
ပုသိမ်မြို့၊ အမက(၁၇၇) အလက(ခွဲ) (ထန်းကုန်းလေး) စတုတ္ထတန်း(B)မှ နော်နေပန်းချီလွင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်သန်း ၁၁/ကတန(နိုင်)၀၇၅၅၄၆ ဖြစ်ပါကြောင်း။
**ဦးမောင်မောင်သန်း**

### ပျောက်ဆုံးကြောင်း
မလှဲ့ရည်မြင့်(ဘ)ဦးမြင့်ဝင်း ၁၄/ပသန(ပြု)၀၀၀၁၇၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၅၂၀၂၅၉၀**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9L/3382 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် 095060452
ချောင်းသာ ↔ ရွှေသောင်ယံ ကွန်ကရစ်လမ်းမပေါ်၊ ကမ်းခြေမျက်နှာလှည့်၊ ကျောက်မောင်နှမအနီး၊ ပုံစံ ၁၀၅၊ ၁၁၅ပေ×၆၂ပေ၊ (၆၅၀)သိန်း

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ် (RA-V /ကွက်ပြင်-၅)၊ ဦးပိုင်အမှတ်(၁၉-ည)၊မြေယာအမှတ်(125-G)၊ မြေဧရိယာ ၀ဒသမ ၈၃ ဧကရှိ မြေကွက်အား အရောင်းအဝယ် စာချုပ်အမှတ်(၃၂၄ /၂၀၁၉)အရ ဦးဇော်ခင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေကွက်မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးဇော်ခင် ၉/မမန(နိုင်)၀၇၉၅၁ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၅)၊ အကွက်အမှတ်(RA -V / ကွက်ပြင်-၅)၊ ဦးပိုင်အမှတ်(၂၈/ခ-၂)၊ မြေယာအမှတ်(21/B -2)၊ မြေဧရိယာ ၀ဒသမ ၂၄ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်ဖုန်းလွင် ၉/မမန(နိုင်)၀၅၆၂၆၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင် ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### GWH M&E Engineering Co.,Ltd တွင်
### တာဝန်ထမ်းဆောင်ရန်
### ရေ/မီးကျွမ်းကျင်ဝန်ထမ်းများ အလိုရှိပါသည်။
### နယ်မှလျှောက်ထားလိုသူများ ဦးစားပေးမည်။
အမှတ် ၁၁၀၆၊ ပုလဲကွန်ဒို၊ တိုက် C ၊ ၁၁လွှာ၊ ဗဟန်းမြို့နယ်တွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၅နာရီခွဲအတွင်း ကိုယ်ရေးအချက်အလက် အပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
**Ph: 09-797389292**

### အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၈)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြတ်လေးပန်းခြံ၊ အမှတ် (၃၀၄/ခ)နေ ဒေါ်သက်ဝေလွင်(ဘ)ဦးညွန့်တင် ၆/သရခ(နိုင်)၀၇၂၁၂၃ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၈)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြတ်လေးပန်းခြံ၊ အမှတ်(၃၀၄/ခ)တွင် အလျား (၆၀)ပေ၊ အနံ (၂၀)ပေရှိ မြေနှင့်ယင်းမြေပေါ်တည်ရှိသော တိုက်ခံ၊ သွပ်မိုး နေအိမ်တို့ကို ဒေါ်သက်ဝေလွင်၏ ခင်ပွန်းဖြစ်သူ မောင်ကျော်လွင်(ခ)မောင်ဦး ကွယ်လွန်ပြီးနောက်ပိုင်း ဒေါ်သက်ဝေလွင်ကသာ အရွယ်မရောက်သေးသော သမီးနှစ်ဦးနှင့်အတူ အမွေဆက်ခံပိုင်ဆိုင်၍ စီမံပိုင်ခွင့် ရှိကြောင်းနှင့် အထက်ပါဥပစာတွင် ဒေါ်သက်ဝေလွင်၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ ဝင်ရောက်နေထိုင်ခြင်းများ မပြုလုပ်ပါရန်နှင့် ယင်းသို့ခွင့်ပြုချက်မရဘဲ နေထိုင်မည်ဆိုပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သက်ဝေလွင်(ဘ) ဦးညွန့်တင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိအိမိုး** | **ဒေါ်စန္ဒာချို** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၀၉၇)** | **(စဉ်-၁၂၅၂၆)** |
| **၀၉-၂၅၄၈၂၆၄၇၆** | **၀၉-၄၀၁၅၂၇၈၅၈** |

**ဒေါ်အေးစန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၇၄)**

### PPSC/MPPE အသင်း
## တတိယအကြိမ် အာစရိယ ပူဇော်ပွဲဖိတ်ကြားခြင်း
အသင်း၏ တတိယအကြိမ်မြောက် အာစရိယ ပူဇော်ပွဲနှင့် ဝန်ထမ်းများ ပြန်လည်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ လက်ရှိဝန်ထမ်း/အငြိမ်းစားများနှင့် ယခင်လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများအားလုံး မည်သူမဆို ပါဝင်တက်ရောက်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်
**အချိန်** - နံနက် ၁၀နာရီ
**နေရာ** - ဓနိတော အစည်းအဝေးခန်းမ၊ သံလျက်စွန်း

**ကျင်းပရေးကော်မတီ**

ဆက်သွယ်ရန်-ဖုန်း-၀၉-၅၀၀၉၀၄၃၊ ၀၉-၇၉၆၁၆၁၈၄၆၊ ၀၉-၅၁၅၀၉၁၂၊ ၀၉-၅၀၁၆၂၆၃၊ ၀၉-၅၁၁၃၄၈၁

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) Central Control Room တည်ဆောက်ခြင်း
(ခ) GPS Tracking System တည်ဆောက်ခြင်း
(ဂ) ArcGIS Software အဆင့်မြှင့်တင်ခြင်း
(ဃ) ArcGIS Online Software ဖြင့် မြေပြင်အချက်အလက် ကောက်ခံခြင်းနှင့် Database တည်ဆောက်ခြင်း

၂။ **အိတ်ဖွင့်တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်** - ၂-၁၂-၂၀၁၉ရက်
**အိတ်ဖွင့်တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂-၁-၂၀၂၀ရက် (၁၆:၃၀)နာရီ
**အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည့်နေရာ** - ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးဌာနခွဲ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများအား www.nptdc.gov.mmတွင်Download ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးဌာနခွဲ/ Urban Planning and GIS Team ဖုန်း-၀၆၇-၃၄၃၂၃၄၁၊ ၀၆၇-၃၄၃၂၂၉၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၄)(မော်လမြိုင်)
### Open Tender ခေါ်ယူခြင်း
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန အပ်ငွေဖြင့် တံတားအထူးအဖွဲ့(၁၄)၊ မော်လမြိုင်မှ တာဝန်ယူဆောင်ရွက်မည့် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ချောင်းတောင်ကျေးရွာနှင့် အမှတ်(၇) ရပ်ကွက်သို့ ဆက်သွယ်ထားသော ချောင်းတောင်တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းနှင့် စက်ယာဉ်ယန္တရား ငှားရမ်းခြင်း တို့ကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၂-၁၂-၂၀၁၉ ရက်မှစ၍ ရုံးချိန်အတွင်း တံတားအထူးအဖွဲ့ (၁၄)ရုံး ၊ မော်လမြိုင်တွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တံတားအထူးအဖွဲ့(၁၄)** - ဖုန်း- ၀၉-၄၅၂၉၀၄၅၅၉
၀၉- ၇၉၂၄၁၄၂၄
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၁၂-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်/ အချိန်** - ၂၃-၁၂-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါကော်မတီ**
**တံတားအထူးအဖွဲ့(၁၄)၊မော်လမြိုင်**

### မိဘအမည်မှန်
သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက သတ္တမတန်း(ခ)မှ မသွန်းမိုးစံ၊ နဝမတန်း(င)မှ မောင်ညီမြင်းခန့်တို့၏ မိဘအမည်မှန်မှာ ဦးခင်မောင်ဦး ၇/မလန(နိုင်)၀၇၅၉၆၄ - ဒေါ်ယဉ်ယဉ်စိုး ၇/သဝတ(ပြု)၀၀၀၁၁၅ဖြစ်ပါကြောင်း။
**ဦးခင်မောင်ဦး-ဒေါ်ယဉ်ယဉ်စိုး**

### ဖခင်အမည်မှန်
သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက အဋ္ဌမတန်းမှ မအိရွှေစင်ဖုန်းနိုင်၊ ပဉ္စမတန်း(Grade-6 )မှ မအိသဉ္ဇာဖုန်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၁၄/ဟသတ(နိုင်)၃၆၃၆၀၈ ဖြစ်ပါကြောင်း။
**ဦးကျော်နိုင်**

### ဖခင်အမည်မှန်
သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အထက ဒုတိယတန်းမှ မောင်ပြည့်ဖြိုးမောင်၏ ဖခင်အမည်မှန်မှာ ဦးရင်ထွေး ၇/သဝတ(နိုင်)၀၄၆၄၁၄ ဖြစ်ပါကြောင်း။
**ဦးရင်ထွေး**

### အမည်မှန်
သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အနောက်ရိုးကြီးရပ်ကွက်နေ (ဘ) ဦးဖိုးဆား၏သား မောင်ဟန်မြင့်စိန်၏ အမည်မှန်မှာ မောင်ဟံမြင့်စိန် ၇/သဝတ(နိုင်)၁၀၉၃၉၅ ဖြစ်ပါကြောင်း။
**မောင်ဟံမြင့်စိန်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်တွင် သောက်ရေသန့်ထုတ်လုပ်ရောင်းချမည့်သောက်ရေသန့် လုပ်ငန်း၏ အမည်ကို "ယောနဒီ" အမည်ဖြင့် အသုံးပြုထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါအမည်ဖြင့် ထုတ်လုပ်ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အထက်ပါအမည်ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်သွင်း၍ သောက်ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**ဒေါ်ရီရွှေးကြည် ၈/ဆဖန(နိုင်) ၀၀၂၆၃၈**
**ဖုန်း-၀၉-၄၀၀၅၀၀၈၉၀၊ ၀၉-၇၉၅၈၃၁၉၁၂**

### ပန်းတနော် အထက(၁)မြတ်ဆရာပူဇော်ပွဲကျင်းပမည်
ပန်းတနော်မြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ (၁၆) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မြတ်ပညာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ/ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းရန်-

| | | |
|---|---|---|
| (၁) | ဆရာကြီး ဦးသိန်းရွှေ(ရန်ကုန်) | ဖုန်း-၀၁-၅၁၈၁၅၀ |
| (၂) | ဒေါက်တာ အောင်ဇော်မြင့်(ရန်ကုန်) | ဖုန်း-၀၉-၅၀၀၁၂၄၁ |
| (၃) | ဦးအောင်ထွန်း(အောင်သပြေ)ရန်ကုန် | ဖုန်း-၀၁-၂၅၃၅၄၉ |
| (၄) | ဒေါ်ငွေရွှေး(ကျောင်းအုပ်ကြီး) | ဖုန်း-၀၄၆ ၃၀၃၈၁ |
| (၅) | ဦးခင်မောင်ဇော်(ပန်းတနော်) | ဖုန်း-၀၉-၇၇၇၁၉၁၀၂၀ |
| (၆) | ဦးဇော်လင်း(ဥက္ကဋ္ဌ) ပန်းတနော် | ဖုန်း-၀၉-၂၅၀၃၁၄၇၄၁ |
| (၇) | ဒေါ်ငြိမ်းငြိမ်းအေး (အတွင်းရေးမှူး)ပန်းတနော် | ဖုန်း-၀၉- ၂၅၀၅၉၃၈၅၅ |
| (၈) | ဦးတင့်လွင်(ပန်းတနော်) | ဖုန်း-၀၉- ၈၅၈၆၃၄၆ |

**ပူဇော်ပွဲကျင်းပရေးကော်မတီ**
**ပန်းတနော်မြို့**

### ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
### စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန
### ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ် ပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ လမ်းမီးထွန်းညှိခြင်းလုပ်ငန်းများ၊ မြေယာရှုခင်းပြုလုပ်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါ ရန် ဖိတ်ခေါ်အပ်ပါသည်-
(က)**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၉-၁၁-၂၀၁၉ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက်** - ၂၈-၁၂-၂၀၁၉ရက် ညနေ (၁၆:၃၀)ထိ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ဖုန်း (၀၈၃-၂၂၂၀၂၆၊ ၀၈၃-၂၂၁၆၈၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရောင်းချရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ရန်ကုန်တိုင်းဒေသကြီးအစိုးရ
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
